www.burmeseclassic.com

ဝိုး မိုး ၈၇ ၄ ပ


# အကြည်တော်

ကျွန်တော့်ဂီတလေးမှ
[illegible]
ကိုချစ်ပါသည်...



www.burmeseclassic.com

www.burmeseclassic.com





စိုးမိုး
စာ အု ပ် တို က်
အမှတ်(၁၁၃)၊ ၁၀၈-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၂၀၉၉၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

19 DEC 201

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| အုပ်ဒိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း။<br>အလုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်
ကျွန်တော့်ဘဝလေးမှ လှိုက်လှဲစွာကြိုဆိုပါသည်/အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၃၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ကျွန်တော့်ဘဝလေးမှ လှိုက်လှဲစွာကြိုဆိုပါသည်


BURMESE CLASSIC .com

ခင်ဗျားတို့ရှေ့ ခွက်ကလေးတစ်လုံး ချပေးပြီး

“ကိုင်း တောင်းစမ်း”

ဆိုရင် ခင်ဗျားတောင်းရဲလား။

ပြောတဲ့လူရဲ့ရင်ဝ ဖနောင့်နဲ့ ထပေါက်မှာပေါ့။

“မင်း ငါ့ကို ဘယ်အစားထဲက မှတ်လဲ”

ဆိုပြီး။

အမှန်တော့ ဒီကိစ္စတွေက ဝါသနာပါစရာမလိုဘူး။ ရံဖန်ရံခါ သူ့အလိုလိုဖြစ်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါတော့ဗျာ။ ကျုပ်ရုပ်ကျုပ်ရည်နဲ့ ကျုပ်ရဲ့စာရေးဆရာဆိုတဲ့ ဂုဏ်ဖြပ်နဲ့ တောင်းစားဖူးတယ်ဆိုရင် ခင်ဗျားတို့ယုံမလား။

အမှန်တော့ ဒီကိစ္စတွေက ဝါသနာပါစရာမလိုဘူး။

ကျွန်တော်က (၈၆)ခုနှစ်ကစပြီး အိမ်ကထွက်ပြေးပါတယ်။ (၈၈)အရေးအခင်းဖြစ်တော့ အိမ်ပြေးဘဝနဲ့ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းကတစ်ဆင့် ရန်ကုန်ကိုရောက်ခဲ့ပါတယ်။

အရေးအခင်းဖြစ်တဲ့ကာလ၊ ကျွန်တော်ကလည်း အိမ်ကပျောက်သွားတာ (၂)နှစ်တိတိကြာပြီးကာလဆိုတော့ ကျွန်တော့်ကိုချစ်တဲ့မိဘများက လိုက်မရှာတော့ပါဘူး။ သေစာရင်းပဲ သွင်းလိုက်ပါတယ်။

"မောင်ကြည်ဆိုတဲ့ကောင်လေး သေရှာပြီပေါ့"

ကာလကလည်းပျက်။ လူကလည်း ကလေးသာသာရှိသေးတော့ အရေးအခင်းကာလမှာ ဝေလေလေလျှောက်လုပ်ရင်း ဒေါပုံအမှိုက်ပုံဘေးမှာ တဲထိုးထားတဲ့ သူတောင်းစားတဲမှာတောင် မှီခိုခဲ့ဖူးပါတယ်။

သူတောင်းစားဆိုပေမယ့် အထင်မသေးနဲ့၊ လူကောင်းတွေ ခင်ဗျ၊ တောင်းစရာရှိမှ ပတ်တီးတွေပတ်၊ ကလေးတွေငှားပြီး

"သနားကြပါခင်ဗျာ"

လုပ်တာ။ အိမ်မှာတော့ အဲဒီကတည်းက Black&White တီဗီကြီးကို ကာလာဖြစ်အောင် ပန်းရောင်စတေကာကပ်ပြီးကြည့်တာ။

အိမ်ကသာ ကျူးကျော်။ လူနေမှုက အဆင့်မြင့်သလား မမေးနဲ့။ ဆီပြန်မဟုတ်ရင် မစားဘူး။

ဆိုတဲ့သီချင်းကိုက 'သူဌေးဝါဒ'ဆိုတဲ့ သီချင်းမှရွေးဆိုတာ။

ဆိုလိုတာကဗျာ။ 'အလုပ်သဘော သူတောင်းစား'တွေပေါ့။



(ဂ)တန်းလည်း သုံးခါကျပြီး ကျောင်းနေဖို့ ကျတော့လည်း အသက်က ဖင်ခွေနေပြီမို့



'အလုပ်ဖြစ် သူတောင်းစား'ဆိုလည်း ရပါ့။ ပရော်ဖက်ရှင်နယ်တွေပေါ့ဗျာ။

အဲဒီမှာ နှစ်ရက်သုံးရက်လောက်မှီခိုပြီး သူတို့မကျွေးနိုင်တော့လို့ ကန်ထုတ်လိုက်မှ ပြန်ထွက်လာတာ။

ကျွန်တော်ဆိုလိုတာကဗျာ။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးလည်း မဟုတ်ပါဘူး။ ကျွန်တော်လည်း သူတို့နဲ့နေ သူတို့လုပ်ပေါက်ကိုင်ပေါက်ကိုလည်းသိ၊ ငွေရချောင်မှန်းလည်း သိနေတာပဲ။ ကိုယ်လည်း တောင်းစားချင် တောင်းစားလို့ ရတာပဲ။ ဒါပေမယ့် ဝါသနာမပါတာ။ ဘာလို့လုပ်ရမှာလဲ။

ဒါပေမယ့် ဒီအလုပ်တွေက ဝါသနာပါစရာ မလိုဘူး။ တစ်ခါတစ်ရံ သူ့အလိုလိုဖြစ်တတ်တာ။

ကဲ. . ထားဦး။

အရေးအခင်းပြီးတော့ အိမ်ပြန်ရောက်။ (၈)တန်းလည်း သုံးခါကျပြီး ကျောင်းနေဖို့ကျတော့လည်း အသက်က ဖင်ခွေနေပြီမို့ ဝန်ထမ်းဝင်လုပ်တယ်။ ကျောင်းနေ



www.burmeseclassic.com

ဖို့သာ အသက်ကြီးသွားတာ။ ဝန်ထမ်းဝင်လုပ်ဖို့ကျလည်း ငယ်မြန်ရော၊ ဒါနဲ့ အသက်လိမ်ပြီး(ကြီးပြီး) ဝန်ထမ်းလုပ်ခဲ့တယ်။

ဝန်ထမ်းဆိုတာကလည်း သိတဲ့အတိုင်းပါပဲဗျာ။ အခုလို လစာတွေတိုးပြီး အများကြီးရတဲ့ခေတ်မှ မဟုတ်တာ။ ဒီလိုပဲ တောင်းရမ်းစားသောက်ပြီး ကိုယ့်ဘဝလေး၊ ကိုယ့်မိသားစုလေး ပြေလည်အောင် ဖြေရှင်းနေရတာပဲ။ အဲလိုမှ မလုပ်ရင် ငတ်သေတဲ့ဝန်ထမ်းနည်းမှာမဟုတ်ဘူး။ (အဲဒီခေတ်ကို ပြောတာနော်)

ဒါပေမယ့် ကျွန်တော်က ရှက်တယ်ဗျ။ အဲဒါမျိုး ဘယ်တုန်းကမှ မလုပ်ဘူး။ ပိုက်ဆံရတဲ့နေရာကို အလှည့်ကျရင် နေရာရောင်းစားလိုက်တယ်ဗျ။ ဘယ်တော့မှမသွားဘူး။ ဒါ တောင်းတာမဟုတ်ဘူးနော်။ ရောင်းတာ။

ကြာတော့လည်း အဲဒီဘဝကြီးကို ငြီးငွေ့လာတယ်။ တစ်နေ့လာလည်း ဝတ်စုံဝတ်၊ အလုပ်သွား၊ အလုပ်ပြန်၊ ဒါပဲ။ ဘာမှလည်း မဟုတ်ဘူး။

ဒါနဲ့ပဲ ဝန်ထမ်းဘဝ(၇)နှစ်မှာ အလုပ်ကထွက်လိုက်တယ်။

အဆင်မပြေလို့ မဟုတ်ဘူးနော်။ မလုပ်ကို မလုပ်ချင်တော့လို့။

ဒါပေမယ့် ဒီအလုပ်က ဝါသနာပါစရာမလိုဘူး။ သူ့အလိုလိုလည်း ဖြစ်တတ်တယ်။

အဲဒီကမှ ဆောက်လုပ်ရေးထဲ ဝင်လုပ်ပြန်တယ်။

ဆောက်လုပ်ရေးမှာက ကျွန်တော့်အရည်အချင်းနဲ့ဆို အကြမ်းပဲရတာပေါ့။ ဆိုပါတော့ဗျာ။ ခုနက ဝန်ထမ်းဘဝမှာ ယူနီဖောင်းလေးဝတ်ပြီး ကျော့ကျော့မော့မော့နေရတာ။ ဘာဖြစ်လို့ အလုပ်ပြောင်းပြီး အလုပ်ကြမ်းလုပ်မှာလဲ။

ကျွန်တော်ပြောပြီးသား၊ တောင်းရမ်းရတဲ့ကိစ္စ မလုပ်ကို





မလုပ်ချင်တာ။ ဒါကြောင့် အဲဒီ အလုပ်မလုပ်ဘဲ အလုပ်ကြမ်းပဲ ဝင်လုပ်နေတာ။

ကျွန်တော်ကိုယ်တိုင်ကပဲ ရိုးသားလားတော့ မသိပါဘူးဗျာ။ ဆောက်လုပ်ရေးမှာ အကြမ်းသမားဘဝနဲ့ လူကြီးကကြိုက်ပြီး ရာထူးတက်ကာ စာရေးဘဝရပြန်ရော။

စာရေးကမှ ကျောက်တွေ သဲတွေ သစ်တွေကို စစ်ရတဲ့ စာရေးဗျ။ အားလုံးသိတဲ့အတိုင်း အစိုးရအလုပ်မှာ အုတ်၊ သဲ၊ ကျောက်၊ သစ်၊ ဆီဆိုတာ (၂၀)ရာခိုင်နှုန်း အလေအလွင့်ပေးတယ်။

ကုန်ပစ္စည်းတွေ လာချတိုင်း (၂၀)ရာခိုင်နှုန်းက အလေအလွင့်ထဲမှာ ပါပြီ။ (ဒါကြောင့် ဆောက်လုပ်ရေးကလူတွေ ချမ်းသာတာ)

ဒီလိုဗျ။

ကုန်ပစ္စည်းချတဲ့သူတွေက ညှိတယ်။ အဲဒီအလေအလွင့် (၂၀)ရာခိုင်နှုန်းကို သူတို့သယ်မလာတော့ဘူး။ လျှော့ပေး။ အဲဒီအတွက် ငွေကို ညှိမယ်ပေါ့ဗျာ။

လူရှေ့လူရှေ့
မတ်တတ်ရပ်ရတာကို
ဝါသနာမပါဘူး။ အဲဒါတွေ
ဝါသနာမပါလို့
နောက်ကွယ်ကနေရတဲ့
စာရေးဆရာလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်(၁၀)ကျင်းကိုဆိုရင် (၂)ကျင်းလျှော့နဲ့၊ သူတို့က ကျင်း(၅၀)ဆို ကျွန်တော့်ဆီက အလျှော့တွေနဲ့ဆို (၁၀)ကျင်း ပြန်တက်လာမှာပေါ့။ ကျင်း(၅၀)သွင်းရုံနဲ့ ကျင်း(၆၀)ဖြစ်မှာလေ။

(လိမ်နည်းပေါင်းစုံ ကျွန်တော့်ကိုလာမေး ကျွန်တော်အကုန်သိတယ်)

ဒါကြောင့် ကျွန်တော့်ကိုလာညှိတယ်။ ကျွန်တော်မလုပ်ဘူးဗျ။ တကယ်ပြောတာပါ။ ဘာလို့လဲဆိုတော့ သူတို့ဆီက တောင်းရမှာမို့လို့။

အင်မတန်ကောင်းတဲ့နေရာပါပဲ။ ဘယ်သူမဆို ငွေရချောင်တဲ့နေရာကို နေချင်ကြမှာပဲ။ ဒါပေမယ့် ကျွန်တော် မနေနိုင်ဘူး။

ပြဿနာ တစ်စုံတစ်ရာ ဘာမှမရှိဘဲ ကျွန်တော်အလုပ်ထွက်ခဲ့ပြန်တယ်။

ကျွန်တော်က ပိုက်ဆံရမယ်ဆိုတိုင်း လုပ်ချင်တာမဟုတ်ဘူး။ ဒီလောက်ကောင်းတဲ့ နေရာတွေဗျာ။ တော်ရုံလူဆို ဘယ်ခွာပါ့မလဲ။ ကုတ်နဲ့ကော်ထုတ်ရင်တောင် ထွက်ချင်ကြမှာ မဟုတ်ဘူး။

အဲဒီအလုပ်ကထွက်ပြီး အတွေ့အကြုံတွေစုံမှ ရန်ကုန်တက်လာပြီး စာရေးဆရာလာလုပ်တာ။

စာရေးဆရာဆိုတာကလည်းဗျာ၊ စလုပ်တာနဲ့ ဘယ်အဆင်ပြေပါ့မလဲ။ (အခုတော့ မဟုတ်ပါဘူး)ကိုယ့်စာမူလေးပါမှ စာမူခလေး အနည်းအကျဉ်းရတာ၊ ချို့ငဲ့လိုက်တာလည်း ပြောမနေနဲ့တော့၊ နေစရာမရှိလို့ အစ်မဝမ်းကွဲတစ်ယောက်ခြံမှာ ခြံစောင့်လုပ်ပြီး နေရတာ။ စားစရာမရှိလို့ ငတ်နေခဲ့တဲ့ နေ့တွေကလည်း မနည်းဘူး။ ကားခမရှိလို့ လမ်းလျှောက်ရတဲ့ရက်တွေကလည်း အရှည်အရှည်တွေ။

ဒါပေမယ့် ဒီဘဝကို ကျွန်တော်သဘောကျသွားတယ်။ ဒီအလုပ်က ငွေတောင်းစရာ မလိုဘူးဗျ။ သူတို့ကပေးတာ။ ပေးတာ





တောင် ရှိရှိသေသေနဲ့။

"စာမူခလေး ပေးတာပါဆရာ"

ကဲ ဘယ်လောက်ကောင်းလဲ။ ကိုယ်က တောင်းစရာကို မလိုဘူး။ သူတို့ကကိုပေးတာ။

ဒီလိုနဲ့ဗျာ။ ဒီဘဝမှာ စီးမျောလာလိုက်တာ 'အကြည်တော်' ဆိုတာကြီး ဖြစ်လာသည်အထိပေါ့။

အဲ. . အဲဒီမှာမှ 'အကြည်တော်'ဆိုတာကြီး ခွက်တစ်လုံးဆွဲပြီး တောင်းဖူးတယ်ဆိုရင် ခင်ဗျားတို့ယုံမှာလား။

ယုံလိုက်ပါ။ တကယ်ကို အကြည်တော်ခွက်ဆွဲပြီး တောင်းဖူးပါတယ်။

အမှန်တော့ ဒီအလုပ်တွေက ဝါသနာပါစရာ မလိုပါဘူး။ ကံပါလာရင် ဖြစ်ချိန်တန်ရင် ဖြစ်လာရတော့တာပါပဲ။

ဥပမာဗျာ။

ကျွန်တော်က စာရေးတာ ဝါသနာပါတယ်။ စာပေဟောပြောပွဲသွားတာ ဝါသနာမပါဘူး။ လူရှေ့သူရှေ့ မတ်တတ်ရပ်ရတာကို ဝါသနာမပါဘူး၊ အဲဒါတွေ ဝါသနာမပါလို့ နောက်ကွယ်ကနေရတဲ့ စာရေးဆရာလုပ်နေတာ။

ဒါပေမယ့်ဗျာ။ ဝါသနာမပါပေမယ့်လည်း စာချစ်သူများ ဖိတ်ကြားတဲ့အခါ စာပေဟောပြောပွဲလည်း လိုက်နေရတာပါပဲ။

ဝါသနာမပါပေမယ့် သူ့အလိုလို ဖြစ်လာတာပေါ့ဗျာ။

ဒီလိုပါပဲ။ ဝါသနာမပါဘဲ ဖြစ်ချိန်တန်လို့ဖြစ်လာတဲ့ကိစ္စတွေလည်း ရှိပါတယ်။

တစ်ခါက ပြည်ပ,ဒေသတစ်ခုက ဟောပြောပွဲ ဖိတ်ပါတယ်။ သူတို့အနေနဲ့က ပွဲကြီးပေါ့။ နေရတာကို တစ်ပတ်ဆယ်ရက်လောက် နေရပါတယ်။ နေရာတွေ နှစ်နေရာ သုံးနေရာ ခွဲပြောနေတာတို့

www.burmeseclassic.com



အဲဒီမှာ ဘာဖြစ်လဲဆိုတော့ တစ်နေရာရောက်တော့ အစီအစဉ်ထဲမပါတဲ့ ဘုန်းတော်ကြီးကျောင်းတစ်ခုက ကြားဖြတ်ဖိတ်ပါတယ်။

အစီအစဉ်ထဲမပါဘဲ ကြားဖြတ်ဖိတ်ကြားခံရရင် အင်မတန်အုကြောင်ကြောင်နိုင်လှပါတယ်။

ဘာဖြစ်တတ်လဲ ဆိုတော့ ဟောပြောပွဲကို နားမထောင်တတ်သေးတဲ့သူတွေ၊ ဟောပြောပွဲကို မိန့်ခွန်းပြောသလို ထင်နေတဲ့သူတွေလာရောက်နားထောင်တတ်လို့ပါပဲ။

ဟောပြောပွဲကို နားထောင် လေ့မရှိတဲ့အခါ အချင်းချင်းလည်း စကားတွေပြော၊ ကွာစေ့တွေစားနဲ့ ပြောရတဲ့သူ အင်မတန် ကသိကအောက်နိုင်လှပါတယ်။

ဟောပြောပွဲဆိုတာကလည်း သိတော်မူကြတဲ့အတိုင်း အတီးမပါ အဆိုမပါကို မင်းသားမဟုတ်တဲ့သူက ဒီအတိုင်း ပြောင်ကြီးပြောနေရတာမျိုးပါ။ အင်မတန် အပြောကောင်းမှ ဆွဲဆောင်နိုင် တာမျိုးပါ။ တော်ရုံတန်ရုံ မပြောတတ်လျှင် နားမထောင်တတ်သူရှေ့ သေပြီသာမှတ်။

အခု ကျွန်တော်ပြောရတဲ့ ဘုန်းကြီးကျောင်းကတော့ တော်ပါသေးတယ်။ အားလုံးဂရုတစိုက်နဲ့ နားထောင်ပေးကြပါတယ်။ ကမန်းကတန်း စီစဉ်ရတဲ့ပွဲမို့ လူက သိပ်မများပါဘူး။ နိုင်ငံခြားရောက် ဒုက္ခသည်တိုင်းရင်းသားတွေကို ကယ်တင်ထားတဲ့ ဘုန်းကြီးကျောင်းမို့ အားလုံးရှိုးရိုးကျိုးကျိုးပါပဲ။

ကျွန်တော့်ဟောပြောပွဲကလည်း တစ်နာရီလောက်ပဲ ကြာပါတယ်။

ကျွန်တော်ပြောပြီးတော့ ဆရာတော်က ထလာပါတယ်။ ပြီးတော့ မိုက်ခွက်ကနေ





"အေး ဆရာပြောသွားတာတွေ နားထောင်ရပြီမဟုတ်လား"

"တင်ပ့ါဘုရား"

လူတွေအားလုံး လက်အုပ်ချီကြတယ်။

"အေး ဒါကြောင့် မှတ်သင့်တာတွေလည်း မှတ်ကြပေါ့"

"တင်ပ့ါဘုရား"

"အေး ဒီမှာကလည်း ဒုက္ခသည်တွေ ကယ်တင်ထားတော့ ဆရာ့ကို ပေးစရာလက်ဆောင်တော့ ထွေထွေထူးထူးမရှိဘူး၊ ဟဲ့ ကျောင်းသားတစ်ယောက်လာစမ်း တင်မြင့်လာ"

"တင်ပ့ါဘုရား"

ကျောင်းသားတစ်ယောက် ထွက်လာတယ်။ ဆရာတော်က အခန်းထောင့်ကို လက်ညှိုးညွှန်ရင်း

"ဟိုးကငွေဖလား သွားယူစမ်း"

ကျွန်တော်လည်း ဆရာတော် ဘာလုပ်မှန်းမသိလို့ ဒီအတိုင်းကြောင်ကြည့်နေလိုက်တယ်။ ဖလားရောက်လာပြီ။ ဆရာတော်က ဆောင့်ကြောင့်ထိုင်နေသော ကျွန်တော့်ကို လက်ညှိုးညွှန်ရင်း

"ဆရာ့ကိုပေးလိုက်"

"ဗျာ"

ဖလားက ကျွန်တော့်လက်ထဲရောက်လာတယ်။ ကျွန်တော်လည်းကြောင်ပြီး ဖလားကို ကိုင်ထားမိတယ်။ ဒီတော့မှ ဆရာတော်က

"အေး. . လာဟောရတဲ့ဆရာလည်း အဆင်ပြေသွားအောင် ဆရာကိုင်ထားတဲ့ဖလားထဲ နိုင်သလောက်ထည့်ကြကွဲ့"

"ဗျာ"

ခေါင်းနားပန်းပါ ကြီးသွားရတယ်။ သွားပြီ။ ကျွန်တော့်ဘဝတို့ ကျွန်တော်သိသွားပြီ။

ပထမဆုံး သူတို့နိုင်ငံ ငွေတစ်ဆယ်တန်တစ်ရွက် ခွက်ထဲကျ



www.burmeseclassic.com

လာတယ်၊ ဒီတော့မှ ကျွန်တော်လန့်ပြီး

"ဟင်. . ဟင် ဒီလိုတော့ မဟုတ်သေးဘူးလေ"

ဆိုပြီး ဖလားကို ခပ်ဝေးဝေးချလိုက်မိတယ်။ ဒါကို ဆရာတော်က

"ဖလားပြန်ယူထားပါလား အကြည်တော်"

"ဘာလို့လဲဟင်"

"ဒါမှလူတွေက ဒကာ့မျက်နှာမြင်ပြီး သနားမှာ၊ သူတို့သနားမှ ဒကာ ငွေပိုရမှာ၊ ဖလားပြန်ယူထားပါ"

ဩော် ကိုယ့်မှာ သူများနိုင်ငံကြီးမှာ သူတို့ပြောတဲ့အတိုင်း မလုပ်ရင်လည်း ဘယ်ထွက်ပြေးရမှန်းကိုမသိ။ ဒါ ကြောင့် ဆရာတော် ပြောတဲ့အတိုင်း ဖလားလေး ရှေ့ပြန်ချပြီး ပိုက်ထားလိုက်ရတယ်။

တကယ်ပဲ သနားကြလား မသိပါဘူး။ ငါးကျပ်တန် တစ်ဆယ်တန်တွေ တဖွဲဖွဲ။

ကိုယ့်ကိုကိုယ်လည်း ကျေကျေနပ်နပ်ကြီး ရွှေရွှတ်မိတယ်။

"သူတောင်းစား"

ကျွန်တော့်မှာ ငယ်စဉ် အိမ်ကထွက်ပြေးကတည်းက ဖြစ်ရမယ့်ကိစ္စ အခုမှလာဖြစ်ရတယ်။

ဒါကြောင့် ကျွန်တော်ပြောတာ။ ဒီကိစ္စတွေက ဝါသနာပါစရာ မလိုဘူး။ ကံပါရင် သူ့ဘာသာသူ အလိုလိုကို ဖြစ်လာတာပါဆို။

× × ×



ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်ဟာ ကျောင်းနေစဉ် အရွယ်ကတည်းက အိမ်ပြေးတစ်ယောက် ဖြစ်ခဲ့ပါတယ်။

အိမ်ပြေးဖြစ်ရခြင်း အကြောင်းအရင်းက မိဘမကျေနပ်လို့လဲ မဟုတ်ပါဘူး။ အိမ်မှာနေရတာ အဆင်မပြေလို့လဲ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်နဲ့ မသင့်မြတ်လို့လဲ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ်စိတ်လေပြီး အိမ်ကပြေးတာပါ။

ဘာကြောင့်ရယ်တော့ မသိပါဘူး။ အဲဒီအချိန်က ကျွန်တော်တို့အရွယ်တွေထဲမှာ အိမ်ပြေးအတော်များပါတယ်။ ဆိုပါတော့ အိမ်ကပြေးတာ ခေတ်စားနေတာပေါ့။

အဲဒီခေတ်စားနေတဲ့အိမ်ပြေးထဲမှာ ကျွန်တော်လဲတစ်ယောက်ပါပါတယ်။ ကျွန်တော်တို့အိမ်မှာတင် ညီအစ်ကိုအတော်များများ အိမ်မပြေးဘူးသူ အတော်ရှားပါတယ်။

ဘာအကြောင်းပြချက်မှမရှိဘဲ အိမ်မှာမနေချင်ဘူးဆိုတဲ့စိတ်နဲ့ အိမ်ပြေးကြတာပါ။ အဲဒီ

အထဲမှာ ထူးထူးခြားခြား ကျွန်တော်တစ်ယောက်က အိမ်ပြေးဘဝက (၂)နှစ်နီးပါး ကြာလာခဲ့ပါတယ်။

ထွက်ပြေးတုန်းကတော့ မွန်ပြည်နယ် ဘီလူးကျွန်းဆိုတဲ့ ကျွန်းသေးသေးလေးကနေ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းထိကို ပြေးတာပါ။

ရခိုင်ပြည်နယ်ဆိုတာ မြန်မာပြည်မြေပုံထဲမှာသာတွေ့ဖူးပြီး ဘယ်တဘယ်လိုသွားရမှန်းလဲ မသိပါဘူး။

စမ်းတဝါးဝါးပါပဲ။ မော်လမြိုင်ကနေ မုတ္တမဘူတာရုံသွားတယ်။ မုတ္တမကနေ ရန်ကုန်အထိ ရထားစီးတယ်။ ရန်ကုန်ရောက်တော့ ရခိုင်ကို ဘယ်လိုသွားရမယ် စုံစမ်းတယ်။

ဒီလိုနဲ့ပဲ ရန်ကုန်ကနေ ပြည်တစ်ဖက်ကမ်းရောက်။ အဲဒီကမှ လူတင်တဲ့ကုန်ကားကြီးတွေစီးပြီး ရိုးမကိုကျော်ကာ တောင်ကုတ်ကို တစ်နေ့နဲ့တစ်ည ကားစီးရပါတယ်။ လမ်းပန်းဆက်သွယ်ရေးက အခုလောက် မကောင်းသေးပါဘူး။ ပြောရရင် အတော်ဆိုးပါသေးတယ်။ အဲဒီကမှ ရမ်းဗြဲကျွန်းကို သင်္ဘောပြန်စီးရပါတယ်။

ကလေးတစ်ယောက်အနေနဲ့ သွားရတဲ့ခရီးက ကြမ်းတယ်ဆိုပေမယ့် ရည်ရွယ်ရာကိုရောက်အောင် သွားနိုင်ခဲ့ပါတယ်။

အရင်က ရခိုင်ပြည်နယ်ဆိုတာ မြေပုံထဲမှာပဲ မြင်ဖူးရာကနေ တကယ်ရောက်ဖူးခဲ့ပါပြီ။ အရင်က မမြင်ခဲ့ဘူး မစားခဲ့ဘူးတဲ့ ရခိုင်မုန့်တီကို အဲဒီမှာ စစားဖူးတာပါပဲ။

ယခင်က ကျွန်တော်တို့မော်လမြိုင်မှာ ငှက်ပျောအူများများကို ငါးနဲ့ချက်တဲ့ မော်လမြိုင်မုန့်ဟင်းခါးပဲ စားခဲ့ဖူးတာပါ။

အခုတော့

ရမ်းဗြဲကျွန်းပေါ် စတက်တဲ့အချိန်က နံနက်ခင်းတစ်ခုပါ။ တစ်ညလုံး ဘာမှမစားဘဲ သင်္ဘောစီးလာရတဲ့အတွက် ဝမ်းက အရမ်းဟာပါတယ်။ ဒါကြောင့် သွားရ မယ့်အိမ်ကို မသွားသေးဘဲ ကမ်းနားမှာ အခန့်သင့်တွေ့တဲ့ မုန့်ဟင်းခါး(မုန့်တီ)ဆိုင်ထဲ ဝင်လိုက်ပါတယ်။

ရခိုင်မုန့်တီဆိုတာ မမြင်ဘူးတော့ ကိုယ့်နယ်ဘက်က မုန့်ဟင်းခါးလိုပဲ ထင်နေမိပါတယ်။

ဖြစ်ချင်တော့ ကျွန်တော်တို့ရှေ့က ကလေးတစ်ယောက်က မုန့်တီတစ်မတ်ဖိုး လာဝယ်ပါတယ်။

မုန့်တီသည်က မုန့်ကို ထည့်ပေးပါတယ်။

အဲဒီမှာ ကျွန်တော် အံ့အားသင့်သွားရပါတယ်။ စိတ်ထဲမှာလဲ "ဪ တစ်မတ်ဖိုးတည်းဆိုတော့ ရေနွေးဖျောပေးလိုက်တယ်" မှတ်နေမိပါတယ်။ ဟုတ်ပါတယ်။ မုန့်ဖတ်ကိုယူပြီး ကျက်ကျက်ဆူအောင် ပြုတ်ထားတဲ့ အိုးထဲက အရည်တစ်ခုကို ခပ်ထည့်ပေးလိုက်တာပါ။ အရည်က ဘာအရောင်အဆင်းမှ မပါပါဘူး။ ကျွန်တော်တို့နယ်ဘက်က မုန့်ဟင်းခါးက ဆန္ဒင်းရောင်ပေါက်ပါတယ်။ ဒါကို ကျွန်တော်က တစ်မတ်ဖိုးတည်းမို့ ရေနွေးဖျောပေးလိုက်တယ် မှတ်နေပါတယ်။

ရခိုင်မုန့်တီဆိုတာ မမြင်ဘူးတော့ ကိုယ့်နယ်ဘက်က မုန့်ဟင်းခါးလိုပဲ ထင်နေမိပါတယ်။

ကျွန်တော်တို့ အလှည့်ကျ





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သော့

"ဘယ်လောက်ဖိုး ထည့်ရမလဲ"

မြန်မာသံမပီမသနဲ့ မေးပါတယ်။ ဒါကို ကျွန်တော်က ခုနကလို ရေနွေးဖျော်ပေးမခံရအောင်

"ငါးမူးဖိုးထည့်ပေးပါ"

မုန့်တီသည်က ခေါင်းညိတ်ပြီး ထည့်ပေးပါတယ်။

ခုနကအတိုင်းပါပဲ။

မုန့်ဖတ်သာပိုများပြီး အိုးထဲကရေနွေးလို့ထင်ရတဲ့ဟာကို ဖျော်ပေးလိုက်ပါတယ်။

ရေထဲပေါလောမျောနေတဲ့ မုန့်ဟင်းခါးကိုကြည့်ပြီး ဘယ်လိုမှ မစားချင်ပါဘူး။ ဒါကိုရိပ်မိတဲ့ မုန့်တီသည်က

"အရောင်တင်ထည့်မလား"

သူပြောတဲ့ အရောင်တင်ဆိုတာ ဘာမှန်းမသိပေမယ့် ဒီထဲကို အရောင်တင်ထည့်လိုက်ရင် ကျွန်တော်တို့ဖက်က မုန့်ဟင်းခါးလို ဖြစ်လာနိုင်တာ သိလိုက်ပါတယ်။ ဒါကြောင့်ပဲ

"ထည့်မယ်လေ၊ ထည့်ပေး"

အဒေါ်ကြီးက ခွက်တစ်ခုထဲက အရာအနည်းငယ်ကိုခပ်ပြီး မုန့်တီပန်းကန်ထဲ ထည့်ပေးပါတယ်။

မဆိုး။ ရုပ်ကလေးက မုန့်ဟင်းခါးနဲ့ အနည်းငယ်တူလာတယ်။ ဒါပေမယ့် မကျေနပ်နိုင်သေးဘဲ

"နည်းနည်းထပ်ထည့်ပေးပါလား"

အဒေါ်ကြီးက ကျွန်တော့်ကိုကြည့်ပြီး

"စပ်မယ်နော်"

"ရတယ်၊ ထည့်ပါ"

ကျွန်တော် နောက်ဖြစ်မှာကိုမတွေးဘဲ လတ်တလောအဆင်





ပြေဖို့သာ စဉ်းစားပြီး ထည့်ခိုင်းလိုက်ပါတယ်။

အဒေါ်ကြီးက အနည်းငယ်ထပ်ထည့်ပေးပါတယ်၊ ကျွန်တော်က

"ထပ်ထည့်ပေးပါဦး"

"စပ်တယ်နော်"

"ရပါတယ်"

အဒေါ်ကြီးက ဘာမှထပ်မပြောဘဲ တစ်ဇွန်းလောက်ခပ်ထည့်ပေးလိုက်ပါတယ်။

ဒီတော့မှ မုန့်တီက အရောင်အနည်းငယ်တက်ပြီး စားချင်စဖွယ် ဖြစ်လာပါတယ်။ ကျွန်တော်လဲ နယ်ဖတ်ပြီး အားရပါးရ တစ်ဇွန်းခပ်ပြီး ပါးစပ်ထဲ ပစ်သွင်းလိုက်ပါတယ်။

အဲဒီမုန့်ဖတ်တစ်ဇွန်း ပါးစပ်ထဲရောက်တာနဲ့ ခေါင်းကို မိုးကြိုးပစ်ချလိုက်သလို ထိန်းခနဲ ထူပူပါသွားပါတယ်။

လုံးဝကို မဝါးရသေးဘဲနဲ့ ခေါင်းထဲကနေ ဇောချွေးတွေ စိမ့်ထွက်လာပါတော့တယ်။ ကျွန်တော်လဲ ဘာဆက်လုပ်ရမှန်းမသိဘဲ ငုံထားမိပါသေးတယ်။

ထွေးထုတ်ရမှာလဲ အားနာ၊ ဆက်လဲမဝါးနိုင်မို့ ဘာလုပ်ရမှန်းမသိတော့ပါဘူး၊ ဒါနဲ့ ရလိုရငြား အနည်းငယ်ဝါးကြည့်ပါသေးတယ်။

ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ တစ်ကိုယ်လုံးဆီကနေ ချွေးတွေ အလိမ်းလိမ်းထွက်ချလာပါတော့တယ်။ (အခု ဒီစာရေးတာတောင် ပြန်သတိရပြီး ချွေးထွက်နေပါတယ်)

မတတ်သာတဲ့အဆုံး ခပ်ဝေးဝေးကိုပြေးပြီးထွေးထုတ်။ ပြီးတော့ ပြန်ပြေးလာပြီး ချထားတဲ့ရေကို မနားတမ်းသောက်ချလိုက်ရပါတယ်။ ဒါတောင် ချွေးတွေက မတိတ်တော့ပါဘူး။

ကျွန်တော့်ကိုကြည့်ပြီး အဒေါ်ကြီးက

"စပ်တယ်ပြောတယ်ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ညိတ်ပြီး ရေဘူးကိုယူ ခင်လှမ်းလှမ်းသွားပြီး ရေတွေကိုငုံပြီး ထွေးနေရပါတော့တယ်။

မှတ်မှတ်ရရပါပဲ။ ရခိုင်မုန့်တီကို ပထမဆုံးစားဖူးတာပါ။ အားလုံးသိတဲ့အတိုင်း ရခိုင်မုန့်တီက မုန့်ဖတ်နဲ့ငါးပြုတ်ရည်ကို ခပ်စပ်စပ်ပြုတ်ထားတာပါ။ ဒါကိုမှ အစပ်လိုချင်ရင် အင်မတန်စပ်တဲ့ ငရုတ်သီးနဲ့ ပြုလုပ်ထားတဲ့ (အရောင်တင်ခေါ်)ငရုတ်သီးထောင်းကို ထည့်ပေးတာပါ။

ဒါကို ကျွန်တော်က ရခိုင်မုန့်တီကို မမြင်ဘူးတော့

"ငါ့ကို တောသားမှတ်လို့ မုန့်ဖတ်ရေနွေးဖျောပေးနေတာလား"

အထင်ရောက်ပြီး အရောင်တင် ငရုတ်သီးတွေ မဟားဒယား ထည့်ခိုင်းနေခြင်း ဖြစ်ပါတယ်။

အဲဒီကစပြီး ရမ်းဗြဲကျွန်းနဲ့ ကျွန်တော် ကံမစပ်တာပါ။ နောက်ပြီး အဲဒီမှာရမယ်ဆိုတဲ့ အလုပ်ကလဲမရ၊ ယောင်လည်လည်နဲ့ သူတို့ဆီက လူတွေလို နှေ့ခင်းပိုင်းတောင်ပေါ်တက်၊ ခရုကဏန်းကောက်၊ အဲဒါတွေကို ချက်ပြုတ်စား၊ ကျွန်တော်တို့ထက် ကြီးသူများက မြစ်ထဲ လှေတစ်စင်းနဲ့ ကွန်ပစ်ကြပေါ့။

ဒီလိုနဲ့ ရမ်းဗြဲကျွန်းမှာ ယောင်လည်လည် တစ်နှစ်ခွဲကျော်ကျော်နေခဲ့ပြီး ဘယ်လိုမှနေလို့မဖြစ်တော့တဲ့အခါ ရန်ကုန်ကို ပြန်လာခဲ့ပါတယ်။ အဲဒီမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဖြစ်ခဲ့တဲ့ အရေးအခင်းနဲ့ ကြုံရပါတော့တယ် ခင်ဗျား။

× × ×





အဲဒီအရေးအခင်းကြောင့်ဖြစ်တဲ့ နိုင်ငံရေး အခင်းအကျင်း၊ ပြောင်းလဲမှုတွေ မနည်းလှပါဘူး။ တိုးတက်မှုတွေကို ဖော်ဆောင်နိုင်ခဲ့တယ်ဆိုတာလဲ မှန်ပါတယ်။

ဒါပေမယ့် အဲဒီအချိန်က ဖြစ်ပျက်ခဲ့တဲ့ ခေတ်ပျက်မှုကိုတော့ မေ့ပစ်လို့ရမယ် မထင်ပါဘူး။

ကျွန်တော် ဒါကိုရေးရခြင်းက ဒီခေတ်ဖြစ်နေလို့ ရေးတာမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော်က ပြောထားပြီးသားပါ။ ကျွန်တော်ဟာ နိုင်ငံရေးသမား မဟုတ်ပါဘူး။

ကျွန်တော့်ဘဝတစိတ်တဒေသမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက် အမှန်တွေကို ဖော်ပြချင်လို့သာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ (၇၂)ခုဖွားမို့ အရေးအခင်းကာလမှာ (၁၆)နှစ်သား ဖြစ်နေပါပြီ။ အိမ်က ထွက်ပြေးပြီး သွားစရာ လာစရာ နေရာမရှိတဲ့အချိန်မှာ အဲဒီခေတ်ပျက်နဲ့ တည့်တည့်တိုးပါတယ်။

ကျွန်တော်မှတ်မိသလောက် တက္ကသိုလ်ကျောင်းသားတွေ မကျေနပ်လို့ စတင်ရာကနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အုံကြတဲ့ အခြေအနေ ရောက်ရတော့တာပါပဲ။ အဲဒီမှာ ရည်ရွယ်ချက်မယ်မယ်ရရမရှိဘဲ နဂိုသွေးကြွနေသူတွေပါ ရောနှောပါလာတဲ့အခါ ခေတ်ပျက်ခြင်းကို ရောက်ရတာပါ။

ပညာတတ်နဲ့ ပညာမဲ့တွေရောနှောပြီး ဘယ်သူက ဘာမှန်းမသိတော့ဘဲ ပညာမဲ့လူမိုက်တွေကလဲ လက်ရုံးအားကိုး အုပ်စုအားကိုးနဲ့ ချယ်လှယ်လာကြပါတော့တယ်။ (တကယ်လုပ်ခဲ့တဲ့သူတွေကို မဆိုလိုပါဘူး)ကြာလာတဲ့အခါ တစ်နေရာ ဗိုလ်တစ်စု၊ တစ်နေရာ ဗိုလ်တစ်ဖွဲ့နဲ့ ဗိုလ်လုနေကြတဲ့သူတွေလဲ မနည်းလှပါဘူး။

အဲဒီလို လူတိုင်းရဲ့လက်ထဲမှာလဲ ဓား၊ လှံ၊ လက်နက်၊ ဂျင်ဂလိတွေ ရှိနေကြလေတော့ ဘယ်သူ့ကိုကြောက်လို့ကြောက်ရမှန်းလဲ မသိပါဘူး။

ကျွန်တော်ကိုယ်တိုင်လဲ အလုပ်အကိုင် မယ်မယ်ရရမရှိ၊ သူများလမ်းလျှောက်ရင်လိုက်လျှောက်၊ ထမင်းထုပ်ဝေရင် လုစားနဲ့ အသက်ရှင်အောင် မနည်းနေနေရပါတယ်။

အရှေ့ကဦးဆောင်သူတွေက ဟုတ်ပါရဲ့။ တက်တက်ကြွကြွနဲ့ ဦးဆောင်ပါရဲ့။ ဒါပေမယ့် အနောက်ကလိုက်သူတွေက လမ်းဘေးဝဲယာ စတိုးဆိုင်တွေကို လူအင်အားနဲ့ဝင်လု၊ နိုးပြေး လူကြားထဲပြန်ဝင် လုပ်နေကြတော့တာပါပဲ။ လူကအများကြီးမို့ ဘယ်သူ့ကို လက်ညှိုးထိုးရမှန်းလဲ မသိပါဘူး။

အဲဒီတုန်းက ကျွန်တော်က သမိုင်းက သူငယ်ချင်းရဲ့အဒေါ်အိမ်မှာ ကပ်နေရပါတယ်။ ခေတ်ပျက်ချိန်မို့ အင်မတန်လုပ်ရလွယ်တဲ့ စားပွဲထိုးတောင် လုပ်ခွင့်မရဘဲ ငတ်တလှည့် ပြတ်တလှည့်ပါ။

ရန်ကုန်မှာ ကျွန်တော်နဲ့သိတဲ့ အိမ်ကလဲ နှစ်အိမ်ပဲရှိပါတယ်။ တစ်အိမ်က သမိုင်းက အဲဒီအိမ်ဖြစ်ပြီး နောက်တစ်အိမ်က အင်းစိန်မြို့မှာရှိတဲ့ (ကျွန်တော်ကပ်နေတဲ့)အဒေါ်ရဲ့အမေအိမ်ပါ။

နေ့စဉ်ပါပဲ။ သမိုင်းအိမ်မှာ ထမင်းစားစရာမရှိရင် သမိုင်း





ဘူတာရုံကနေ အင်းစိန်ထိကို ရထားသံလမ်းအတိုင်း လမ်းလျှောက်သွားရပါတယ်။ အင်းစိန်ရောက်ရင် ထမင်းစား၊ ခက်တာက အဲဒီအိမ်မှာ ကျွန်တော်နဲ့အရွယ်တူ အပျိုအရွယ်ရှိတာကြောင့် ညအိပ်မရဘဲ သမိုင်းကို ရထားလမ်းအတိုင်း လမ်းလျှောက်ပြန်ရပါတယ်။

ဒါကြောင့် သမိုင်းနဲ့အင်းစိန်ကြား ဖြစ်ပျက်နေသမျှတွေကို နေ့စဉ်မြင်တွေ့နေရပါတယ်။

နေ့စဉ်နဲ့အမျှ တုတ်တွေ ဓားတွေကိုင်ထားတဲ့လူစုတွေ သံကောင်းဟစ်အလုပ်ကိုင်ပြသူတွေကို ရှောင်လွှားရင်း ထမင်းတစ်နပ်အတွက် အသက်စွန့်သွားနေရသလို့ကို ခံစားမိပါတယ်။

ဘယ်သူက ဘာမှန်းမသိ။ မေးသမျှဖြေ။ သူ့လျှိုဆိုလဲ ခံရမယ့်အနေအထားမျိုးမို့ နေ့စဉ် အိပ်မက်ဆိုးမက်နေသလိုပါပဲ။

ရံဖန်ရံခါမှာလဲ ရည်ရွယ်ချက်မရှိပါဘဲ စိတ်တန်းလှည့်လည်လာသူတွေတွေ့ရင် ထမင်းတစ်နပ်အတွက် အုတ်ရောရော ကျောက်ရောရောနဲ့လိုက်၊ ထမင်းထုပ်ဝေတာယူ။ စားပြီးပြန်ခဲ့နဲ့ ဒီလိုပဲလှည့်ပတ်ပြီး အသက်ရှင်အောင် နေခဲ့ရပါတယ်။

ဒါ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဒါပေမယ့် အတိုင်းအတာအနေနဲ့ပြောရရင် ကျွန်တော်တို့လူမျိုးက သုံးချိုးနှစ်ချိုးလောက်ဖြစ်ပြီး သွေးဆူသူ နေရာရလိုသူကလဲ နောက်တစ်ချိုးရဲ့ သုံးချိုးနှစ်ချိုးနဲ့ တကယ်လုပ်သူကတော့ လူနည်းစုလောက်ပဲ ရှိပါလိမ့်မယ်။

ဟိုယောင်ယောင် ဒီယောင်ယောင်တွေက သူများထိုင်ဆိုလိုက်ထိုင်၊ သူများထရင်ထ။ သူများပြေးရင်ပြေးနဲ့ ဒီလိုပဲနေရပါတယ်။

ရပ်ကွက်ထဲမှာလဲ ညဖက်ဆို အပြင်မထွက်ရဲ။ ဘယ်နေရာမှာ ဘယ်လူစုက ဓားတွေထမ်းပြီးစောင့်နေတာ။ ဘယ်နေရာမှာတော့ ဂျင်ဂလိနဲ့ ချောင်းပစ်နေတာ စသည်ဖြင့်အပြင် စတိုးဆိုင်တွေ အိုးရပိုင်,ဆိုင်တွေကိုတောင် နေ့ခင်းကြောင်တောင် ဓားတွေလဲဟွဲနဲ့ မှတ်



www.burmeseclassic.com

နှာဖုံးတွေစွပ်ပြီး အကြမ်းဖက်ဝင်လုတာ တွေ့ကြုံနေရပါတယ်။

ကြည့်နေသူက အများကြီး။ ဓားကြီးတရမ်းရမ်းနဲ့ လူနည်းစုက ခပ်တည်တည် စတိုးဆိုင်ဖောက်နေသူတွေကိုလဲ မျက်ဝါးထင်ထင်မြင်တွေ့နေရပါတယ်။ ပိုမိုက်ရင် ပိုဆရာကျတဲ့ခေတ်ပေါ့။

ဘယ်နေရာမှာတော့ လူတွေသတ်နေပြီ။ ဘယ်နေရာမှာ အရှင်လတ်လတ် မီးရှို့လိုက်ပြီ၊ ဘယ်မှာတော့ စိတ်နှလုံးလှည့်လည်သူတွေ သောက်တဲ့ရေထဲ အဆိပ်ခတ်လို့ စသည်ဖြင့် သတင်းတွေလဲ အမြဲကြားနေရပါတယ်။

ဒါပေမယ့် ကျွန်တော်အကြောက်ဆုံး ဖြစ်ရပ်တစ်ခု ကြုံခဲ့ရပါတယ်။ အဲဒါကတော့

ရပ်ကွက်ထဲ ကားတစ်စီး မောင်းဝင်လာပါတယ်။ ကားအနောက်မှာလဲ သွေးဆူနေကြတဲ့သူတွေအများကြီး တုတ်တွေဓားတွေ ဝင့်ပြီး လိုက်ပါလာပါတယ်။

ကားပေါ်မှာတော့ ဒဏ်ရာအကြီးအကျယ်ရထားတဲ့ ကျွန်တော်တို့အရွယ် လူငယ်တစ်ယောက် မလှုပ်နိုင်မရှားနိုင်တော့ဘဲ ငုတ်တုတ်ကလေး ပါလာပါတယ်။ ဒါကို လူကြီးသုံးလေးယောက်က လူငယ်ရဲ့ကုတ်ကိုဆွဲပြီး

"ဟောဒီမှာကြည့်စမ်း၊ လူမဆန်တဲ့လုပ်ရပ်ကြောင့် ဒီကျောင်းသားလေး သေရတော့မယ်၊ ခင်ဗျားတို့ ဒီအတိုင်းကြည့်နေမှာလား၊ ခင်ဗျားတို့သားသမီးတွေဖြစ်ရင် ခင်ဗျားတို့ ဘယ်လိုနေမလဲ"

စသည်ဖြင့် ဆော်သြသွားပါတယ်။ ဒီအခြင်းအရာကိုကြည့်ပြီး သွေးဆူလွယ်သူတချို့က ကားပေါ်က သေခါနီးလူရွယ်ကိုကြည့်ပြီး

"ဟာ ဟုတ်တယ်၊ ဒါတော့ မတရားဘူး၊ ပြန်ချကွာ၊ ပြန်ချမယ်ကွာ"

စသည်ဖြင့် ရရာလက်နက်ကိုင်ပြီး အဲဒီဒဏ်ရာနဲ့လူနောက်





ဒေါသတကြီး လိုက်ပါသွားကြပါတော့တယ်။

အဲဒီကားကြီးဟာ ကြားသိရသလောက် မြို့နယ်သုံးလေးမြို့နယ်ကို ဖြတ်သွားတယ်လို့ သိရပါတယ်။

အဲဒီမြင်ကွင်းကို ကျွန်တော်သွေးပျက်မတတ် တုန်လှုပ်သွားပါတယ်။

"တကယ်လူမဆန်တာ ဘယ်သူလဲ"

ဆိုတဲ့မေးခွန်းတွေ ခေါင်းထဲပေါ်လာပါတယ်။

ဒီလူငယ်ကို ဒဏ်ရာရအောင် လုပ်လိုက်တဲ့ လူမဆန်တဲ့လုပ်ရပ် မှန်ပါတယ်။ ဒါပေမယ့် ဒီလိုဒဏ်ရာရတဲ့သူကို သက်သာအောင် ဆေးရုံဆေးခန်းတစ်ခုခု မပို့သင့်ဘူးလား။

ဒီလိုမျိုး၊ ဒီလူငယ်ဒဏ်ရာရတာကို အခွင့်ကောင်းယူပြီး လှုံ့ဆော်နေသူကရော လူဆန်ရဲ့လား။

အကယ်၍များ အဲဒီလူငယ်နေရာမှာ ခင်ဗျားတို့ကျွန်တော်တို့ဖြစ်ခဲ့ရင် ဘာကိုတောင်းဆိုချင်ပါသလဲ။

လောကမှာ ဘယ်သူကများ နာရီဝက်သူရဲကောင်းဖြစ်ပြီး အသက်သေချင်ကြသလဲ။

အရေးအခင်းမှာ အဲဒီလို အသက်ပေးခဲ့ရတဲ့ နာရီဝက်သူရဲကောင်း အများကြီးရှိခဲ့မှာပါ၊ ရှိမှာပါ။ ဒုနဲ့ဒေးပါပဲ။ ဘာမှန်းမသိဘဲ ရည်ရွယ်ချက်မရှိဘဲ အသက်ပေးခဲ့သူ၊ အသက်သတ်ခဲ့သူ မနည်းလှပါဘူး။

ကိုယ့်အသက်မဟုတ်ဘဲ တစ်ပါးသူရဲ့အသက်နဲ့ သူရဲကောင်းလုပ်ချင်ကြတဲ့ သူရဲကောင်းတွေကလဲ တကယ့်ကို အများကြီးပါ။ ကိုယ့်အသား မနာရင်ပြီးရော ကိုယ်သာနေရာရမယ်ဆိုရင် အရှေ့ကလူကို တံတောင်နဲ့ထထောင်းတတ်တဲ့ ပန္နလလိုလူတွေလဲ အများကြီးပါပဲ။

× × ×

ကျွန်တော် အဲဒီမြင်ကွင်းကိုမြင်ပြီး အင်မတန်တုန်လှုပ်မိပါတယ်။ အဲဒီလူငယ်လေးနေရာမှာ ကျွန်တော်ရော တစ်နေ့မရောက်နိုင်ဘူးလား။ ရည်ရွယ်ချက်မရှိ မျှော်လင့်ချက်မရှိဘဲ လူစုစုရှိရာ ဟေးလားဝါးလား လိုက်လုပ်နေတဲ့ကောင်၊ တစ်ချိန်မှာသေနတ်မမှန်နိုင်ဘူးလား။

ဒီလိုဖြစ်ခဲ့ရင် မသေမရှင် ကျွန်တော့်ကုတ်ကိုဆွဲပြီး

"ဟောဒီမှာကြည့်စမ်း၊ ခင်ဗျားတို့အတွက် အသက်ပေးသွားရသူ"

အမှန်တော့ ဘယ်သူ့အတွက်မှ (ကျွန်တော့်ကိုယ်ကျွန်တော် ပြောတာနော်)အသက်ပေးတာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ် ဆတ်ဆော့ပြီး လူစုစုရှိရာဝင်သွားပြီး မတော်တဆ မှန်သွားတာပါ။

အဲဒါမျိုး နာရီဝက်သူရဲကောင်းဖြစ်မှာ ကျွန်တော်ကြောက်ပါတယ်။ ဒါကြောင့် အဲဒီလိုနေရာမျိုးနဲ့ဝေးရာမှာနေပြီး အသက်ဆက်ရှင်ဖို့ ကျွန်တော်စဉ်းစားရပါတယ်။

× × ×





စားစရာတောင်ငွေမရှိတဲ့ကျွန်တော် ပြေးစရာလဲ မြေမရှိပါဘူး။ ရန်ကုန်မှာ ကျွန်တော့်အတွက် အသိအကျွမ်းတစ်ယောက်မှ မရှိပါဘူး။ ဒါ့အပြင် ငွေမရှိဘဲ မော်လမြိုင်ပြန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါ့ထက်ဆိုးတာက မြို့အဝင်နဲ့ မြို့ပြင်ကားဂိတ်တိုင်းမှာ တုတ်၊ ဓား၊ လက်နက်ကိုင်ထားသူတွေက အပြည့်အကျပ်ရှိနေဆဲမို့ လမ်းပန်းဆက်သွယ်ရေး မချောမွေ့ပါဘူး။ ကျွန်တော့်လို ဥပမိမကောင်းပုံနဲ့ အချိန်မရွေး သူခိုး ဓားပြ သူလျှိုဆိုပြီး ဆွဲချအသတ်ခံရနိုင်ပါတယ်။

နောက်ဆုံးစဉ်းစားကြည့်တော့ ရန်ကုန်မြို့မှာ ကျွန်တော်တို့ အမျိုးတစ်ယောက် ရှိတယ်ဆိုတာ သိရပါတယ်။ အဲဒါကတော့ ကျွန်တော့်အမေရဲ့ အထက်ကအစ်မပါ။ ကျွန်တော်တို့က ကြီးမေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တြည်လေးလို့ ခေါ်ပါတယ်။

ကြီးမေက ကမ္ဘာအေးမှာ နေတယ်လို့ သိရပါတယ်။

ကမ္ဘာအေးဆိုတာ ဘယ်နားရှိမှန်း ကျွန်တော်မသိပါဘူး။ ကျွန်တော့်မှာ သမိုင်းနဲ့အင်းစိန်လောက်သာ ကျင်လည်နေသူမို့ ကမ္ဘာအေးက ဘယ်နားမှာရှိမှန်း ကျွန်တော်မသိပါဘူး။ ကမ္ဘာအေး ဘယ်လောက်ကြီးလဲ မသိခဲ့ပါဘူး။

ဒါပေမယ့် နောက်ဆုံးထွက်ပေါက်တစ်ခုအနေနဲ့ ကြီးမေဆီအရောက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တကယ်သွားမယ်ဆိုတော့ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိပါဘူး။ အဲဒီအချိန်ကလဲ ခေတ်ပျက်ချိန်တည့်တည့်ကြီးဆိုတော့ လိုင်းကားခတင် ငွေငါးကျပ်အထိ ခုန်တက်နေပါပြီ။

ကျွန်တော်ကပ်နေရတဲ့အိမ်မှာလဲ ငွေချေးဖို့ဆိုတာ လုံးဝ(လုံးဝ) မဖြစ်နိုင်ပါဘူး။ ကိုယ်တိုင် ဘာအလုပ်မှမလုပ်ဘဲ ကပ်နေရတဲ့အပြင် ငွေပါချေးဦးမယ်ဆိုတော့ အစကတည်းက မောင်းချချင်နေတဲ့သူတို့ ကျွန်တော့်ကို အသေအချာမောင်းချမှာပါ။

ကျွန်တော်နဲ့ အဲဒီအိမ်ကလဲ ဘာမှတော်စပ်တာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့အတူလာတဲ့ သူငယ်ချင်းရဲ့ အမျိုးအိမ်ပါ။ သူငယ်ချင်းက သူ့နယ်သူပြန်သွားတော့ ကျွန်တော်က အဲဒီမှာသောင်တင်ကျန်ရစ်တာပါ။ ဒါကြောင့် သားမတော်မျိုးမစပ်လူတစ်ယောက်ကို ခေတ်ပျက်မှာ ဘယ်သူက တင်ကျွေးထားနိုင်ကြမှာလဲဗျာ။

သူတို့မောင်းချချင်နေပါလျက် ကိုယ်က ကမ်းတတ်လို့ ဘယ်ဖြစ်ပါ့မလဲ။

အမှန်တော့ ကျွန်တော်ကိုယ်တိုင်လဲ အဲဒီမှာမနေချင်ပါဘူး။ ဒါပေမယ့် အဲဒီမှာမှ ကပ်မနေရင် သွားစရာနေရာ မရှိတာမို့ ကြိတ်မှိတ်ပြီးနေရတာပါ။





နောက်ဆုံးတော့ ကျွန်တော်ဖွက်ထားတဲ့ ရခိုင်က လက်ဆောင်ပေးလိုက်တဲ့ရခိုင်လုံချည်အဖြူဆွတ်ဆွတ်တစ်ထည် ကျန်ပါတယ်။

အဲဒီလုံချည်ကလဲ သူဌေးတွေ မင်္ဂလာဆောင်မှာ ဝတ်လေ့ရှိတဲ့ တကယ့်အကောင်းစားလုံချည်ပါ။ အတော်လေးကိုလဲ တန်ဖိုးရှိမယ့်လုံချည်ပါပဲ။ ကျွန်တော် ရခိုင်ကပြန်တော့ ရခိုင်က ကျွန်တော်နဲ့အရမ်းခင်တဲ့ အစ်မကြီးတစ်ယောက်က မမြင်ဘူးတဲ့ ကျွန့်တော့်မိဘတွေကို လက်ဆောင်ပေးဖို့ ထည့်ပေးလိုက်တာပါ။

ကျွန်တော့်မှာလဲ အဲဒီလောက်သန့်တဲ့လုံချည်ကို မဝတ်ရက်လို့ ဖွက်ရတာလဲ အမောပါ။ သူများလက်ဆောင်ပေးထားတဲ့ပစ္စည်းမို့ သုံးလဲမသုံးရက်ပါဘူး။ (ကိုယ်နဲ့မတန်မှန်းသိလို့ မသုံးတာပါ)

အခုတော့ မတတ်နိုင်တော့ပါဘူး။

အဲဒီရခိုင်လုံချည်အဖြူအသစ်ချပ်ချွတ်(အခုထိ မျက်လုံးထဲက မထွက်ပါဘူး)ကိုယူပြီး အဟောင်းရောင်းတဲ့ဆိုင်မှာ သွားရောင်းခဲ့ပါတယ်။ ဆယ့်ငါးကျပ်ရပါတယ်။ အမှန်တော့ ဒီလုံချည်က အဲဒီထက် အဆရာချီတန်မှာပါ။

အဲဒီရလာတဲ့ ငွေဆယ့်ငါးကျပ်ကို ဗိုက်တအားဆာလို့ ထမင်းဝယ်စား လက်ဖက်ရည်ဝယ်သောက်လိုက်တာ တစ်ဆယ်တိတိကုန်သွားပါတယ်။

ကျွန်တော့်လက်ထဲမှာ ငါးကျပ်ပဲ ကျန်ပါတယ်။ အဲဒီငါးကျပ်နဲ့ ကျွန်တော်က ကမ္ဘာအေးမှာ ကြီးမေကို သွားရှာဖို့ ချီတုံချတုံဖြစ်နေရပါတယ်။

ငွေငါးကျပ်နဲ့ ဒီမှာပဲမှိန်းနေရင် တစ်ရက်နှစ်ရက်တော့ရမှာပါ။ ဒါပေမယ့် အဲဒီတစ်ရက်နှစ်ရက်လွန်ရင် ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းနိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကောင်းပါပြီ၊ ဒီငွေငါးကျပ်နဲ့ ကမ္ဘာအေးသွားပြီး ကျွန်တော်ထင်သလို ကြီးမေနဲ့ မတွေ့ရင်ရော"

ကျွန်တော့်ဘဝဟာ သွားပါပြီ။ ပြန်စရာလမ်းစရိတ်လဲ မရှိတော့တဲ့အပြင် ပြန်စရာအိမ်လဲ မရှိတော့ပါဘူး။ ကမ္ဘာအေးကနေ သမိုင်းကို ကျွန်တော်ပြန်လို့လဲ တတ်တော့မယ်မထင်ပါဘူး။

ကျွန်တော့်စိတ်ထဲမှာ အတော်ကလေး ဝေခွဲမရ ဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးတော့

"နေပါစေကွာ၊ ဒီမှာနေလဲ မကြာခင်မောင်းချခံရမယ့်အတူ မျှော်လင့်ချက်ရှိတဲ့နေရာလေးကို စွန့်စားကြည့်မယ်၊ ရခိုင်ပြည်နယ်ကိုတောင် ဒီလိုပဲ စမ်းတဝါးဝါးနဲ့ သွားခဲ့ ရောက်ခဲ့တယ်"

ဆိုပြီးအားတင်းကာ ကမ္ဘာအေးဖက်သွားမယ့် လိုင်းကားကို တက်စီးလိုက်ပါတော့တယ်။

× × ×





"ကားဆရာ ကျွန်တော်မသွားတတ်လို့ ကမ္ဘာအေးရောက်ရင် ပြောပေးနော်"

စပယ်ယာကို အဲဒီစကား အထပ်ထပ်မှာကြားရပါတယ်။ စပယ်ယာကလဲ

"စိတ်ချပါကွာ၊ အဲဒီရောက်ရင် ဆင်းမယ့်သူတွေ အများကြီးပဲ၊ ပြောပါ့မယ်"

ကျွန်တော်က လမ်းတလျှောက် စပယ်ယာပြောသမျှ မှတ်တိုင်တွေလဲ နားထောင်ရတဲ့အပြင် လမ်းကိုလဲ အဆက်မပြတ် မှတ်နေရပါတယ်။ အကယ်၍များ ကမ္ဘာအေးမှာ ကျွန်တော့်ကြီးမေနဲ့မတွေ့ရင် လမ်းလျှောက်ပြန်မယ်ဆို ပြန်တတ်ရအောင်ပါ။

ဒီလိုနဲ့ မှတ်တိုင်များစွာ ကျော်လာပါတယ်။ ကမ္ဘာအေးမှတ်တိုင်ဆိုတာ မကြားရသေးပါဘူး။ မှတ်တိုင်ရပ်တိုင်း စပယ်ယာရဲ့အော်သံကို နားစွင့်နေပါတယ်။ ဒါပေမယ့် ကမ္ဘာအေးမှတ်တိုင်ဆိုတာ မကြားရသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခရီးကလဲ အတော်ဝေးလာပါပြီ။ ကိုယ်သွားမယ့်မှတ်တိုင် မရောက်သေးတော့ မသက်ာဖြစ်လာပါတယ်။ ဒါနဲ့ပဲ စပယ်ယာနား သွားပြီး

"ဆရာ ကမ္ဘာအေး မရောက်သေးဘူးလား"

ဆိုတော့ စပယ်ယာက ကျွန်တော့်ကို ပြုံးကြောင်ကြောင်ပြန် ကြည့်ပြီး

"ဟင် ကျော်လာပြီလေ၊ မင်းမဆင်းရသေးဘူးလား"

သူ့အဖြေစကားကြောင့် ကျွန်တော်လဲ မျက်လုံးပြူးပြီး

"ဟင် ဘယ်မှာကျော်လာလို့လဲ၊ ကျွန်တော်လဲ တစ်လျှောက် လုံးနားထောင်လာတာပဲ၊ ကမ္ဘာအေးဆိုတာ မကြားမိပါဘူး"

"ဟာ ဘုရားလမ်းမှတ်တိုင်ဆိုတာ ကမ္ဘာအေးမှတ်တိုင်ပေါ့ ကွ၊ မင်းကလဲ"

"ဟာ"

အဲဒီတော့မှ မှတ်တိုင်ကိုကျော်လာမှန်းသိတယ်။ သူတို့က ကမ္ဘာအေးဘုရားကို အစွဲပြုပြီး ဘုရားလမ်းမှတ်တိုင်လို့ အော်သွားတာ ကို။ ကျွန်တော်က ဒီလိုမှန်းမသိတော့ ကမ္ဘာအေးဆိုတာပဲ နားစွင့်နေ မိလို့ မှတ်တိုင်ကျော်လာမိတာပါပဲ။

ကားရပ်လို့ဆင်းလိုက်တော့ (၁၀၆)မှတ်တိုင်ရောက်နေပါပြီ။ အဲဒီကမှ ယောင်လည်လည်နဲ့ လာလမ်းအတိုင်း နောက်ပြန်လျှောက် ရပါတော့တယ်။ တဖြည်းဖြည်းချင်းပါပဲ။ ကမ္ဘာအေးဆိုတာ မေးမေး ပြီးသွားရင်း ကမ္ဘာအေးကို ရောက်ခဲ့ပါတယ်။

အဲဒီတော့မှ သိရတာက ကမ္ဘာအေးဆိုတာ သေးသေးလေး မဟုတ်ဘူး ဆိုတာပါပဲ။

× × ×





စဉ်းစားကြည့်ကြပါ။

ပိုက်ဆံတစ်ပြားမှ မရှိတဲ့ လူတစ်ယောက် က မြို့တစ်မြို့မှာ နာမည်တစ်လုံးသာသိတဲ့ ကြီးမေ ဆိုသူကို ဘယ်လိုရှာမလဲ။

အမေ့ရဲ့အစ်မကြီးမေကို ကျွန်တော် အတော် ငယ်ငယ်တုန်းက တစ်ခါလားပဲ တွေ့ဖူးခဲ့ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ လမ်းမှာ သူနဲ့မျက်နှာချင်းဆိုင် ဆုံရင်တောင် မှတ်မိဖို့ သိပ်မလွယ်ကူပါဘူး။

ဒါကို အိမ်နားပတ်ဝန်းကျင်ကိုတောင် မသိကြတဲ့ ရန်ကုန်မြို့ကြီးရဲ့ မြို့နယ်ကြီးတစ်ခုမှာ ဘယ်လိုရှာရမှာပါလဲ။ တစ်အိမ်တက်ဆင်း မေးရင် တောင် နှစ်ပေါက်အောင်မေးရမယ့် အနေအထားပါ။

ကမ္ဘာအေးရောက်ပြီးမှ ကျွန်တော်ဟာ စိတ်ဓာတ်ကျစွာပဲ လမ်းဘေးမှာထိုင်နေမိပါတယ်။

အရဲစွန့်ပြီးထွက်လာတာ ဒီတစ်ခါတော့ မှားပြီဆိုတာ တွေးနေမိပါတယ်။ ကျွန်တော် ဆယ့်လေးနှစ်သားက ရခိုင်ကိုထွက်ပြေးခဲ့တာ ဒီ လောက်မခက်ခဲ့ပါဘူး။ သွားလိုရာရှာတွေ့ခဲ့ပါ တယ်။ (လက်ထဲ ပိုက်ဆံလဲ ရှိနေတော့ပေါ့)အခု ဆယ့်ခြောက်နှစ်အရွယ်မှာ ခေတ်ပျက်ကြီးထဲမှာ ရန်ကုန်မြို့ရဲ့ မြို့နယ်တစ်ခုမှာ လူတစ်ယောက် ကိုရှာဖို့ ခက်ခဲခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က စမေးရမှာလဲ၊ ဘယ်သူ့ကို မေးရမှာလဲ၊ မတွေ့ရင်ရော"

ကျွန်တော်ဟာ ကျွန်တော့်လုပ်ရပ်ကြောင့် အကြီးအကျယ် ကြောက်လန့်ပြီးတုန်လှုပ်နေမိပါတယ်။

မတွေ့ရင် ကျွန်တော်သေချာပေါက် ခွေးလေးကြမ်းပိုး ဖြစ်ပါပြီ။ လမ်းပေါ်မှာတင် လူမသိသူမသိ သေတဲ့အထဲ ကျွန်တော်ပါသွားမှာပါ။

ကျွန်တော်ထွက်လာခဲ့တဲ့သမိုင်းကို လမ်းလျှောက်ပြန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ပြန်နိုင်တဲ့အင်အားလဲ မရှိတော့ပါဘူး။

ဖြတ်သွားဖြတ်လာလူများကိုကြည့်ပြီး အကြံထုတ်နေမိပါတယ်။

နောက်ဆုံးတော့ ကျွန်တော် တစ်ခုစဉ်းစားမိပါတယ်။

ဒီကိုရောက်လာပြီးမှ လက်လျှော့လိုက်ရမယ်ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ တစ်ခုခုကိုမေးပြီး အဖြေရမှ အဓိပ္ပာယ်ရှိတော့မှာလေ။ ဒါကြောင့် တစ်ခုခုကို မေးပြီးမှ ပြန်မယ်ဆိုပြီး ပြန်အားတင်းလိုက်ပါတယ်။

ဒါဖြင့် ဘာမေးမလဲ။

ကျွန်တော် စဉ်းစားတယ်။

"ကျွန်တော့်ကြီးမေဟာ မိန်းမဖြစ်တယ်"(ကြီးမေဆိုမှ မိန်းမပေါ့)

"မိန်းမဖြစ်တဲ့အတွက် ဈေးသွားမှာပဲ"

"ဟုတ်ပြီ၊ ကြီးမေကိုစုံစမ်းဖို့အတွက် ဈေးသွားရမယ်"

ပထမဆုံး ကျွန်တော် ကမ္ဘာအေးဈေးကို အရင်မေးပြီး ဈေးရောက်အောင်သွားလိုက်ပါတယ်။

ဈေးကိုမြင်တော့ တင်းထားတဲ့စိတ် ပြန်လျှော့ရမလို ဖြစ်





သွားပါတယ်။ ဈေးဆိုတာ ကျွန်တော်တို့ရွာဈေးလို ဈေးသည်နှစ်သည် သုံးသည်ပဲရှိတဲ့ဈေး မဟုတ်ပါဘူး။ ဈေးကြီးမဟုတ်ရင်တောင် အတော်အတန်ကြီးတဲ့ ဈေးတစ်ခုပါ။

ဒါနဲ့ပဲ ဈေးထဲပတ်ပြီး "ဘယ်ဆိုင်ကို မေးရမလဲ"ဆိုပြီးလိုက်ကြည့်ပါတယ်။

အဲဒီမှာ အကြံတစ်ခု ထပ်ရပါတယ်။

"ကြီးမေက မိန်းမဖြစ်တယ်"

"မိန်းမဖြစ်တဲ့အတွက် ဈေးသွားမယ်"

နောက်ပြီး

"မော်လမြိုင်သူဖြစ်တဲ့အတွက် ဈေးမှာ မုန့်ဟင်းခါးစားမှာပဲ"

ဒါနဲ့အားတက်ပြီး မုန့်ဟင်းခါးဆိုင်တွေကို တစ်ခါပြန်ပတ်ကြည့်ပါတယ်။ ဈေးထဲမှာတင် မုန့်ဟင်းခါးဆိုင်သုံးလေးဆိုင် တွေ့ရပါတယ်။

ဈေးထဲအခေါက်ခေါက်အခါခါပတ်ပြီး အနည်းငယ်စိတ်ကောင်းဟန်ရှိမယ့် မိန်းမလတ်တစ်ယောက်ရောင်းနေတဲ့ မုန့်ဟင်းခါးဆိုင်ကို ရွေးလိုက်ပါတယ်။

ဆိုင်လူရှင်းသွားတဲ့အခါ အရဲစွန့်ပြီး အဲဒီမုန့်ဟင်းခါးသည်ဆီသွားပါတယ်။ ပြီးတော့ ကျွန်တော်သိချင်တဲ့မေးခွန်းကို မေးလိုက်ပါတယ်။

"အစ်မ အစ်မ ဒီကမ္ဘာအေးမှာလေ ကြီးမေကြည်လေးဆိုတာ သိလား"

မုန့်ဟင်းခါးရောင်းတဲ့ အစ်မကြီးက ပါးစပ်အဟောင်းသားနဲ့ကြည့်ပြီး ကျွန်တော့်ကို ပြန်မေးတယ်။

"ကိုကိုမဟုတ်လား"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထခုန်မိမတတ် ဝမ်းသာသွားတယ်။ အဲဒီအစ်မကြီးက ကျွန်တော့်ရဲ့အိမ်နာမည်ကို သိနေလို့ပဲ။

“မမမာလေ၊ မမှတ်မိဘူးလား”

“ဟာ”

ကျွန်တော် ပိုဝမ်းသာသွားတယ်။ ကျွန်တော် တကယ်သွားမေးမိနေတာက ကျွန်တော့်ကြီးမေကြည်လေးရဲ့သမီး၊ ကျွန်တော့်အစ်မ ဝမ်းကွဲ မမမာ ဖြစ်နေလို့ပဲ။

တစ်ခါတလေမှာလဲ လူတွေဟာ သွေးက စကားပြောတယ်ဆိုတာ အမှန်ပဲ။ ကျွန်တော်





ကမ္ဘာအေးဈေးထဲဝင်ပြီး မုန့်ဟင်းခါး ဆိုင်တစ်ခုခုကို မေးမယ်ဆိုပြီး လှည့်ပတ်ကြည့်တော့ ဒီအစ်မကြီးကတော့ ကျွန်တော့်အတွက် ဖော်ရွေလိမ့်မယ်လို့ တွက်မိခဲ့တယ်။ ဒါကြောင့် သွေးက စကားပြောပြီး သူ့ကိုပဲ သွားမေးမယ်ဆိုတဲ့စိတ်က အလိုလို တိုက်တွန်းလာတယ်။ ဒါကြောင့်ပဲ ကျွန်တော့်အစ်မဆီ ကျွန်တော် တည့်တည့်ရောက်သွားခဲ့တယ်။

ကျွန်တော့်ဘဝတစ်ခုလုံးကို ကယ်တင်နိုင်မယ့် မေးခွန်းကို ကျွန်တော့်အစ်မဆီကိုပဲ သွားမေးမိခဲ့တယ်။

ဒါဟာ ကျွန်တော့်ဘဝကို ဒီလိုဖြစ်စေဖို့ တကယ့်တဆစ်ချိုးပါပဲ။ အကယ်၍များ ကျွန်တော်ဟာ ပထမဆုံးမေးခွန်းမှာတင် အစ်မနဲ့ မတွေ့မိရင် အခုအချိန် ကျွန်တော်ဟာ လူ့လောကမှာ ရှိချင်မှရှိနေပါတော့မယ်။ ဒါဆိုရင် အခုလိုရေးနေတဲ့ ကျွန်တော့်စာကိုလဲ ဘယ်သူကမှ ဖတ်ဖူးတော့မှာ မဟုတ်ပါဘူး။

ကျွန်တော့်ရဲ့ နောက်ဆုံးကောက်ရငိုးမျှင်က နွယ်ပင်ဖြစ်ခဲ့ပါပြီ။

“ကိုကို ဒီမှာလာထိုင်လေ”

ကျွန်တော် အစ်မနားမှာ ဝင်ထိုင်လိုက်ပါတယ်။

“ဘာမှမစားရသေးဘူးထင်တယ်၊ မုန့်ဟင်းခါးစားဦး”

အစ်မက ကျွန်တော့်ကို မုန့်ဟင်းခါးတစ်ပန်းကန် ထည့်ပေးပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ကျွန်တော့်ဘဝဟာ အရေးအခင်းကာလမှာ သပိတ်အဖွဲ့သားများနဲ့ အတူ ပြေးလွှားနေစရာ မလိုတော့ပါဘူး။ ဆွေရိပ်မျိုးရိပ်မှာ အေးအေးချမ်းချမ်း ဖြစ်သွားပါပြီ။

ကမ္ဘာအေးဈေးထဲမှာပဲ ကျွန်တော့်ဝမ်းကွဲ အစ်မ'မမာ'နဲ့အတူ မုန့်ဟင်းခါး နှစ်လလောက် ရောင်းခဲ့ပါတယ်။ အဲဒီတုန်းက နာမည်ကြီး ရုပ်ရှင်မင်းသမီးဖြစ်တဲ့ သီတာသိမ့်က ကျွန်တော်တို့ဆိုင်မှာ ရံဖန်ရံခါ လာစားလေ့ရှိပါတယ်။

မုန့်ဟင်းခါးရောင်းတယ်ဆိုပေမယ့် တအားကြီးပြေလည်တာ မျိုးတော့ မဟုတ်ပါဘူး။ အစ်မက အိမ်ကနေ မုန့်ဟင်းခါးတစ်အိုးပဲချက်ပါတယ်။ ဈေးရောက်မှ မုန့်ဖတ်ကို ခေါက်ပြန်





ပေးယူပြီး ရောင်းတာပါ။ အဲဒီဈေးထဲမှာပဲ ကျွန်တော်ဝတ်ဖို့ **အဝတ်**အစားတွေကို ခေါက်ပြန်ပေးနဲ့ ဝယ်ပေးပါတယ်။

ကျွန်တော်နဲ့ 'မမမာ'က ဈေးထဲမှာရောင်းပြီး ကျွန်တော့်ညီမ(ဝမ်းကွဲ)ပပက ကျောင်းဈေးတွေ လိုက်ရောင်းရပါတယ်။

အရေးအခင်းပြီးလို့ ငြိမ်သက်ချိန်ရောက်တော့ ကျွန်တော့်ကြီးမေကြည်လေးက သူကိုယ်တိုင် ကျွန်တော့်ကို နယ်ကမိဘအိမ်ကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးခဲ့ပါတယ်။

အဲဒီကျေးဇူးတွေကြောင့်ပဲ ကျွန်တော်ဟာ သေကံမရောက်ဘဲ မိဘနေအိမ်ကို (ခေတ္တ)ပြန်ရောက်ရှိခဲ့ပါတယ်။

ကျွန်တော့်ရဲ့ကျေးဇူးရှင်များဖြစ်သော ကြီးမေကြည်လေး၊ အစ်မ'မမမာ'တို့ကတော့ ခုထိဈေးရောင်းတုန်းပါပဲ။

ကမ္ဘာအေးဘုရားထဲ ရောက်တဲ့အခါ ဘုရားဝင်းဝင်ပေါက်ဝရဲ့ ဘယ်ဘက်ကို လှမ်းကြည့်လိုက်ပါ။

'ရွှေခြသေ့်'ဆိုတဲ့ ထမင်းဆိုင် တွေ့ပါလိမ့်မယ်။ အဲဒါ ကျွန်တော့်ကြီးမေကြည်လေးရဲ့ ဆိုင်ဖြစ်တဲ့အပြင် ကျွန်တော့်အစ်မ'မမာ' ဈေးရောင်းနေတာကိုလဲ တွေ့ရမှာပါ။

ကျွန်တော်ဟာလဲ ကျွန်တော့်အစ်မနဲ့အတူ အရေးအခင်းကာလမှာ မုန့်ဟင်းခါးနှစ်လကျော်ရောင်းခဲ့ဖူးတဲ့ဆိုင်လဲ ဖြစ်ပါတယ်ခင်ဗျား။

**မမမာသို့ အမှတ်တရ. .။**

× × ×



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စာရေးဆရာဖြစ်လာတဲ့ အကြောင်း ပြောပြမယ်။

၁၉၉၈ခုနှစ်လောက်က မိုးဂျာနယ်မှာ ဝတ္ထုတိုတစ်ပုဒ်ပါဖူးတယ်။

"ထိုသူလေချွန်နေသည်"

ကလောင်အမည်ကို 'ကေအို'လို့ ပေးခဲ့ပါတယ်။ ကျွန်တော် သီချင်းရေးမယ်ဆိုပြီး ရွေးထားတဲ့ နာမည်ပါ။ အဲဒီနာမည်က အဲဒီတစ်ပုဒ်ပဲ ရေးဖူးတယ်။ ဩဘ် ခေတ်သစ်မဂ္ဂဇင်းမှာ ဘီလူးကို ဝတ္ထုတိုအဖြစ် နှစ်ပုဒ်ရေးဖူးသေးတယ်။



အဲဒီတစ်ပုဒ်စ နှစ်ပုဒ်စ ရေးပြီး မရေးဖြစ်တော့ဘူး။ အရွေး မခံရတော့ဘူးလို့ပြောရင် ပိုမှန်မယ်။

နောက်တော့ စာဖတ်သူဂျာနယ်၊ အပျိုမ,မဂ္ဂဇင်းမှာ 'ကိုကိုကြီး'ကလောင်အမည်နဲ့မှ ဆက်တိုက်ပါလာတာ။ ဒါကလည်း ဆရာနန္ဒာမိုးကြယ်တို့ပြင်ပေးတာကတစ်ကြောင်း၊ ကျွန်တော့်အစ်ကို ပန်းချီကိုဆန်းနဲ့ ပုဂ္ဂိုလ်ရေးခင်နေတာကြောင့် အားနာပြီး ထည့်ပေးနေတာလည်း ပါမှာပေါ့။

နောက် အစ်ကို့ရဲ့ အဆက်အသွယ်နဲ့ပဲ ရှုကြောင်မှုကြောင်နဲ့ ဂျာနယ်အသစ်တစ်စောင်မှာ တာဝန်ခံအယ်ဒီတာ လုပ်ရပါတယ်။

ကျွန်တော် အယ်ဒီတာလုပ်ရတော့ ကျွန်တော့်ရဲ့ဂျာနယ်မှာ ပါဝင်ရေးသားစေချင်တာ တာရာမင်းဝေ၊ မင်းခိုက်စိုးစန်၊ နီကိုရဲတို့ပါပဲ။

နီကိုရဲကိုတော့ အစကတည်းက ခင်မင်ပြီးသားပါ။ (ဒါကိုလည်း ပြီးမှပြောပြမှာပါ)တာရာမင်းဝေနဲ့ မင်းခိုက်စိုးစန်ကိုတော့ မခင်ပါဘူး။ ပိုဆိုးတာက တာရာမင်းဝေကိုပါ။ တွေ့တောင်မတွေ့ဖူးပါဘူး။

ဒါနဲ့ သူနဲ့ခင်တဲ့ English for all က ဦးဝင်းတင်ကို အကူအညီတောင်းရပါတယ်။ ဦးဝင်းတင်က စာတိုလေး ရေးပေးပါတယ်။

ချစ်ညီ

အခုလာတာ ကိုကိုကြီးပါ။ ကူညီလိုက်ပါ။

ဦးဝင်းတင်

အဲဒီတော့မှ သူ့နာမည်ရင်းကို ချစ်ညီမှန်းသိပါတယ်။ နောက်နာမည်တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါက 'ကျောင်းဖွင့်ချိန်'ကဗျာရေးခဲ့တဲ့ နာမည်ပါ။ 'ရွှေဘုန်းလူ'ဖြစ်ပါတယ်။ တာရာမင်းဝေဆိုတဲ့ နာမည်က သူ့အစ်ကို ဒဿရဲ့နာမည်လို့ သူကဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့။

အထက်ပါစာကလေးကိုကိုင်ပြီး ကျွန်တော် သူ့ဆီသွားခဲ့ပါတယ်။ သူက လူချောပါ။ နှုတ်ခမ်းမွှေးစစနဲ့ အသားဆွတ်ဆွတ်ဖြူပါတယ်။

"အေးကွာ ရေးပေးတာပေါ့။ မင်းနာမည် ကိုကိုကြီးဟုတ်လား"

"ဟုတ်ပါတယ်"

သူနဲ့ကျွန်တော် တွေ့ဆုံမှုဟာ သိပ်မကြာလိုက်ပါဘူး။ နောက် ကျွန်တော့်ဂျာနယ်မှာ သူ့ဆောင်းပါးရေးပါတယ်။

"ကျောက်ဖျာပေါ်မှ တောကြောင်ခြေရာများ"

ဝေဖန်ရေးဆန်ဆန် ဆောင်းပါးလေးတွေပါ။ နှိုက်နှိုက်ချွတ်ချွတ် ပေါက်ပေါက်ရှာရှာတွေပါ။

ဥပမာ အင်္ဂလိပ်လတွေမှာ ဧပြီဟာလပါ။ ဒါကို ဧပြီလလို့ ရေးစရာမလိုပါဘူး။ ဧပြီဆို ရပါပြီ ဆိုတာမျိုးတွေပါ။ မြန်မာမဂ္ဂဇင်းတွေမှာတော့ ဧပြီလလို့ လတစ်လုံး ပိုရေးတတ်ကြပါတယ်။

ဒီလိုနဲ့ ဂျာနယ်သုံးပတ်ထုတ်ပြီး ကျွန်တော်ပြုတ်ပါတယ်။ သူနဲ့လည်း လုံးဝအဆက်အသွယ် ပြတ်သွားပါတယ်။

ကျွန်တော်လည်း စာပေလောကနဲ့ အဆက်အသွယ် ပြတ်သွားပါတယ်။ အလုပ်လည်း မရှိတော့ဘဲ ယောင်လည်လည်နဲ့ အစ်ကိုတစ်ယောက်ရဲ့အိမ်မှာ ကပ်နေရပါတယ်။ ကျွန်တော့်ရဲ့ပညာအရည်အချင်းနဲ့ ရန်ကုန်မြို့မှာ အလုပ်ရှာမယ်ဆိုရင် ဆိုက္ကားနင်း ရေထမ်း ဒါပဲရမှာပါပဲ။

ဒီလိုပဲ ယောင်လည်လည်နေတုန်း အိမ်ရှေ့ကို ကားတစ်စီး ရောက်လာပါတယ်။

အံ့သြစရာပါပဲ။ နာမည်ကြီး စာရေးဆရာ တာရာမင်းဝေပါပဲ။ သူ ကျွန်တော်နေတဲ့နေရာကို ဘယ်လိုစုံစမ်းလာတယ်ဆိုတာ ခန့်မှန်းလို့တောင် မရပါဘူး။ သူက ကျွန်တော့်ကို





"လာ ကားပေါ်တက်"

ဆိုပြီးခေါ်သွားပါတယ်။ အဲဒီအထိ သူနဲ့ကျွန်တော်က သိပ်ရင်းရင်းနှီးနှီးကြီး မဟုတ်သေးပါဘူး။ ပြီးတော့ ဆိုင်တစ်ဆိုင် ခေါ်သွားပါတယ်။ သူက ဘီယာသောက်ပါတယ်။ ကျွန်တော်က မသောက်ပါဘူး။

"ကိုကိုကြီး မင်းဘာလုပ်နေလဲ"

ကျွန်တော်လည်း အမှန်အတိုင်း ပြောပြလိုက်ပါတယ်။ အလုပ်မရှိလို့ နယ်ပဲပြန်ချင်နေတဲ့အကြောင်းပါ။ သူက ခေါင်းညိတ်ပြီး

"မိုးဂျာနယ်ကဝတ္ထု မင်းရေးတာဆို၊ ချမ်းမင်းအိမ်ပြောလို့"

သူတို့တွေ စကားစပ်မိရင်း ပြောဖြစ်ကြဟန်တူပါတယ်။

"မင်းကိုငါ အလုပ်ပေးမယ်၊ မင်းလုပ်မလား"

ကျွန်တော်ဝမ်းသာသွားပါတယ်။ အလုပ်မရှိတဲ့အချိန်မှာ အလုပ်ရမှာမို့ပါ။ ဒါကြောင့် ဘာအလုပ်မှန်းမသိဘဲ

ကျွန်တော်ဟာ ဒီအဆင့်ကို ရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားပါဘူး။ တာရာမင်းဝေလိုလူမျိုးက ယုံကြည်စိတ်ချစွာ အယ်ဒီတာအလုပ်ကို ခန့်လိမ့်မယ်လို့ ဘယ်လိုမှ ထင်မထားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘာဖြစ်ဖြစ် လုပ်ပါ့မယ်"

ဆိုပြီး ခေါင်းညိတ်လက်ခံလိုက်ပါတယ်။

"ကဲ ဒါဖြင့်လာ၊ သွားကြစို့"

ဘယ်ကိုမှန်းလည်း မသိပါဘူး။ ဘာအလုပ်လုပ်ရမှန်းလဲ မသိပါဘူး။ ဒါပေမယ့် ကျွန်တော်က ယုံယုံကြည်ကြည်ပဲ လိုက်သွားပါတယ်။

မဟုတ်တဲ့အလုပ်ဆိုလည်း သေပြီပေါ့။

သူ ကျွန်တော့်ကို မြို့ထဲက အခန်းတစ်ခုကို ခေါ်သွားပါတယ်။ အဲဒီရောက်တော့ ကျွန်တော် အံ့အားသင့်သွားပါတယ်။ အဲဒီအခန်းထဲမှာ နီကိုရဲ၊ ဇော်သက်ထွေး၊ နောက် ကိုသူရ(ဇာဂနာ)ရဲ့အစ်ကို ညီကျော်၊ ဒါရိုက်တာမောင်သီ၊ စသည်ဖြင့် ဒိတ်ဒိတ်ကျဲတွေချည်း ရှိနေလို့ပါပဲ။

သူက ကျွန်တော့်ကို အားလုံးနဲ့မိတ်ဆက်ပေးပါတယ်။

"ကဲ ဒါက ခင်ဗျားတို့နဲ့အတူတူ အယ်ဒီတာလုပ်မယ့် ကိုကိုကြီးပါပဲ"

ကျွန်တော် ပိုပြီးအံ့အားသင့်သွားရပါတယ်။ ကျွန်တော်ဟာ ဒီအဆင့်ကို ရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားပါဘူး။ တာရာမင်းဝေလိုလူမျိုးက ယုံကြည်စိတ်ချစွာ အယ်ဒီတာအလုပ်ကို ခန့်လိမ့်မယ်လို့ ဘယ်လိုမှ ထင်မထားပါဘူး။ နောက်ပြီး တွဲလုပ်ရမယ့်သူတွေက တကယ့်ဒိတ်ဒိတ်ကျဲတွေနဲ့ တွဲလုပ်ရမယ်လို့လည်း မထင်ထားခဲ့ပါဘူး။

*အယ်ဒီတာချုပ်ကိုက ဦးမြတ်သစ်ပါ။ ကဲ စဉ်းစားသာကြည့်။*

ဘာမဟုတ်တဲ့ကောင်ဆိုလို့ ကျွန်တော့်တစ်ယောက်သာ ပါရှိပါတယ်။ ဒါဟာလည်း ဂျာနယ်(၃)စောင်နဲ့ ကျွန်တော့်ဝတ္ထုလေးတစ်ပုဒ်ရဲ့ တန်ဖိုးပါ။ လုပ်ရတဲ့မဂ္ဂဇင်းကလည်း ဒိတ်ဒိတ်ကျဲ မဂ္ဂဇင်းပါပဲ။ Idea မဂ္ဂဇင်းပါ။ ပျော်ရွှင်စွာပဲ အလုပ်လုပ်ခဲ့ပါတယ်။





ဒါပေမယ့် စာနယ်ဇင်းနဲ့ အကျိုးမပေးတဲ့ ကျွန်တော်ဟာ မဂ္ဂဇင်း(၃)စောင်အရောက်မှာ အလုပ်ထုတ်ခြင်း ခံလိုက်ရပါတယ်။ စာမရေးတတ်လို့ပါတဲ့။

ဟုတ်လဲဟုတ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ အင်မတန် ညံ့ဖျင်းခဲ့ပါတယ်။ စာတစ်ပုဒ်ကို ကိုယ့်စိတ်ကြိုက်မဟုတ်ရင် ဘယ်လိုမှ မရေးတတ်သေးတဲ့ လူညံ့တစ်ယောက်ပါပဲ။ ကျွန်တော် ကိုယ်တိုင်ဝန်ခံပါတယ်။

ဒီလူတစ်ယောက်
မိုးလင်းမိုးချုပ်
စာကြည့်တိုက်လာပြီး
စာချည်းလာဖတ်နေတာ
အကြောင်းတစ်ခုခုတော့
ရှိရမယ်ပေါ့။

ကျွန်တော်ဟာ ခဏသာပျော်ခဲ့ရပြီး အလုပ်လက်မဲ့ဘဝ ပြန်ရောက်သွားပါတယ်။

အဲဒီမှာမှ ကျွန်တော့်အကြောင်းသိတဲ့ ဦးဝင်းတင်က ခေါ်ပြီး

"ငါ နှစ်တစ်ရာအတွင်းမှာ အရယ်ရဆုံး ဝတ္ထုစာအုပ်တစ်အုပ်လုပ်မယ်၊ မင်း စာတွေဖတ်ပေးနိုင်မလား"

ဆိုပြီးမေးပါတယ်၊ ကျွန်တော်ကလည်း

"ဟုတ်ကဲ့ ဖတ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကတိပေးလိုက်ပါတယ်။ အဲဒီမှာ ဦးဝင်းတင်က လမ်းစရိတ်နဲ့ ထမင်းဖိုးပေးပြီး (၆)ထပ်ကြီးရုံး(အဲဒီတုန်းက)က စာကြည့်တိုက်မှာ နေ့စဉ် စာသွားဖတ်ရပါတော့တယ်။

စဉ်းစားကြည့်ပါ။ ကျွန်တော့်ကံ ပြန်ပြီးကောင်းပုံ။ မြန်မာပြည်မှာ စာအုပ်ဖတ်ပြီး ပိုက်ဆံရတာ ကျွန်တော်တစ်ယောက်ပဲ ရှိပါလိမ့်မယ်။ စာလေးဖတ်လိုက်။ သူများစရိတ်နဲ့ ထမင်းစားလိုက်ပေါ့။

အဲဒီကစ ကျွန်တော်ဟာ စာကြည့်တိုက်ဖွင့်ချိန် နံနက်(၉)နာရီက ညနေ(၅)နာရီအထိ စာချည်းထိုင်ဖတ်နေရပါတော့တယ်။

စာတွေဖတ်ပြီးရင် ဦးဝင်းတင်နဲ့ ဖတ်ခဲ့တဲ့စာတွေကို ပြန်ဆွေးနွေးရပါတယ်။ ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာမကောင်းဘူးပေါ့။

ဒီလိုနဲ့ပဲ စာတွေဖတ်လိုက် ဆွေးနွေးလိုက်နဲ့ သံသရာလည်နေပါတယ်။

(၁)နှစ်လောက်ကြာလာတဲ့အခါ စာကြည့်တိုက်က ကျွန်တော့်ကို မသင်္ကာဖြစ်လာပါတယ်။ ဖတ်စရာလည်း အတော်ကုန်ပြီကိုး။

ဒီလူတစ်ယောက် မိုးလင်းမိုးချုပ် စာကြည့်တိုက်လာပြီး စာချည်းလာဖတ်နေတာ အကြောင်းတစ်ခုခုတော့ ရှိရမယ်ပေါ့။

သူတို့က ကျွန်တော့်ကို ရိုးရိုးသားသား စာလာဖတ်တာလို့ မထင်ပါဘူး။ ဒီစာကြည့်တိုက်က ကောင်မလေးတစ်ယောက်ကိုကြောင်ပြီး စာကြည့်တိုက်ထဲ လာဝင်ထိုင်နေတာလို့ ထင်ပါတယ်။

ထင်လည်းထင်လောက်စရာပါပဲ။ ကျွန်တော့်ရဲ့ပုံက စာပေဝါသနာပါတဲ့ပုံ လုံးဝမပေါက်ပါဘူး။ ဆံပင်ရှည်ရှည် ညှင်းသိုးသိုးနဲ့မှူလူဆိုးနဲ့ပဲ ပိုတူပါတယ်။ သူတို့က ကျွန်တော့်ကို ရိုးရိုးသားသား စာလာဖတ်တယ်လို့ မထင်ပါဘူး။

ဒါကြောင့် သူတို့က ကျွန်တော့်ကို ကန့်သတ်လိုက်ပါတယ်။

ခါတိုင်းဆို တစ်ရက်မှာ မဂ္ဂဇင်း(၁)နှစ်စာ (၁၂)အုပ်ပေး





ဖတ်ရာကနေ ကျွန်တော့်ကို တစ်ရက်မှာ မဂ္ဂဇင်း(၂)အုပ်ပဲ ပေးဖတ်ပါတော့တယ်။

တစ်ရက်မှာ မဂ္ဂဇင်း(၂)အုပ်ပဲ ဖတ်ရတယ်ဆိုတာ ဘာမှမရှိပါဘူး။ နောက်ပြီး ကျွန်တော်အဓိကထားပြီး ဖတ်တာကလည်း ဟာသဝတ္ထုတွေပါ။ ဒါကြောင့် ကိုယ့်ကိုချပေးတဲ့ မဂ္ဂဇင်း(၂)အုပ်မှာ ဟာသဝတ္ထုမပါလာခဲ့ရင် ကျွန်တော်ဟာ အားလပ်ချိန်တွေချည်းပဲ ဖြစ်သွားပါပြီ။

ဒါနဲ့ပဲ ကျွန်တော်ဟာ စာကြည့်တိုက်က ဆင်းပါတယ်။ ဗန္ဓုလပန်းခြံထဲ ပြန်ဝင်ပါတယ်။ ပန်းခြံထဲက လစ်လပ်နေတဲ့ ခုံတန်းတစ်ခုမှာထိုင်ပြီး ဝတ္ထုတွေ စရေးတော့တာပါပဲ။

သွားလေရာ ဗလာစာအုပ်နဲ့ခဲတံ ဆောင်ထားပါတယ်။ နေ့စဉ်နေ့တိုင်း စာကြည့်တိုက်ကဆင်းပြီး ပန်းခြံထဲဝင် စာရေးပါတော့တယ်။ တစ်ခါတလေလည်း အတွဲချောင်းပါတယ်။

ကျွန်တော့်ရဲ့ဝတ္ထုရေးနည်းက ရှင်းပါတယ်။ ဖြတ်သွားဖြတ်လာလူတွေ ပတ်ဝန်းကျင်တွေအားလုံးကို ဇာတ်လမ်းဆင်ပြီး ရေးပါတယ်။ ဝတ္ထုမယ်မယ်ရရ မဟုတ်ပါဘူး။ စာကို ချောနေအောင် အရေးကျင့်တဲ့ သဘောပါပဲ။

မဂ္ဂဇင်းမှာ အလုပ်ပြုတ်ခဲ့သလို စာတစ်ပုဒ်ကို ကိုယ့်စိတ်ကြိုက်မဟုတ်ရင် မရေးတတ်တဲ့သူမျိုး မဖြစ်ရအောင်ပါ။

ရေးရင်းရေးရင်းနဲ့ ကျွန်တော်ပျော်လာပါတယ်။ မြင်မြင်သမျှအတော်များများကို ဇာတ်လမ်းဆင်ပြီး ရေးတတ်လာပါတယ်။

မယုံမရှိပါနဲ့။

ကျွန်တော်နဲ့ခင်တဲ့ မဂ္ဂဇင်း ဂျာနယ် အယ်ဒီတာတွေကို မေးကြည့်ပါ။ ကျွန်တော် သူတို့မဂ္ဂဇင်းဂျာနယ်တိုက်ရောက်ရင် စာရွက်နဲ့ဘောပင်ချပေးပါတယ်။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဒီအကြောင်းလေးရေးပေးပါ"

ဆိုရင် ကျွန်တော်ချက်ချင်း ရေးပေးလေ့ရှိပါတယ်။ စာမူ တောင်းရင် မရေးတာများပြီး အဲသည်လို ကျွန်တော့်ကိုဖမ်းပြီး ရေးခိုင်းရင် နေရာမရွေးပါပဲ၊ အကြောင်းအရာမရွေးပါပဲ ရေးပေးလေ့ရှိပါတယ်။ ဒါဟာလည်း ကျွန်တော့်ရဲ့အတွေ့အကြုံ (၁)နှစ်စာ ကျွန်တော် ဖတ်ခဲ့တဲ့ စာတွေရဲ့အကျိုးကျေးဇူးပါပဲ။

ကျွန်တော် တာရာမင်းဝေ(ကိုရွှေဘုန်း)ဆီ ပြန်သွားပါတယ်။

"အစ်ကို ကျွန်တော်လုံးချင်းဝတ္ထုတွေ စရေးတော့မယ်"

သူက အားတက်သရောပါပဲ။

"အေး ရေးလေကွာ၊ မင်းကို ဘယ်သူမှထုတ်မပေးရင် ငါ ထုတ်ပေးမယ်"

ကျွန်တော် အားတက်သွားပါတယ်။ စဉ်းစားကြည့်ပါ။ ကျွန်တော့်လို ဘာမဟုတ်တဲ့သူကို ဒိတ်ဒိတ်ကျဲစာရေးဆရာက ထုတ်ပေးမယ်ဆိုတော့ ကျွန်တော်ဟာ စာပေနဲ့ပတ်သက်ရင် ထိပေါက်တဲ့သူ ဖြစ်နေပါပြီ။ ပထမအကြိမ် ကူညီခဲ့သလို ဒုတိယအကြိမ်လဲ ကူညီမယ် ဆိုပါတယ်။

ဒါနဲ့ပဲ ကိုယ့်ဘာသာကိုယ် စာပေနဲ့ပတ်သက်ပြီး ယုံကြည်စိတ်ချရပြီဆိုတဲ့အခါမှာ ကျွန်တော်ဟာ လုံးချင်းဝတ္ထုကို စရေးခဲ့ပါတယ်။

"ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"

ဒါဟာ ကျွန်တော့်မိသားစုအကြောင်းပါ။ ကျွန်တော် နှစ်ပေါင်းမြောက်မြားစွာ လူပေါင်းမြောက်မြားစွာကို ပြောပြခဲ့တဲ့အကြောင်း လေးတစ်ခုပါပဲ။

ဒီမှာပြောရပါဦးမယ်။

ဟာသဝတ္ထုရေးနည်းထဲမှာ နီကိုရဲရဲ့ ဝတ္ထုရေးနည်းကို သဘောကျပါတယ်။ ကိုရဲဝင်း(နီကိုရဲ)ဟာ ဝတ္ထုမရေးခင် သူ့ဝတ္ထုကို





လူတိုင်းကိုလိုက်ပြီး ပြောပြပါတယ်။ သူရေးတဲ့ 'မကြည်ပြာ'ဆိုရင် ကျွန်တော်တို့ သူပြောတာကို မကြားဘူးတဲ့ဝတ္ထု မရှိပါဘူး။ သူပြောပြခဲ့ပြီး ပုံနှိပ်ခြင်းမခံခဲ့ရတဲ့ဝတ္ထုတွေတောင် ကျွန်တော်တို့နားထောင်ခဲ့ရဖူးပါတယ်၊ ဒါဟာလည်း နီကိုရဲအကြောင်းရေးရင် ကျွန်တော်ပြောပြပါ့မယ်။

ကျွန်တော်ဟာလည်း ဝတ္ထုကိုမရေးခင် လူအတော်များများကို ဒီဝတ္ထုအကြောင်း လိုက်ပြောပြဖူးပါတယ်။ လူတွေကလည်း သဘောကျကြပါတယ်။ ဒါကြောင့် အမြဲပြောသားကျနေတဲ့ဝတ္ထုကို စတင်ပြီး ရေးသားတာပါ။

ကျွန်တော့်လို ပါးစပ်ပါချက်ကောင်ကို တာရာမင်းဝေက တင်ပေးမယ်ဆိုတော့ စဉ်းစားသာကြည့်။ ကျွန်တော်ဟာ စာပေနဲ့ပတ်သက်ပြီး ထိပေါက်နေတာပါဆို

နောက်မှ ရေးလက်စဖြစ်တဲ့ ဘီလူးဝတ္ထုကို ဆက်ရေးပါတယ်။

ဘီလူးဝတ္ထုရေးပြီး တာရာမင်းဝေ(ကိုရွှေဘုန်း)ဆီ ပြန်သွားပါတယ်။

"အစ်ကို ကျွန်တော့်ဝတ္ထုကို ဖတ်ကြည့်ပါဦး"

သူ စိတ်ရှည်လက်ရှည် ဖတ်ပေးရှာပါတယ်။ ပြီးမှ

"မင်း ဘယ်ကလောင်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ရွေးလဲ"

"အကြည်တော်ပါအစ်ကို"

သူခေါင်းညိတ်တယ်။

"မဆိုးဘူးကွ၊ ဒါပေမယ့် မင်းဒီအတိုင်းပဲ စာအုပ်ကိုထွက်မယ်ဆိုရင် လူတွေ မင်းကို သတိထားမိချင်မှ ထားမိမယ်၊ ဒီတော့ ဒီလိုလုပ်ကွ၊ နိုင်ငံခြားမှာတော့ရှိတယ်၊ ဒီမှာတော့ မတွေ့ဖူးဘူး၊ မင်းရဲ့ ဝတ္ထုအတိုတွေကိုစုပြီး ငါက ဝတ္ထုအရှည်အဖြစ် ဇာတ်ဆင်ပြီးပြန်ရေးမယ်"

"အကြည်တော်ရဲ့ဝတ္ထုတိုများကို တာရာမင်းဝေ ပြန်ရေးသည်ပေါ့ကွာ၊ ဒါဆိုရင် မင်းကို လူတွေချက်ချင်း သိသွားကြလိမ့်မယ်"

သူစကားကြားတော့ ကျွန်တော်အလွန်ဝမ်းသာသွားတယ်။ ဟုတ်တယ်လေ။ ကျွန်တော့်လို ပါချီပါချက်ကောင်ကို တာရာမင်းဝေက တင်ပေးမယ်ဆိုတော့ စဉ်းစားသာကြည့်။ ကျွန်တော်ဟာ စာပေနှံ့ပတ်သက်ပြီး ထိပေါက်နေတာပါဆို။

"မင်းမှာ ဝတ္ထုအတိုတွေရှိလား"

"ဟုတ် ရှိပါတယ်အစ်ကို၊ မရှိလည်း ရေးလိုက်ပါ့မယ်"

သူခေါင်းညိတ်ပြီး

"အေး ဒါဖြင့် ဆယ်ပုဒ်ယူခဲ့ကွာ၊ ဝတ္ထုတိုတစ်ပုဒ်ကို သုံးထောင်နှုန်းနဲ့ပေးမယ်၊ ဆယ်ပုဒ်ဆိုတော့ သုံးသောင်းယူသွား"

"ခင်ဗျာ"

ပိုက်ဆံပါချပေးတော့ ကျွန်တော်အံ့အားသင့်သွားတယ်။ စဉ်းစားကြည့်လေ။ သူက ကျွန်တော့်ကိုလည်း တင်ပေးမယ်။ ဒါကို ပိုက်ဆံပါ ထပ်ပေးနေတယ်ဆိုတော့ မထူးဆန်းဘူးလား။ ကျွန်တော် ကြောင်နေမိတယ်။ သူက ဘာမှမဖြစ်သလိုနဲ့

"အေး မြန်မြန်ရေးပြီးတော့ ယူခဲ့ကွာ"





ကျွန်တော် ပိုက်ဆံယူပြီး ပြန်ခဲ့တယ်။

သူ့အပြုအမူက ထူးဆန်းနေတယ်လို့ ကျွန်တော်ထင်တယ်။

နောက်မှ သိရတာက

ကျွန်တော်အင်မတန်ဆင်းရဲနေကြောင်း သူကြားတယ်။ ပိုက်ဆံမရှိလွန်းလို့ ရုပ်ပြရေးတဲ့ ပန်းချီကျော်အောင်မော်ဆီမှာ ဇာတ်လမ်းတစ်ပုဒ်ကို ငွေခြောက်ထောင်နဲ့ ရေးစားနေမှန်း သူသိသွားတယ်။ ဒါကြောင့် ကျွန်တော့်ကို သက်သက် တစ်ဖက်လှည့်နဲ့ ကူညီလိုက်တာပါပဲ။ (ကိုကျော်အောင်မော်အကြောင်းလည်း ကြုံရင်ပြောချင်ပါသေးတယ်။ သူလည်း ကျွန်တော့်ကျေးဇူးရှင်ပါပဲ)

အဲဒါကိုလည်း ကျွန်တော်ပြန်သိတဲ့အခါ ကျွန်တော့်ရဲ့ လုံးချင်းဝတ္ထုတွေကို သူ့ကိုထုတ်ခိုင်းဖို့ အားနာသွားပါတယ်။ ဝတ္ထုတွေမပေါက်ခဲ့ရင်ဆိုတဲ့ သူ့အတွက်အားနာစိတ်နဲ့ ကျွန်တော့်ဝတ္ထုတွေထုတ်ပေးဖို့ မပြောတော့ပါဘူး။

ဒီလိုနဲ့ ဝတ္ထုရေးတဲ့ဇာတ်လမ်း ခဏရပ်သွားပြန်ပါတယ်။

ကျွန်တော့်ဝတ္ထုတွေကို ဘယ်သူထုတ်မှာလဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဝတ္ထုတွေ ဘယ်သူထုတ်မှာလဲ။

တစ်နေ့တော့ ကံကောင်းခြင်းတွေ ရောက်လာပါတယ်။

အဲဒီနေ့က ကျွန်တော့်ရဲ့သူငယ်ချင်း ဒီဇိုင်နာမျိုးထွန်းဝင်းက ပြက္ခဒိန်တစ်ခုကို ဒီဇိုင်းလုပ်ပြီး ငွေရှင်လာတဲ့နေ့ပေါ့။

သောက်ကြစားကြရင်း သူက သူနဲ့တစ်နယ်တည်းသား ကျောင်းတော်သား သျှင်ထွေးဟန် (ယဉ်ကျေးမှုတက္ကသိုလ်)ကို အားမလိုအားမရဖြစ်ပြီး ပြောနေတာပါ။





"မင်းကွာ စာကို ဘာလို့ဆက်မရေးတော့တာလဲ"

ဟုတ်ပါတယ်။ သျှင်ထွေးဟန်ဆိုတာ စာရေးသိပ်ကောင်းတဲ့သူပါ။ ကျွန်တော်တို့နဲ့ တစ်အိမ်တည်းအတူနေပြီး မဂ္ဂဇင်းတွေမှာ နာမည်ကြီးဝတ္ထုတိုရေးဆရာဖြစ်နေသူပါ။ ဒါပေမယ့် သူဟာအရက်စွဲသွားတာလား၊ မိန်းမစွဲသွားတာလား မသိပါဘူး။ ရေးသမျှ ဆုတွေတစ်ခုပြီးတစ်ခု ရနေရာကနေ စာကို လုံးဝမရေးဘဲ ရပ်သွားတဲ့အထိဖြစ်သွားတာပါပဲ။

ဒါနဲ့ သျှင်ထွေးဟန်က အနည်းငယ်ထွေနေပြီမို့

"ငါရေးတော့ မင်းထုတ်ပေးမှာလား ကဲ ပြော"

ဆိုတော့ မျိုးထွန်းဝင်းကလည်း စိတ်ဆတ်တယ်။

"ထုတ်ပေးမယ်ကွာ၊ ရော့ ဒီမှာ စရန်ယူထား ငွေသုံးထောင်"

ဆိုပြီး ငွေသုံးထောင် ထုတ်ပေးတယ်။ ပေးပြီးမှ ကျွန်တော်ရှိနေတာ သတိရပြီး အားနာသွားတယ်ထင်တယ်။ ကျွန်တော့်ဖက်လှည့်ပြီး

"ကိုကြည် ကိုကြည် လုံးချင်းရေးမလား"

ကျွန်တော့်ကို ဒီလိုမေးမယ့်သူ ဘယ်သူမှ မရှိပါဘူး။ ဒါနဲ့ ကတုန်ကယင်နဲ့ပဲ

"အေး. . အေး မင်းထုတ်ပေးရင်တော့ ရေးတာပေါ့"

ဆိုပြီးပြောလိုက်မိတယ်။ ဒါနဲ့ မျိုးထွန်းဝင်းက သက်ပြင်းချပြီး

"ဒါဖြင့် ကျွန်တော့်ဆီမှာတော့ သိပ်မရှိတော့ဘူး၊ ကိုကြည် နှစ်ထောင်ယူထား၊ ကွန်ပျူတာစာစီကတော့ ကျွန်တော့်အလုပ်ခန်းမှာပဲ လာစီကြပေါ့"

ဆိုပြီး ပိုက်ဆံပေးသွားတယ်။

နောက်နေ့မှာပဲ ကျွန်တော် ဝတ္ထုရှည်တစ်ပုဒ်ကိုစရေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊

"ကဝေပျို၏နိဒါန်း"

ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်ဟာ ဟာသမှာကဝေတစ်ကောင်ဖြစ်ရမယ်၊ ဒီစာအုပ်ဟာ ငါ့ရဲ့ပထမဆုံး(နိဒါန်း)လည်း ဖြစ်ရမယ်၊ ဒါကြောင့် ဒီစာအုပ်ကို ကဝေပျို၏နိဒါန်းလို့ ပေးခဲ့တာပါ။

ဖြစ်ချင်တော့ ကျွန်တော့်ကို စာစီပေးတဲ့ ကောင်မလေးကလည်း အရယ်သန်တယ်။ သူက ကျွန်တော့်စာကို စာစီလိုက်၊ အော်ကြီးဟစ်ကျယ် ထရယ်လိုက်ဆိုတော့ လူတွေက အံ့အားသင့်ကြတယ်။

သူက ဟက်ဟက်ပက်ပက်ရယ်တော့ လူတွေက လာဝိုင်းအုံလိုက်၊ ပြန်ကွဲလိုက်ဖြစ်နေတယ်။

နောက် ကျွန်တော့်သူငယ်ချင်း စိုင်းဘိုဘို(ယခင်မော်ဒယ်ပေါ့ဗျာ)ကလည်း နာမည်ကြီးစပေါ့။ ဒီကောင်နဲ့က ခွေးလှေးကြမ်းပိုးတည်းက ခင်နေတာ။

အဲဒါကို သူကလည်း သူများတွေရယ်နေတော့ စာရွက်ထုတ်နိုင်း၊ (၃၆)လမ်းရှေ့ ကတ္တရာလမ်းမှာခုံချပြီး စာဖတ်လိုက် ထိုင်ရယ်လိုက်ကို လုပ်နေတာ။ လူတွေကလည်း စိုင်းဘိုဘိုရူးသွားပြီလားဆိုပြီး တော့ဗျာ။

ဖြတ်သွားဖြတ်လာများက

"စိုင်းဘိုဘို ဘာဖြစ်နေတာလဲ"

ဆို သူက

"ဒီမှာလေ မောင်ကြည့်စာအုပ် ဖတ်ပြီးရယ်နေတာ"

လူတွေက သိမှမသိကြဘဲ။ ဒါကြောင့်

"မောင်ကြည်ဆိုတာ"

"အကြည်တော်လေ"

"မကြားဖူးပါဘူး၊ ဘယ်တုန်းကထွက်တာလဲ"





"မထွက်သေးဘူး အခုမှစာစီတုန်း"

ဒီလိုနဲ့ နီးစပ်ရာ နီးစပ်ရာမှာ ကျွန်တော်က နာမည်ရလာတယ်။ ဒါပေမယ့် ကျွန်တော့်စာအုပ် ထုတ်မယ့်သူ ဘယ်သူမှမရှိဘူး။

မျိုးထွန်းဝင်းကလည်း ရူးကြောင်မူးကြောင်နဲ့သာ ပိုက်ဆံပေးခဲ့တာ။ အမှန်က သူလည်း စာအုပ်ထုတ်နိုင်လောက်တဲ့သူ မဟုတ်ဘူးလေ။

"ခင်ဗျားစာအုပ် ကောင်းတော့ကောင်းတယ်ဗျ၊ ဒါပေမယ့် ကျွန်တော် ဘယ်လိုလုပ်ပြီး ထုတ်နိုင်မှာလဲ"

ကျွန်တော့်ရဲ့စာရေးခြင်းက ရပ်ပြန်ပြီပေါ့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော်က်ကောင်းပါတယ်။

ဘာလို့လဲဆိုတော့ ကျွန်တော့်စာအုပ်ကို ကွန်ပျူတာထဲမှာ လာကြိတ်ဖတ်နေတဲ့အထဲမှာ ကျွန်တော်မသိတဲ့ နာမည်ကြီးတစ်ယောက် ပါသေးတယ်။

"ညီသစ်"

ညီသစ်နဲ့ကျွန်တော် လူချင်းလည်း မရင်းနှီးပါဘူး။ (အဲဒီတုန်းက)တွေ့လည်းမတွေ့ဖူးကြပါဘူး။

ညီသစ်ဆိုတာ တေးရေးတစ်ဦးပါ။ နောက်





ပြီး စာရေးဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။ ဘာသာပြန်ဟာသတွေ အများကြီး ရေးသွားပါတယ်။

သူက ကျွန်တော့်စာတွေဖတ်ပြီး ကျွန်တော်တောင်မသိဘဲ နှုတ်၏စောင်မခြင်းဖြင့် ထုတ်ဝေသူကို သွားပြောပါတယ်။

"ကျွန်တော် အင်မတန်ရယ်ရတဲ့ကောင်တစ်ကောင် တွေ့ထားတယ်ဗျ"

ထုတ်ဝေသူက စိတ်ဝင်စားပါတယ်။ ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။

အဲဒီအချိန်က ကျွန်တော့်မှာ စီးစရာ အဖေ့ရဲ့မြင်းကြယ်ဖိနပ်ပဲ ရှိပါတယ်။ ထုတ်ဝေသူနဲ့တွေ့ရမှာမို့ ဝတ်စရာအကျီအကောင်းမရှိလို့ ကျွန်တော့်အဖေရဲ့အကျီကို ယူဝတ်သွားရပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော် အောင်မြင်မှုလမ်းစပေါ် ချဉ်းကပ်မိပါပြီ။

ကျွန်တော်နဲ့အတူ လုံးချင်းဝတ္ထုအတူရေးမယ့် သျှင်ထွေးဟန်က အရက်ကြောထဲ မျောနေတုန်းပါပဲ။ (အခုတော့ အဲဒီအရက်နဲ့ပဲ သေရှာပါပြီ)

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စာအုပ်ထုတ်မယ်ဆိုတော့ အစက ပြဿနာက ကျွန်တော့်ကို ဘယ်သူမှ မသိတာပါပဲ။

မဂ္ဂဇင်းဂျာနယ်မှာ တွင်တွင်ကျယ်ကျယ် ရေးနေတဲ့သူလည်း မဟုတ်ပါဘူး။ အယ်ဒီတာ ကောင်းလည်း မဖြစ်ခဲ့တဲ့အတွက် ဒီအတိုင်းချည်း စာအုပ်ထုတ်လိုက်ရင် ဘယ်သူမှတောင် ကိုင်ကြည့်မိကြလိမ့်မယ် မဟုတ်ပါဘူး။ ဒါကို ထုတ်ဝေသူကလည်း ကြောက်ပါတယ်။ စာအုပ်ကိုတော့ ကြိုက်ပါတယ်။ ဒါပေမယ့် မပေါက်သွားမှာကို လည်း စိုးရိမ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို





ပြောပါတယ်။

“ကိုကြည် စာအုပ်ကို ဒီအတိုင်းထွက်လိုက်ရင်”

“အကြည်တော်”

“ကဝေပျို၏နိဒါန်း”

“ဆိုရင် ဘယ်သူမှ ကိုင်ကြည့်ကြမှာမဟုတ်ဘူး”

“အဲဒီတော့”

“အဲဒီတော့ နာမည်ကြီးတစ်ယောက်ယောက်ကို အမှာစာရေးခိုင်းရင်တော့ ပိုဖြစ်မယ်ဗျ၊ သူတို့က ဖတ်ကြည့်ပါဘာညာဆိုရင် သူတို့ပရိသတ်က ဖတ်ကြမှာဗျ၊ ခင်ဗျားမှာ နာမည်ကြီးထဲက အသိရှိလား”

ကျွန်တော့်မျက်နှာ ဝင်းလက်သွားမှာ သေချာတာပေါ့။

“ရှိတာပေါ့၊ ကျွန်တော်နဲ့ ညီအစ်ကိုလို ဖြစ်နေတဲ့ တာရာမင်းဝေကို ရေးခိုင်းရင်ရော၊ ဒီထက်ဝိတ်ရှိတာ ဘယ်သူရှိဦးမှာလဲ”

တာရာမင်းဝေကို အမှာစာရေးခိုင်းမယ်ဆိုတော့ ထုတ်ဝေသူလည်း ပျော်သွားတယ်။

ကျွန်တော်လည်း မရောက်တာ ကြာပြီဖြစ်တဲ့ အစ်ကို့ဆီ စာမူထုပ်ပိုက်ပြီး ပြန်သွားဖြစ်တယ်။

“ကျွန်တော် လုံးချင်းရေးဖြစ်ပြီ၊ ထုတ်ဝေသူလည်းရပြီ အစ်ကို”

“ဟုတ်လား ဝမ်းသာစရာပဲ”

သူလည်း ကျွန်တော့်အတွက် ဝမ်းသာသွားတဲ့ပုံပါပဲ။

“အဲဒါ အစ်ကို ကျွန်တော့်ဝတ္ထုလေးကို အမှာစာရေးပေးပါလား”

သူလည်း ဝမ်းသာအားရပဲ

“ဟာ ရေးပေးရမှာပေါ့၊ ထားခဲ့ထားခဲ့ ငါဖတ်ထားပြီး အသေ



www.burmeseclassic.com

အချာရေးပေးမယ်”

ကျွန်တော် စာမူထုပ်ကို သူ့ဆီထားခဲ့ပြီး ပြန်လာခဲ့ပါတယ်။

နောက်နှစ်ရက်သုံးရက်ကြာတော့ ကျွန်တော် သူ့ဆီဖုန်းဆက်လိုက်ပါတယ်။

“ဖတ်ပြီးပြီလားအစ်ကို”

“ဖတ်ပြီးပြီကွ ငါစဉ်းစားနေတယ်”

“ဘာကိုလဲအစ်ကို”

“ဘာမှမဟုတ်ပါဘူးကွာ၊ ရှေ့အပတ်ထဲလာခဲ့”

သူဖုန်းချသွားတယ်။ ကျွန်တော့်စိတ်ထဲ ကသိကအောက်ပါပဲ။ ကျွန်တော့်စာအုပ်မှာ ဘာချွတ်ယွင်းနေလဲပေါ့။

နောက် သူချိန်းထားတဲ့ရက်မှာ ကျွန်တော် သူ့ဆီသွားခဲ့ပါတယ်။

သူက အဆင်သင့်စောင့်နေပြီး ကျွန်တော့်စာမူပြန်ချပေးပါတယ်။

“ဒီမှာ မင်းစာမူ”

ကျွန်တော် စောဒကတက်လိုက်တယ်။

“အမှာစာရော အစ်ကို”

သူက ကျွန်တော့်ကိုကြည့်ပြီး

“မရေးဖြစ်ဘူး ကိုကိုကြီး”

“ဗျာ ဘာဖြစ်လို့လဲ အစ်ကို”

ကျွန်တော် အံ့အားသင့်သွားတယ်။ ဘာလို့မရေးတာပါလိမ့်။ သူက

“ရေးစရာမလိုဘူးကွ ညီလေးရ”

“ဘာ. . ဘာများဖြစ်လို့လဲအစ်ကို”

သူ ကျွန်တော့်ကိုရှင်းပြတယ်။





“မင်းရေးလက်က ဖြစ်နေပြီ ကိုကိုကြီး၊ မင်းဟာ စာရေးဆရာအကြည်တော် ဖြစ်နေပြီ၊ ငါက အမှာစာရေးပေးလိုက်မှ မင်းဟာ တာရာမင်းဝေတပည့် အကြည်တော်ဆိုပြီး ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် တာရာမင်းဝေတပည့် မလုပ်နဲ့၊ မင်းဘာသာမင်းပေါက်လာတဲ့ အကြည်တော်ပဲ လုပ်စမ်းပါ”

အဲဒီတုန်းက ကျွန်တော် အတော်လေးကို စိတ်မကောင်းဖြစ်ခဲ့တယ်။ သူပြောတာကိုလည်း ရုတ်တရက်မကြိုက်ဘူး။ သူက တခြားသူတွေအတွက်ကို အမှာစာတွေ မနည်းမနောရေးပေးခဲ့တယ်။ ကျွန်တော့်ကျမှ သူက မရေးဘူးတဲ့။

“မင်းက ငါ့အမှာစာရေးစရာမလိုဘူး ကိုကိုကြီး”

ကျွန်တော် စိတ်ဓာတ်ကျသွားပါတယ်။ ဒီလောက်ခင်နေလျက်နဲ့ ပထမဆုံး ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ပွဲမှ မကူညီတော့တာကိုပါ။

ဘာမှမတတ်နိုင်ဘူးလေ။

ဒါကြောင့် အကြံ့အစည်ကြီးကြီးနဲ့ ကျောင်းဝင်းထဲ ကန်တင်း(န်)ဆိုင်ဖွင့်မယ်ဆိုပြီး ဘာမှမရောင်းတဲ့ ခပ်တည်တည် တဲထိုးနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကမှ မရေးပေးတာ။ စာမူကြီးပိုက်ပြီး ပြန်ခဲ့ရတယ်။

ထုတ်ဝေသူကို ပြန်ပြောတော့

"အေးဗျာ သူမရေးတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ခင်ဗျား တခြားတစ်ယောက် ကြိုးစားကြည့်ဦးမလား"

ကျွန်တော် ငြင်းလိုက်ပါတယ်။ နာမည်ကြီးအသိတွေတော့ အများကြီးပါ။ နောက်တစ်ယောက်ကပါ ကျွန်တော့်ကို အမှာစာမရေးပေးခဲ့ရင် ကျွန်တော်သေသွားမှာပါ။

ကျွန်တော်တို့ စာအုပ်ထုတ်ဖို့ စီစဉ်ပါတယ်။

အမှန်တော့ ထုတ်ဝေသူက ကျွန်တော့်စာအုပ်ကို မထုတ်စေချင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်စာအုပ်ထုတ်ချင်တာ (၃)လပိုင်းအကုန်နားမှာမို့ပါ။

အားလုံးသိကြတဲ့အတိုင်း မြန်မာပြည်မှာ သင်္ကြန်နားနီးရင် သင်္ကြန်စီးရီးခွေကလွဲပြီး ဘာမှအလုပ်မဖြစ်တော့ပါဘူး။ ဘာမှလည်း စိတ်မဝင်စားကြတော့ပါဘူး။ စာအုပ်ဆို ပိုဆိုးပါသေးတယ်။

ကျွန်တော်ကတော့ သင်္ကြန်သောဘာသော မသိနိုင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရဲ့ညီ မီရာမိုရ်က ဂျပန်ကို ပညာတော်သင်သွားတော့မှာမို့ပါ။

"ဘာဆိုင်လို့လဲ"လို့ မေးကြပါလိမ့်မယ်။ ဟုတ်ကဲ့ ဆိုင်ပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ဟာ နေစရာနေရာမရှိလို့ ကျောင်းဝင်းထဲမှာ တဲထိုးနေပါတယ်။

သူများကျောင်းဝင်းထဲ တဲထိုးနေတာ လတ်တလော အိမ်လေးတောင် မငှားနိုင်လို့လားလို့ မေးကြဦးမှာပါ။ မဟုတ်ပါဘူး ငှားနိုင်ပါတယ်။ ဒါပေမယ့်

ဥပမာ

အဲဒီအချိန်က တိုက်ခန်းတစ်ခန်းကိုငှားရင် တစ်လတစ်





သောင်းကျတယ်ဆိုပါတော့။ သုံးလဆို သုံးသောင်းကျမှာပါ။

အဲဒီသုံးလစာကို တစ်ခါတည်း အကုန်အကျခံပြီး ကျောင်းဝင်းထဲ တဲထိုးရင် သုံးသောင်းလောက်ကုန်ပါတယ်။ ဒါပေမယ့် အဲဒီတဲက ကိုယ့်အပိုင်တဲဖြစ်ပြီမို့ နောက်ထပ်အိမ်ငှားခလို ငွေကုန်စရာ မရှိတော့ပါဘူး။ နောက်ခြောက်လနေလည်း အလကား၊ တစ်နှစ်နေလည်း အလကားမို့ ဘာကုန်ကျစရိတ်မှ မရှိတော့ပါဘူး။ ဒါကြောင့် အကြံအစည်ကြီးကြီးနဲ့ ကျောင်းဝင်းထဲ ကန်တင်း(န်)ဆိုင်ဖွင့်မယ်ဆိုပြီး ဘာမှမရောင်းဘဲ ခပ်တည်တည် တဲထိုးနေတာပါ။

အဲဒီလိုနေတဲ့အခါ ကျွန်တော့်ညီရှိတုန်းက သူကကျောင်းဆရာမို့ အဆင်ပြေပါတယ်။ သူမရှိတော့ရင် ကျွန်တော့်ကို ဘယ်သူက ပေးနေမှာလဲ။ ဘာမှမဆိုင်ဘဲ ကျောင်းဝင်းထဲ အလကားလာနေနေတဲ့ကောင်ဆိုပြီး ကန်ထုတ်မှာပေါ့။ ဒီတော့ နေစရာလည်းမရှိ။ စားစရာလည်းမရှိ။ အလုပ်လည်းမရှိတဲ့ ကျွန်တော့်ကို ကျွန်တော့်ညီက စိတ်ပူပါတယ်။

သူရှိတုန်းကတော့ သူ့လခနဲ့ ဘာဖြစ်ဖြစ် ညီအစ်ကို အဆင်ပြေပါတယ်။ လူပျိုလူလွတ်ကလည်း ဒီနှစ်ယောက်ရှိတော့တာကိုး။ (အခုတော့ သူလည်း ကလေးနှစ်ယောက်အဖေဖြစ်နေပါပြီ)ကျန်တဲ့သူတွေက သူ့အလုပ်နဲ့သူ့အိမ်ထောင်။ ကျွန်တော့်လိုလူမျိုးကို ဘယ်သူက ဘယ်မိန်းမတွေက လက်ခံချင်မှာလဲ။

ဒါကြောင့် သူစိတ်မပူအောင် သက်သေပြချင်တယ်။

"ညီလေး ငါလည်း စာရေးဆရာဖြစ်နေပါပြီကွာ၊ စိတ်မပူပါနဲ့"

ဆိုတာမျိုးကိုပါ။ ဒါကြောင့် သူဂျပန်မသွားခင် ကျွန်တော်က သူ ကျွန်တော့်အတွက် စိတ်မပူအောင် သက်သေပြချင်တယ်။

သူက (၂)ရက် (၄)လ (၂၀၀၃)မှာ သုံးနှစ်ထောင်ခွာမှား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စာအုပ်သာ မပြနိုင်ရင် သူစိတ်ဖြောင့်မှာ မဟုတ်ဘူး။ ဒါကြောင့် ထုတ်ဝေသူကို ဂျီတိုက်ရတယ်။

နောက်ဆုံးတော့ ထုတ်ဝေသူက ကျွန်တော်တို့ကို သနားပြီး ရက်ကြပ်ကြီးမှာတောင် စာအုပ်ထုတ်ပေးရှာတယ်။

× × ×





၂၁. ၃. ၂၀၀၃
အကြည်တော်
ကဝေပျို၏ နိဒါန်း

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဘုန်း(တာရာမင်းဝေ) ဆုံးဖြတ်ချက် မှန်ခဲ့ပါတယ်။

ကျွန်တော်ဟာ ဘယ်သူ့လက်အောက်ကမှ မဟုတ်။ ဘယ်သူ့ရေးဟန်မျိုးမှမဟုတ်ဘဲ သီးခြားအောင်မြင်ခဲ့ပါတယ်။

ဟာသမှာ ကဝေဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့နိဒါန်းကလည်း လှပခဲ့ပါတယ်။

သကြ်န်နားနီးတဲ့ အချိန်မျိုးမှာတောင် အကြည်တော်ကို လူတွေသိသွားပါတယ်။ ကျွန်တော့်ရဲ့ညီ ဓီရာမိုရ်လည်း ကျွန်တော့်စာအုပ်ကိုကိုင်ပြီး စိတ်ချလက်ချစွာ လေယာဉ်ပေါ် တက်သွားပါတော့တယ်။

× × ×





အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ဟာ ငယ်စဉ်က ဘာမျှော်လင့်ချက်မှ ရေရေရာရာ ရှိခဲ့တဲ့သူ မဟုတ်ပါဘူး။

အခုခေတ်လူငယ်တွေရဲ့ အဖြေစကားမှာ

"ဆရာဝန်ကြီးဖြစ်ချင်တယ်"

"ငယ်စဉ်ကတည်းက အနုပညာဝါသနာပါတယ်"

ဆိုတာမျိုးကြားရင် သိပ်ပြီးအံ့သြရပါတယ်။ ကျွန်တော့်မှာ မရှိတာ သူတို့မှာ ယောင်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ရှိနေလို့ပါ။

ကျွန်တော်ဟာ ငယ်စဉ်ကတည်းက ဆရာဝန်လဲ မဖြစ်ချင်ပါဘူး။ မဖြစ်နိုင်မှန်း သိလို့ပါ။ အနုပညာလဲ ဝါသနာပါ,မပါလဲ မသိပါဘူး။

ကျွန်တော့်ရဲ့အမြင့်ဆုံးရည်မှန်းချက်ကိုပြောရင် အားလုံးရယ်ကြမှာပါ။ ကျွန်တော့်ရဲ့ရည်မှန်းချက်က

"ကျွန်တော် ပိုက်ဆံရှိအောင်လုပ်မယ်။ (ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်)ပိုက်ဆံရှိရင် ပါပလေကားကားတစ်စီးဝယ်စီးမယ်။ ရွှေရောင်နာရီပတ်မယ်။ စီးကရက်သောက်မယ်"

ဒါပါပဲ။ ဒါဟာ ကျွန်တော့်ငယ်ဘဝရဲ့ ရည်မှန်းချက်ပါ။

အသက်ကြီးလာမှ သိရတာက ကျွန်တော်ဟာ အကောင်းစားနဲ့ ဘာနဲ့မှမတည့်ဘူး ဆိုတာပါပဲ။ ရွှေရောင်နာရီမပြောနဲ့၊ ရွှေဆွဲကြိုးဆွဲရင်တောင် ဝဲပေါက်ပါတယ်။ အဲဒီတစ်ချက်နဲ့တင် ငယ်ဘဝရည်မှန်းချက်လေး ပျက်စီးသွားပါတယ်။

ထားပါတော့။

× × ×





ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်ဟာ ဘာကိုမှ မယ်မယ် ရရမရှိခဲ့ပါဘူး။

ဒါပေမယ့် ကျွန်တော့်ညီ စီးရီးသွင်းမယ်ဆိုတော့ ကျွန်တော် သီချင်းတွေ လိုက်ရေးပါတယ်။ ကိုယ်ကပဲ အတတ်မြန်လား၊ ဒါမှမဟုတ် အလုပ်တစ်ခုကိုလုပ်ရင် ပြင်းပြင်းထန်ထန် လုပ်တတ်တဲ့ အကျင့်ကြောင့်လားတော့ မသိပါဘူး။ သီချင်းရေးတော့လဲ အနည်းငယ်ရေးတတ်နေပြန်ပါတယ်။

အရင်တစ်ခါကလဲ ကျွန်တော့်အစ်ကို ပန်းချီကိုဆန်းနဲ့လိုက်ပြီး သူပန်းချီရေးတာ အားကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်လုပ်ရာက ကျွန်တော်ဟာ ပန်းချီလဲ အနည်းငယ်ရေးတတ်နေပါတယ်။

ကျွန်တော့်မှာ အလုပ်တစ်ခုကို စိုက်လိုက်မတ်တတ်လုပ်တတ်တဲ့ အကျင့်တစ်ခုရှိပါတယ်။

ပန်းချီရေးမယ်ဆိုရင် ပန်းချီချည်းပဲ ထိုင်ရေးနေပါတယ်။ သီချင်းရေးမယ်ဆိုတော့လဲ သီချင်းချည်းပဲ ရေးပါတော့တယ်။ ဟော အခု ကျွန်တော်စာတွေရေးတော့လဲ စာတွေချည်းပဲ ထိုင်ရေးနေတတ်ပါတယ်။

အဲဒီစိုက်လိုက်မတ်တတ် လုပ်တတ်တဲ့အတွက်ကြောင့် ကျွန်တော် မိန်းမ မယူတာပါ။ မိန်းမယူမိရင် ထုံးစံအတိုင်း မိန်းမတွေချည်း ဆက်တိုက်ယူမိနေမှာ စိုးလို့ပါပဲ။

× × ×





၁၉၉၆ခုနှစ်လောက်မှာ ကျွန်တော်ဟာ စာရေးဆရာမဟုတ်ဘဲ သီချင်းရေးဆရာဖြစ်ဖို့ အသည်းအသန် ကြိုးစားဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ညီ အကယ်ဒမီ မီရာမိုရ်က စီးရီးခွေသွင်းမှာမို့ပါ။

ဒါကြောင့် ကျွန်တော့်ညီအတွက် ကျွန်တော် သီချင်းတွေ ရေးပေးချင်တယ်။

ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်ဟာ အနုပညာနဲ့ပတ်သက်လို့ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ လုပ်တတ်နေသူမို့ သီချင်းတွေကိုလဲ ရေးတတ်သွားမှ



www.burmeseclassic.com

တယ်။ နောက်ပြီး ကျွန်တော်က ဝန်ထမ်းဘ၀၊ ညီက ကျောင်းတက်တုန်း သူနားထောင်ဖို့ အင်္ဂလိပ်ခွေတွေ ဝယ်ဝယ်ပို့ရင်း သီချင်းနားထောင်တာ နာထားတဲ့အတွက် အဲဒီအကျိုးကျေးဇူးတွေကလဲ အများကြီး အထောက်အကူပြုပါတယ်။

Beetleနဲ့ Queen ကို ကြိုက်ချေထားသလောက် နားထောင်ခဲ့ဖူးတော့ သီချင်းရေးတဲ့အခါ အင်မတန်မှ အဆင်ပြေလှပါတယ်။

ကျွန်တော်တို့ စီးရီးခွေသွင်းမယ်ဆိုတုန်းက နေတာကတော့ ကျွန်တော် 'အောင်မြေ'လို့ စာအုပ်ထဲမှာ ထည့်ရေးဖူးတဲ့ ဆယ်ပေအိမ်ကလေးမှာပါပဲ။ ပန်းချီဆရာ(ကိုဆန်း)တစ်ယောက်ရဲ့အိမ်မှာ ကပ်နေတဲ့သူတွေအတွက် ငွေကုန်ကြေးကျများလွန်းတဲ့ စီးရီးခွေတစ်ခွေဖြစ်အောင် ဘယ်လိုလုပ်နိုင်မှာလဲ။

မိဘအကူအညီလဲမရပါဘဲ၊ တစ်နေ့တစ်နေ့ စားဖို့သောက်ဖို့တောင် အနိုင်နိုင်လည်ပတ်နေရသူတွေအတွက် ဒီမျှော်လင့်ချက်က အဝေးကြီးပါ။ စတီရီယိုကြေးတင် တစ်နေ့(တစ်ဂျူတီ)ငွေတစ်သောင်းကျော်၊ ဘယ်လိုလုပ်ပြီး ရှာနိုင်မှာလဲ။ ဒါတောင် Player ကြေးမပါသေးပါဘူး။ ကိုယ့်မှာ မျှော်လင့်ချက်သာ ရှိပါတယ်။ ကျန်တာ ဘာမှ မရှိပါဘူး။

မှန်ပါတယ်။ တစ်ခါတလေ လူတွေပြောပြောနေတဲ့ သီအိုရီတွေဟာ မှန်တတ်ပါတယ်။

အခွင့်အရေးဆိုတာ မျှော်လင့်ချက်ရှိသူတွေကသာ ပိုရတတ်တယ်ဆိုတာပါပဲ။

ကျွန်တော်တို့လဲ အဲဒီလို အခွင့်အရေး ရခဲ့ပါတယ်။

မီရာမိုရ်ရဲ့ အရည်အချင်းကိုသိတဲ့သူတွေက အခမဲ့တီးပေးမယ့်အပြင် စတူဒီယိုတစ်ခုက ငွေ(၅၀၀၀)သွင်းနိုင်ရင် စီးရီးတစ်ခွေလုံးပြီးစီးသည်အထိ ဂျူတီကြေးလုံးဝမပေးရဘဲ(မယူဘဲ)စီးရီးကို သွင်း





ခွင့်ပြုလိုက်တာပါပဲ။

စဉ်းစားကြည့်ပါ။ ငွေ(၅၀၀၀)တည်းနဲ့ စီးရီးသွင်းခွင့်ရတယ်ဆိုတာ။ စတူဒီယိုတစ်ခုမှာ ဂျူတီယူရင် (၈)နာရီကို အနည်းဆုံး (၁) သောင်းကျပ် အနည်းဆုံး ပေးရပါတယ်။ အများဆုံးက (၅) သောင်းထိ ပေးရနိုင်ပါတယ်။ အဲဒါကိုမှ ကျွန်တော်တို့က စီးရီးတစ်ခွေလုံးကို ငွေ(၅၀၀၀)ကျပ်ထဲနဲ့ အပြီးသွင်းခွင့်ရတာဆိုတော့ အင်မတန်မှ ကံထူးတာပဲမဟုတ်လား။

ဒီအပွဲတွေကို နေ့စဉ်ဝယ်ကျွေးဖို့ဆိုရင် အလှူအိမ်လို ဖြစ်နေမှာပါ။ ကျွန်တော်တို့လုပ်ခနဲ့ ဘယ်လိုမှ ထယ်မကျွေးနိုင်ပါဘူး။

အဲဒီတုန်းက ကျွန်တော်တို့ အတွက် ငွေ(၅၀၀၀)ဟာ သိပ်မခက်ပါဘူး။ နှစ်ရက်သုံးရက် စုလိုက်ရင် ရပါပြီ။

စတူဒီယိုကို ငွေသွင်းပြီး မီရာမိုရ်ရဲ့ ပထမစီးရီးကို စသွင်းပါတော့တယ်။

စတူဒီယိုလဲ အလကား၊ တီးပေးတဲ့သူလဲ အလကားဆိုပေမယ့် ကျွန်တော်တို့မှာ အခက်အခဲရှိပါသေးတယ်။ အဲဒါကတော့ ပါဝင်တီးခတ်သူများကို ကျွေးဖို့ပါ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပဲ။

သူတို့ခမျာ အလကားလဲ တီးပေးလုပ်ပေးရသေး၊ ထမင်းတောင်မကျွေးဘူးဆိုရင်တော့ သဘာဝမကျတော့ပါဘူး။ မီရာမိုရ်ကလဲ သူလုပ်တဲ့ Music က သူများနဲ့မတူဘဲ တူရိယာကို အစစ်တွေချည်းပဲ သုံးတဲ့အတွက် တယောအဖွဲ့တင် အယောက်နှစ်ဆယ်ကျော်ရှိပါတယ်။ ဒီအဖွဲ့တွေကို နေ့စဉ်ဝယ်ကျွေးဖို့ဆိုရင် အလှူအိမ်လို ဖြစ်နေမှာပါ။ ကျွန်တော်တို့လုပ်ခနဲ့ ဘယ်လိုမှ ထမင်းမကျွေးနိုင်ပါဘူး။

ဒါပေမယ့် လွယ်ပါတယ်။

ကျွန်တော်တို့အသံသွင်းတဲ့ စတူဒီယိုနားမှာ အမျိုးသားအဆောင်ကြီးတစ်ဆောင် ရှိပါတယ်။ အဲဒီအဆောင်က ကောင်လေးတစ်ယောက်ကလဲ တီးဝိုင်းအဖွဲ့ထဲ ပါပါတယ်။

သူ့ကိုပဲ အဆောင်မှာ ထမင်းမစားတဲ့လူစာရင်း တောင်းခိုင်းလိုက်ပါတယ်။ အဲဒီလူစာရင်းအတိုင်း ထမင်းတွေဟင်းတွေ ယူလိုက်ပါတယ်။ အဲဒီထမင်းဟင်းနဲ့ပဲ တီးဝိုင်းအဖွဲ့ကို ခပ်တည်တည်ပြန်ကျွေးပါတယ်။ ဒီလိုနဲ့ပဲ အစားအသောက်ပါ Free ဖြစ်သွားပါတော့တယ်။

× × ×





တစ်ခုခက်တာက

အသံသွင်းတယ်ဆိုတာ လွယ်ကူလှတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ရုပ်ရှင်ထဲမှာလို အဆိုတော်က အသံသွင်းခန်းထဲဝင်ပြီး အော်လိုက်ဟစ်လိုက်ရုံနဲ့ စီးရီးခွေ မဖြစ်ပါဘူး။ အသံတွေကို သပ်သပ်ရပ်ရပ်ဖြစ်ဖို့ ကီးကြောင်နေတာမျိုး မပါဖို့ အင်မတန်မှကို ဂရုစိုက်ရပါတယ်။

ဒါကြောင့် သီချင်းခွေတစ်ခွေ Body ထိုင်တာကို အနည်းဆုံးလေးငါးရက်ကြာတတ်ပါတယ်။ အဲဒီလေးငါးရက်မှာ Drum သမားနဲ့ Bassသမား



www.burmeseclassic.com

www.burmeseclassic.com



များဟာ အိမ်မပြန်တမ်းကို တီးရပါတယ်။

အဓိကဖြစ်တဲ့ Drumဟာ မိုက်(၈)လုံးလောက်နဲ့ ဖမ်းရတဲ့အတွက် သူ့အတွက် Setting (ဆက်တင်)လွဲသွားလို့ မဖြစ်ပါဘူး။ အဲဒီလိုဖြစ်သွားရင် တစ်ပုဒ်နဲ့တစ်ပုဒ် (colour)အသံထွက်မတူတာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် Drum သမားဟာ စီးရီးတစ်ခုလုံးပြီးသည်အထိ စတူဒီယိုထဲ နေလေ့ရှိပါတယ်။

အသံသွင်းရက်ကလဲ လိုအပ်တာထက် ပိုကြာသွားပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ်တိုင်ကလဲ အသံသွင်းအတွေ့အကြုံမရှိလို့ မကျွမ်းကျင်တာရယ်။ ဓါရာမိုရ်ကလဲသူ့စိတ်ကြိုက် မဖြစ်မချင်း အဆုံးမသတ်တာရယ်တို့ကြောင့် အချိန်တွေ ပိုကုန်ခဲ့ပါတယ်။

ကျန်တဲ့ဂစ်တာသမား၊ တယောသမားများက လာလိုက်ပြန်လိုက်ဆိုတော့ သိပ်ပြဿနာမရှိပေမယ့် ဒရမ်သမားဖြစ်တဲ့ ရန်မျိုးက ပြဿနာရှိလာပါတယ်။ အဲဒါက ရေချိုးချင်တဲ့ ပြဿနာပါ။

"လုပ်စမ်းပါဦး ကိုကြည်ရာ၊ အိမ်လဲမပြန်ရ၊ ရေလဲမချိုးရတာ လေးငါးရက်ရှိပြီ၊ ရေချိုးဖို့တော့ လုပ်ပေးပါဦး"

သူ့ရဲ့တောင်းဆိုမှုက ဘာမှမဟုတ်ပါဘူး။ ဒါပေမယ့် ခက်တာက စတူဒီယိုမှာက ရေချိုးကန်မရှိပါဘူး။ ဒါနဲ့ပဲ

"အေးပါကွာ၊ ငါရှာပေးပါ့မယ်"

ဆိုပြီးရှာရပါတယ်။ ဖြစ်ချင်တော့ ကျွန်တော်တို့အသံသွင်းတဲ့ စတူဒီယိုနဲ့ ခပ်လှမ်းလှမ်းအိမ်စုလေးအရှေ့မှာ အများသုံးအုတ်ရေကန်တစ်ခု ရှိနေတာပါပဲ။ ကံဆိုးတာကလဲ ကျွန်တော်တို့မှာ ရေချိုးဖို့အတွက် ဝတ်စုံအပိုပါမလာကြပါဘူး။ ပိုဆိုးတာက သူစိမ်းလူတွေကို သူတို့ရေကန်က ရေပေးမသုံးတာပဲ။ ဒါနဲ့ပဲ ရန်မျိုးကိုနားချပြီး

"ဟော့ကောင် ငါတို့ ညဆယ့်တစ်နာရီလောက် လူခြေတိတ်ချိန် ရေသွားခိုးချိုးရအောင်"





"ဘာလို့ နေ့ဖက်မချိုးတာလဲ"

"အိုကွာ၊ ညဖက်ချိုးတော့ ပိုအေးတာပေါ့"

ရန်မျိုးကလဲ ရေအင်မတန်ချိုးချင်နေတော့ သဘောတူပါတယ်။ အမှန်က ရေခိုးချိုးရမှာမို့ပါ။

ဒီလိုနဲ့ ည(၁၁)နာရီလောက်မှာ ရန်မျိုးနဲ့ကျွန်တော်က စတူဒီယိုနောက် အမှောင်ထောင့်မှာ လူရိပ်လူခြည် စောင့်ကြည့်နေရပါတယ်။

လူသံ သူသံ ဘာမှမကြားမှ

"ဟော့ကောင် အဝတ်အစားတွေ ဒီမှာချွတ်ခဲ့ကွာ"

ရန်မျိုးက လန့်ပြီး

"ဟင် ရေကန်ရောက်မှ ချွတ်လို့မရဘူးလား"

"မရဘူးကွ၊ အဲဒီရေကန်မရောက်ခင် ပွက်တွေကိုဖြတ်ရမှာ၊ အဲဒါဆို ဘောင်းဘီတွေ ဖိနပ်တွေ ပေကုန်မှာ၊ အဲဒီတော့ မင်းရေချိုးပြီးလဲ ဘာမှမထူးဘူး"

ရန်မျိုးက ကျွန်တော့်ကိုပြန်ကြည့်တယ်။ ကျွန်တော်ကလဲ နဂိုအရှက်အကြောက်ကြီးသူမို့

"ဩော် မင်းကလဲ၊ ကဲ ငါချွတ်ပြမယ်"

ဆိုပြီး အရင်ချွတ်ပြလိုက်တယ်။ ဒီတော့မှ ရန်မျိုးကလဲ

"ခင်ဗျားတောင် ချွတ်ရဲသေးတာပဲ၊ ကျုပ်က ကလေးအဖေဗျ"

ဆိုပြီးလိုက်ချွတ်တယ်။ အားလုံးပြင်ဆင်ပြီးမှ

"ကဲ ပြေး"

ရေကန်ဆီရောက်အောင် ခြေကုန်သုတ်တော့တာ။

"ဟင် ခင်ဗျားပြောတော့ ဗွက်တွေရှိတယ်ဆို ရှိလဲမရှိဘဲ"

လမ်းက ကျွန်တော်ပြောသလို မဟုတ်တော့ ရန်မျိုးအံ့ဩသွားတယ်။ ဟုတ်တယ်။ လမ်းမှာ ဘာဗွက်မှမရှိဘူး။ ဒါပေမယ့် ကိုယ်က ရေခိုးချိုးရမှာ မဟုတ်လား။ ရေကန်ရောက်မှ အဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ချတ်နေရင် အချိန်တွေကြာနေရင် လူတွေမြင်မှာစိုးလို့ အမှောင်ထဲမှာ ကြိုတင်အဝတ်ချွတ်ပြီး ပြေးလာတာ။ ဒီကောင်က မရိပ်မိတော့ ခံရတာပေါ့။

ရေကန်လဲရောက်ရော

"ဟေ့ကောင် မြန်မြန်ချိုး"

ဆိုပြီး ရေကန်ဘေးက ကော်ခွက်စုတ်နဲ့ပဲ ခပ်ချိုးရတာ။ ရန်မျိုးကလဲ ရေမချိုးရတာကြာလို့ ထင်တယ်။ အငမ်းမရ တဗွမ်းဗွမ်းနဲ့ချိုးတာ။ ဒါကြောင့် ကျွန်တော်က

"ဟေ့ကောင် ဖြည်းဖြည်းချိုးဟ၊ တော်ကြာ"

ကျွန်တော် သတိပေးလို့ မဆုံးပါဘူး။

"ဟေ့ ဘယ်ကောင်လဲကွ၊ အချိန်မတော် ရေခိုးချိုးနေတာ"

အိမ်တစ်အိမ်ကနေ ချောက်ခနဲ တံခါးဖွင့်ပြီး လူတစ်ယောက် ဓါတ်မီးကြီးနဲ့ ထွက်လာတယ်။ ကျွန်တော်တို့ကိုလဲမြင်ရော အံ့အားသင့်ပြီး

"ဟင် မင်းတို့ဘယ်ကကောင်တွေလဲဟေ့၊ သူခိုးတွေလား"

မတတ်သာတဲ့အဆုံး ကျွန်တော်တို့နှစ်ယောက် မတ်တတ်ရပ်လိုက်တယ်။ ကိုယ်စီခွက်စုတ်လေး အုပ်ရင်းပေါ့။





ကျွန်တော်တို့လဲ လန့်ပြီး

"ဟာ ကျွန်တော်တို့ သူခိုးတွေ မဟုတ်ပါဘူး၊ လူကောင်းလဲ မဟုတ်ပါဘူး၊ အဲ ရေ ရေလာချိုးတာပါ"

ဆိုတော့ လူကြီးက မယုံဘူး။

"ဟေ့ကောင် ညသန်းခေါင်ကြီး ဘယ်သူမှ ရေထမချိုးဘူး၊ မတ်တတ်ရပ်စမ်း"

သူ့အော်သံကြောင့် ဘေးအိမ်တွေကလဲ

"ဘာဖြစ်တာလဲဟေ့"

"ဘာလဲ သူခိုးတွေလား"

ဆိုပြီး ထွက်လာကြတယ်။

"ဟေ့ကောင်တွေ မင်းတို့ကို မတ်တတ်ရပ်လို့ ပြောနေတယ်လေ"

"ဟာ ဒါတော့မဖြစ်နိုင်ဘူးထင်တယ်"

"မရပ်ပါရစေနဲ့ဗျာ"

ကျွန်တော်တို့ရဲ့ ငြင်းဆန်စကား။ ဒါကို လူကြီးက လူတွေရှေ့မှာမို့ မာန်တက်ပြီး

"မလိုချင်ဘူး ရပ်ဆိုရပ်ပဲ"

မတတ်သာတဲ့အဆုံး ကျွန်တော်တို့နှစ်ယောက် မတ်တတ်ရပ်လိုက်တယ်။ ကိုယ်စီခွက်စုတ်လေးအုပ်ရင်းပေါ့။

"ဟေ့ကောင်တွေ လက်ပါမြှောက်"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်လုံးပြူးသွားတယ်။ နောက် ခေါင်းခါပြီး

"ဒါ ဒါတော့မဖြစ်နိုင်ဘူးထင်တယ်"

"ဒါ ဒါကတော့ လွန်လွန်းသွားမယ်နော်"

ကျွန်တော်တို့စကားကို လူကြီးက ဓာတ်မီးတဝင်းဝင်းနဲ့လှစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"မလိုချင်ဘူး လက်မြှောက်"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

"ခင် ခင်ဗျား မြှောက်ခိုင်းတာနော်"

"လက်မြှောက်ရင် ကျွန်တော်တို့ အဆိုးမဆိုနဲ့နော်"

ဆိုပြီး ပြောပါသေးတယ်။ ဒါကို လူကြီးက

"ငါမြှောက်ဆို မြှောက်လိုက်စမ်းပါ"

ဆိုတော့ မတတ်နိုင်တော့ဘူး။

"အင်းဟာ"

ဆိုပြီး လက်မြှောက်လိုက်တော့

"ဟာ ဘယ်လိုကြီးလဲ"

"ဟဲ့ ဟဲ့ ငယ်ငယ်လေး၊ အဲ လူငယ်လေးတွေတော့"

"ဟော့ ကလေးတွေ အိမ်ထဲဝင်ကြစမ်း"

ဆိုပြီး ပွက်လောရိုက်သွားမှ လူကြီးက

"ဟာ လက်မမြှောက်နဲ့၊ မမြှောက်နဲ့"

ဆိုပြီး ပြန်တားယူရတယ်။ ကျွန်တော်တို့လဲ ခွက်လေးပြန်မှောက်ပြီး

"အဲဒါကြောင့်ပြောတာပေါ့၊ သူပဲ ကြည့်ချင်တယ်ဆိုပြီး"

"ဟုတ်ပ၊ အစားအသောက်ပါ ပျက်ကုန်ပြီဟုတ်"

ကျွန်တော်တို့စကားကို လူကြီးက

"ဒါ ဒါဆို မင်းတို့ အဝတ်အစားတွေရော"

"ဟိုး အမှောင်ထဲ"

"ဟော့ ဟော့ လက်ညှိုးမထိုးပြနဲ့၊ သွားယူ"

ကျွန်တော်တို့ အမှောင်မှာချွတ်ထားတဲ့ အဝတ်အစားတွေ သွားပြန်ပြေးဝတ်ရတယ်။ နောက်မှ အဲဒီကလူတွေကို ကျွန်တော်တို့





စတူဒီယိုမှာ အသံလာသွင်းကြောင်း၊ လေးငါးရက်ရှိပြီမို့ ရေချိုးချင်ကြောင်း စသည်ဖြင့် ရှင်းပြလိုက်မှ လူကြီးက

"မင်းတို့ကလဲကွာ၊ အဲဒါဆိုလဲ ငါတို့ကို ခွင့်တောင်းပေါ့ကွာ၊ ဒါဆို တို့လဲ လုံချည်လေးဘာလေး ချထားပေးရင် အခုလို အမြင်မရှိုင်းဘူးပေါ့"

ဆိုပြီး အဲဒီအိမ်စုလေးနဲ့ ပြေလည်မှုရသွားတယ်။

ဟုတ်ပါတယ်။ နောက်နေ့ကစပြီး သူတို့ရေကန်လေးမှာ လုံချည်စုတ်လေးတစ်ထည်ရယ်၊ ရွှေဝါဆပ်ပြာပါတဲ့ ဆပ်ပြာခွက်အဟောင်းလေးတစ်ခွက်ရယ် အမြဲချထားပေးပါတော့တယ်။

ကျွန်တော်တို့အသံသွင်းအဖွဲ့တွေလဲ ရေချိုးချင်တဲ့အချိန်မှာ လွတ်လွတ်လပ်လပ် ရေချိုးခွင့်ရသွားပါတော့တယ်။

ကြာတော့လဲ ကြာခဲ့ပါပြီ။

ဒါပေမယ့် အခုအချိန်ထိ အဲဒီစတူဒီယို ပြန်ရောက်တိုင်း အဲဒီအိမ်စုလေးရှေ့ဖြတ်တိုင်း

"အကြည်တော်များ အထူးအဆန်းလုပ်လို့၊ ငါမြင်ဖူးတယ် ငယ်ငယ်လေး"

ဆိုတိုင်း ခေါင်းငုံ့သွားမိပါတယ်။

ရှက်လို့တော့ မဟုတ်ပါဘူး။ ဟုတ်မဟုတ် စုံစမ်းသွားတာပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ လိမ်ဖယ်လိမ်ဖယ်နဲ့ စီးရီးက စားစရာမရှိရင် ရပ်သွားလိုက်၊ ပိုက်ဆံပြန်ရရင် ပြန်လုပ်လိုက်နဲ့ ရက်(၂၀)လောက်နဲ့ ပြီးရမယ့်ဟာကို တစ်နှစ်လောက်ကြာပြီးမှ ဓီရာမိုရ်ရဲ့ 'ဂစ်တာရှိလား' ပထမဆုံးစီးရီး ပြီးစီးခြင်းကို ရောက်ပါတော့တယ်။

စီးရီးပြီးတော့လဲ ဘာလုပ်လို့နိုင်မှာလဲ။ ကိုယ့်ဘာသာကိုယ် ခွေကိုထုတ်ဖို့က ပိုက်ဆံမှမရှိတာ။ ဒီအတိုင်း ကိုင်ထားရုံကလွဲပြီး ဘာမှမတတ်နိုင်ပြန်ပါဘူး။





ဒါပေမယ့် ကံကောင်းပါတယ်။ ထုတ်မယ့်သူက သူ့အလိုလို ပေါ်လာပါတယ်။

ဒီလိုနဲ့ သူ့ရဲ့ပထမခွေကို ဖြစ်သလိုထွက်ပြီး ပြီးစီးခြင်းကို ရောက်ပါတယ်။

ဒါပေမယ့် ဓီရာမိုရ်ရဲ့ 'ဂစ်တာရှိလား' တေးစီးရီးအကျိုးကျေးဇူးကြောင့် ကျွန်တော် အစပိုင်းမှာ တင်ပြပြီးခဲ့သလို တဲထိုးနေနိုင်တဲ့ ဘဝကို ရောက်ရပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မီရာမိုရ်ရဲ့ ပထမခွေဟာ အကြောင်းကြောင်းကြောင့် (ကိုယ်တိုင်ဘာမှမလုပ်နိုင်လို့၊ မလုပ်တတ်လို့)ပရိသတ်ဆီကို ကျယ်ကျယ်ပြန့်ပြန့် မရောက်ပေမယ့် အနုပညာလောကမှာတော့ အတော်ကလေး အသိအမှတ် ပြုခံရပါတယ်။ အဲဒီခွေရဲ့ အကျိုးကျေးဇူးကြောင့်ပဲ နောက်ထပ်စီးရီးတစ်ခွေ ထပ်ပြီးစီစဉ်နိုင်ခွင့်ရခဲ့ပါတယ်။

ကျွန်တော်ပြောခဲ့ပြီးပြီထင်ပါတယ်။

ကျွန်တော်ဟာ လုံးချင်းဝတ္ထုများမရေးခင်မှာ ဝမ်းရေးအရ ပန်းချီကျော်အောင်မော်ဆီမှာ





ရုပ်ပြဇာတ်လမ်းတွေ ရေးခဲ့ပါသေး တယ်။

အဲဒီအချိန်မှာ ကိုအောင်မော်(ကျော်အောင်မော်)က ရုပ်ပြကို လိုင်းပြောင်းပြီး ရေးချင်နေတဲ့အချိန်ပါ။ ဇာတ်လမ်းတွေမရှိသေးလို့ လိုင်းမပြောင်းဖြစ်သေးတာပါ။

ကိုအောင်မော်ဆီ ကျွန်တော်ရောက်သွားတော့ သူလိုင်းပြောင်းဖို့အတွက် ကျွန်တော့်ကို ဇာတ်လမ်းတွေ ရေးခိုင်းပါတယ်။ ရုပ်ပြဇာတ်တစ်ပုဒ် ခြောက်ထောင်ကျပ်နဲ့ပါ။ ကျွန်တော် အလျှင်အမြန်ပဲ ရေးလိုက်ပါတယ်။ ကျွန်တော့်ဇာတ်လမ်းကိုဖတ်ပြီး ကိုအောင်မော်က ချက်ချင်းပဲ တစ်သောင်းနှစ်ထောင် တိုးပေးပါတယ်။ ဆက်လဲ ရေးခိုင်းပြီး ရေးသမျှဝယ်မယ်လို့ ကတိပေးပါတယ်။

ကံကောင်းချင်တော့လား မသိပါဘူး။ ဒါရိုက်တာကိုမိုးပွားကလဲ ဗီဒီယိုရိုက်ဖို့ ဇာတ်လမ်းရှားတဲ့အတွက်၊ ဇာတ်လမ်းရေးနိုင်တဲ့သူ လျှောက်ရှာရင်း ကိုအောင်မော်တို့ဆီ ရောက်လာပါတယ်။ ကိုအောင်မော်ကပဲ

"ဇာတ်ရေးကောင်းတဲ့ကောင်လေးတစ်ယောက် ကျွန်တော်တွေ့ထားတယ်၊ ဖတ်ကြည့်ပါ"

ဆိုပြီး ကျွန်တော်ရေးထားတဲ့ဇာတ်ကို ပေးဖတ်လိုက်ပါတယ်။ ကိုမိုးပွားက ချက်ချင်းပဲ အဲဒီဇာတ်ကို ဗီဒီယိုရိုက်ဖို့ ဝယ်လိုက်ပါတယ်။

အဲဒီဇာတ်လမ်းဟာ လုံးချင်းဝတ္ထုမရေးခင်ရေးတဲ့ ပထမဆုံးဇာတ်လမ်းဖြစ်ပြီး၊ ဗီဒီယိုပထမဆုံးရိုက်ရတဲ့ ဇာတ်လမ်းလဲ ဖြစ်ပါတယ်။ ဗီဒီယိုရိုက်တော့ ဇာတ်လမ်းနာမည်က 'မင်းအချစ်က သေစေနိုင်တယ်'ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော့်ဘဝမှာ ပထမဆုံး အောင်မြင်မှုလို့ ဆိုရမှာပါ။

နောက်ပြီး အဲဒီအဆက်အသွယ်တွေနဲ့ပဲ နောက်ထပ်စီးရီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု နောက်ခံတီးပေးဖို့အပ်ပါတယ်။

ကိုမီးပွားနဲ့ စကားစပ်မိကြရင်းနဲ့ မီရာမိုရ်ဆိုတာ ကျွန်တော့်ညီမှန်း သူတို့သိသွားကြပါတယ်။ မီရာမိုရ်ရဲ့ ကြိုးစားမှုကို သူတို့အသိအမှတ်ပြုပြီးသားလဲ ဖြစ်နေပါတယ်။

ဒီလိုနဲ့ ညတစ်ညမှာ ကိုမီးပွားဟာ ကျွန်တော်တို့ဆီကို ကားနဲ့ရောက်လာပါတယ်။ ကျွန်တော်က ဗီဒီယိုရိုက်ဖို့ ဇာတ်လမ်းအပ်ဖို့ ဆင်ပါတယ်။ ဒါပေမယ့် မဟုတ်ပါဘူး။ သူလာရခြင်းအကြောင်းရင်းက မီရာမိုရ်နဲ့ စီးရီးတစ်ခွေ သွင်းချင်လို့ပါတဲ့။

ဒီလိုနဲ့ မီရာမိုရ်ကို ပြန်ရှာရပြန်ပါတယ်။

အဲဒီတုန်းက အခုလို တယ်လီဖုန်းလဲမရှိ၊ တယ်လီဖုန်းမပြောနဲ့ နေစရာနေရာကို အတည်တကျ မရှိတော့ တစ်ယောက်ကိုတစ်ယောက် တွေ့ချင်ရင် ညီအစ်ကိုချင်းတောင် ဒီလိုပဲ လိုက်ရှာရပါတယ်။ ညီအစ်ကိုတွေကလဲ ဂျစ်ပစီတွေလိုပဲ သန်ရာသန်ရာနေနေကြတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့ကို သွားတတ်လာတတ်တဲ့ နေရာမေးမြန်းပြီး ရှာရတာပါ။

မီရာမိုရ်နဲ့ တွေ့တယ်ဆိုပါတော့။ ကိုမီးပွားက တီးဝိုင်းအဖွဲ့သား တယောနဲ့ လေမှုတ်ကူရိယာသမား(၁၆)ယောက်ကို Play Back တီးဖို့လိုချင်တာပါ။ ဒါပေမယ့် သိတဲ့အတိုင်း လူကသာနေစရာမရှိတာ၊ အကောင်းကြိုက်တဲ့ မီရာမိုရ်စီစဉ်လိုက်တာ တီးဝိုင်းတစ်ဝိုင်းလုံးလူ(၅၄)ယောက် ဖြစ်သွားပါတော့တယ်။ နောက်ပြီး သူက အဲဒီတီးဝိုင်းနဲ့ Live တီးချင်ပါသတဲ့။

အတွေ့အကြုံရှိတဲ့ ကိုမီးပွားတို့က ငြင်းပါသေးတယ်။ ဘာလို့လဲဆိုတော့ အဆိုတော်အတော်များများဟာ Live show ဆိုတဲ့အခါ မဆိုနိုင်ကြတာကတစ်ကြောင်း၊ နောက်ပြီး တယောတို့ လေမှုတ်တူရိယာတို့ဟာ အယောက်(၅၀)ကျော်မပြောနဲ့ နှစ်ယောက်သုံးယောက်ဆိုရင်





တောင် အသံတွေကြောင်ပြီး ညှိရခက်တာက တစ်ကြောင်းကြောင့် မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ ဒါပေမယ့် မီရာမိုရ်က

"ကျွန်တော် တာဝန်ယူပါတယ်"

ဆိုတာနဲ့ လုပ်ခွင့်ပေးလိုက်ကြပါတယ်။

ဒီလိုနဲ့ တယောသမားတွေ လေမှုတ်တူရိယာအဖွဲ့တွေ လူစုပြီး သီချင်းတိုက်ရပါတော့တယ်။

စဉ်းစားကြည့်ပါ။ အလုပ်လာအပ်တုန်းက Play Back အတွက် သရုပ်ပြ(၁၆)ယောက်၊ ဖြစ်သွားတာက Live show အစစ်တီးဖို့ တီးဝိုင်းအဖွဲ့တင် (၅၄)ယောက်ဆိုတော့ အခြေအနေက လုံးဝကို ကွာခြားသွားပါပြီ။

ပိုဆိုးတာက နေစရာနေရာတောင်မရှိဘဲ(အောင်မြေနေရာတော့ရှိပါတယ်။ ဒါပေမယ့် အဲဒါက ဟိုး . . မြို့ပြင်မှာမို့ သွားဖို့ လာဖို့ သီချင်းတိုက်ဖို့က မလွယ်ပါဘူး) လူ(၅၀)ကျော်နဲ့ သီချင်းတိုက်ဖို့ဟာ

ဒါနဲ့ပဲ သူများတွေ
တဲထိုးနေကြတဲ့နေရာ
တစ်ခုမှာ 'ဈေးရောင်းမယ်'
ဆိုတဲ့ အကြောင်းပြချက်နဲ့
ခပ်တည်တည်
တဲထိုးနေလိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲလှပါတယ်။ ဒါနဲ့ပဲ အဲဒီကရတဲ့ စရန်တချို့တဝက်၊ ကျွန်တော်ကိုအောင်မော်ဆီ ရုပ်ပြဇာတ်လမ်းရေးတဲ့ ငွေတချို့၊ ဗီဒီယိုအတွက်ရောင်းထားတဲ့ငွေနဲ့ တဲထိုးနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တဲထိုးနေရခြင်းအကြောင်းရင်းက ဒီလိုပါ။

အဲဒီအချိန်က တိုက်ခန်းတစ်ခန်းကို တစ်လငှားမယ်ဆိုရင် တောင်ဒဂုံလိုနေရာမျိုးမှာတောင် တစ်သောင်း၊ တစ်သောင်းခွဲ ဖြစ်နေပါပြီ။ (၆)လဆိုရင် အနည်းဆုံး(၆)သောင်းတော့ ကုန်မှာပါ။

အဲဒီလောက်ငွေကို အကုန်မခံချင်ပါဘူး။ ဒါကြောင့် နေရာတစ်ခုမှာ တဲထိုးနေလိုက်ရင် (၅)သောင်းလောက်ပဲ ကျမှာပါ။ (၆)လလောက်နေလိုက်ရရင်ကို တွက်ချေကိုက်တဲ့အပြင် နောက်ပိုင်း အိမ်ငှားဖို့ကိစ္စ မပူရတော့ပါဘူး။ ဒါနဲ့ပဲ သူများတွေ တဲထိုးနေကြတဲ့နေရာတစ်ခုမှာ 'ဈေးရောင်းမယ်'ဆိုတဲ့ အကြောင်းပြချက်နဲ့ ခပ်တည်တည်တဲထိုးနေလိုက်ပါတော့တယ်။ (အမှန်တော့ ကျူးကျော်တဲပါပဲ)

အဲဒီတဲမှာပဲနေ၊ အဲဒီတဲမှာပဲစား၊ အဲဒီတဲမှာပဲ သီချင်းတိုက်နဲ့ အချိန်တွေကို ဖြတ်သန်းခဲ့ပါတယ်။

ဒါဟာ အကြည်တော် ဝတ္ထုရေးနေခြင်း မဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်တွေကို (လျှော့ပေါ့)ရေးထားတာပါ။ အဲဒီတဲကို အနုပညာရှင် အတော်များများ ရောက်ဖူးကြပါတယ်။ မေးကြည့်ပါ။

အဲဒီစီးရီးခွေကို ကိုယ်နဲ့ မတန်မရာ၊ တစ်ခါမှ မရောက်ဖူးတဲ့(အခု ခဏခဏရောက်တဲ့)ဆီဒိုးနားဟိုတယ်မှာ တီးဖြစ်သွားပါတယ်။

အဲဒီစီးရီးခွေဟာ မြန်မာပြည်မှာ အအောင်မြင်ဆုံးခွေ ဖြစ်ခဲ့ပါတယ်။ ယခုအချိန်ထိလဲ မြန်မာနိုင်ငံနေရာအနှံ့မှာ မင်္ဂလာဆောင်တိုင်း မရှိမဖြစ်၊ မပါမဖြစ် ဖွင့်နေကြဆဲပါပဲ။ အဲဒီခွေက ခိုင်သင်းကြည် မင်္ဂလာဆောင်ခွေလို့ လူသိများတဲ့





"ချစ်သူတို့ရဲ့ မင်္ဂလာတေး"
ပါပဲ။

အဲဒီခွေက Music ပိုင်းကို ကျွန်တော့်ညီမီရာမိုရ်က တာဝန်ယူပြီး ကျွန်တော်က တီးဝိုင်းတစ်ခုလုံးရဲ့ မန်နေဂျာရာထူးကို ယူပါတယ်။

အဲဒီခွေအကြီးအကျယ် အောင်မြင်နေချိန်မှာပဲ ကျွန်တော်တို့ကျူးကျော်တဲတွေကို သက်ဆိုင်ရာက ပြန်ဖျက်ခိုင်းခဲ့ပါတယ်။ မှန်းချက်နဲ့နှမ်းထွက်မကိုက်ခဲ့ပါဘူး။ ငွေသာကုန်ပြီး အကြာကြီး မနေလိုက်ရလို့ပါ။

ကျွန်တော်တို့ ဖန်တီးလိုက်တဲ့ခွေ အကြီးအကျယ်အောင်မြင်နေချိန်မှာပဲ ကျွန်တော်တို့ညီအစ်ကိုတွေဟာ အိမ်ခြေရာမဲ့ ပြန်ဖြစ်သွားရပါတော့တယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသမားတစ်ယောက်ဟာ တစ်ချိန်က ဖိနပ်တောင် စီးစရာမရှိဘူးဆိုရင် ယုံနိုင်ပါ့မလား။

ကျွန်တော်ဟာ ကျွန်တော့်လုံးချင်းဝတ္ထုအတွက် ထုတ်ဝေသူနဲ့ စကားသွားပြောဖို့ကို ဖိနပ်မရှိလို့ တော်ရုံနဲ့ မသွားဖြစ်ပါဘူး။ ကံကောင်းထောက်မစွာ ကျွန်တော့်အဖေရောက်လာလို့ အဖေ့ဆီက ဖိနပ်နဲ့အကျႌကို ယူဝတ်သွားရပါတယ်။ အဲဒီနေ့တစ်နေ့မှာတော့ အဖေ အိမ်ထဲကအိမ်ပြင် မထွက်ရပါဘူး။ ဒါပေမယ့် ကျွန်တော် ထုတ်ဝေသူ





နဲ့ စကားပြောပြီးပြန်လာတဲ့အချိန်မှာ အရာရာဟာ ရွှေဖြစ်သွားပါပြီ။ မိဘစိတ်ချမ်းသာအောင် ထားနိုင်တဲ့သားလဲ ဖြစ်သွားပါပြီ။ ညီအစ်ကိုမောင်နှမနဲ့ ဆွေမျိုးများကို စောင့်ရှောက်နိုင်တဲ့သူလဲ ဖြစ်ခဲ့ပါပြီ။ လူတွေအရှေ့မှာလဲ 'ကျွန်တော်ဟာ စာရေးဆရာ'ဆိုပြီး ဂုဏ်ယူနိုင်ပါပြီ။

ကျွန်တော်ဟာ ဟာသ,သမားပါ။ ဒါပေမယ့် ကျွန်တော့်ဘဝဟာ ဘယ်တုန်းကမှ မရယ်ခဲ့ရပါဘူး။ ရယ်စရာကောင်းအောင် လူတွေကို ပြက်ရယ်ပြုဖို့မပြောနဲ့၊ သူများက ကိုယ့်ကိုပြက်ရယ်ပြုမခံရအောင် တစ်ချိန်လုံး ရှောင်တိမ်းနေခဲ့ရတာပါ။

စိတ်ဓာတ်မကျဘူးလို့ ကျွန်တော်မပြောလိုပါဘူး။ ဒါပေမယ့် ဒီထက်လဲ ပိုကျစရာမရှိတဲ့ဘဝမို့ ဒီအတိုင်းပဲ ဖြတ်သန်းခဲ့ရတာပါ။

ကျွန်တော့်ဘဝကို ကျွန်တော့်ရဲ့ နေပုံထိုင်ပုံနဲ့ လမ်းဘေးပြန်မရောက်ဘူးလို့ မပြောနိုင်ပါဘူး။ ဒါပေမယ့် အဲဒီလိုဖြစ်ခဲ့ရင်တောင် အခုဘဝကို အမှတ်တရဖြစ်နေမိဦးမှာပါပဲ။ ဒါဟာ ကျွန်တော့်ဘဝရဲ့ အမှတ်တရပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြီးပါပြီ။

ဘီလူးဝတ္ထုထွက်ပြီးချိန်မှာ အင်မတန်လူသိများတဲ့သူလဲ ဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်က အိမ်ပြင်မထွက်ဘဲ(အဲဒီတုန်းက အိမ်ငှားနိုင်ပါပြီ၊ ဒါတောင် တစ်ယောက်တည်းငှားနိုင်တာမဟုတ်ဘဲ သူငယ်ချင်းတွေအားလုံးနဲ့ စုငှားတာပါ)ကိုယ့်ဘာသာကိုယ် အိမ်ထဲမှာပဲ စာပဲရေးနေတော့ ကိုယ်ဘယ်လောက်နာမည်ကြီးနေလဲ မသိပါဘူး။ ပတ်ဝန်းကျင်က သူငယ်ချင်းများကလဲ တွေ့နေကျလူဟောင်းတွေချည်းပဲမို့ ကျွန်တော့်ကို





နာမည်ကြီးတစ်ယောက်လို မဆက်ဆံကြပါဘူး။ ဒါကြောင့် ကိုယ်ဘာဖြစ်နေတယ်ဆိုတာ မသိပါဘူး။

တစ်နေ့ကျတော့ ကျွန်တော့်ဆီကို ဖိတ်စာတစ်စောင် ရောက်လာပါတယ်။ ရန်ကုန်တိုင်းရဲ့မြို့နယ်တစ်ခုက စာပေသက်ကြီး ကန်တော့ပွဲ အခမ်းအနားပါ။

ကျွန်တော်ဝမ်းသာသွားပါတယ်။ သက်ကြီးစာပေသမားများကို ကျွန်တော်မတွေ့ဘူးလို့ပါပဲ။ ဒါကြောင့် အဲဒီပွဲကိုသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လဲ ပါလာတဲ့ဖိတ်စာကိုရှာရင်း

“ပါ့,ပါတယ်၊ ဘာဖြစ်လို့လဲ”

“ဪ ဖိတ်စာပါရင် လက်ဖက်ရည်နဲ့မုန့် အလကားရလို့ပါ”

“ဪ”

ကျွန်တော်ဖိတ်စာထုတ်ပေးလိုက်တယ်။ ဖိတ်စာလက်ခံသူက ဖိတ်စာကိုကြည့်ရင်း

“ဟင်”

သူအံ့အားသင့်သွားပုံရတယ်။ ပြီးတော့ ခပ်လှမ်းလှမ်းက တစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။

“ဆရာ ဆရာ လာပါဦး”

“ဟေ ဘာလဲကွ”

ခပ်လှမ်းလှမ်းက လူကြီးတစ်ဦးရောက်လာတယ်။ ကျွန်တော်က ကြောင်စီစီနဲ့ သူတို့ကို ကြည့်နေမိတယ်။ နောက်ရောက်လာတဲ့ လူကြီးကို ပထမလူက ဖိတ်စာကမ်းပေးရင်း

“ဖိတ်စာကိုကြည့်ပါဦးဆရာ”

“မှန်း”

နောက်ရောက်လာတဲ့ လူကြီးက ဖိတ်စာကိုကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက် လုပ်တယ်။ သူမျက်းတွေ လုံချည်နဲ့တိုက်ပုံတွေနဲ့ ကြား၊ ဂျင်းဘောင်းဘီ တီရှပ်နဲ့ ဆံပင်ရှည်ကြီးနဲ့မို့ ကျွန်တော့်ကို အံ့အားသင့်နေပုံရတယ်။

အတော်ကြာကြည့်ပြီးမှ

“မင်းအဖေ မလာဘူးလား”

“ဗျာ”

သူ့ရဲ့မဆီမဆိုင်အမေးကြောင့် ကျွန်တော် အံ့အားသင့်သွားတယ်။





“ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်”

ဆိုတဲ့ဖိတ်စာလေးကိုကိုင်ပြီး ကျွန်တော် အဲဒီပွဲကို ရောက်သွားပါတယ်။

လူတွေကတော့ သိပ်မများလှပါဘူး။ အားလုံးအသက်ခပ်ကြီးကြီးတွေချည်း ဆိုတာ လောက်ပဲ သတိထားမိပါတယ်။ ကျွန်တော့်ကိုလဲ ဘယ်သူမှမသိတော့ ကြောင်စီစီနဲ့ သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

ခဏနေတော့လူတစ်ယောက်က မေးပါတယ်။

“ညီလေးဖိတ်စာပါလား”



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

"အေးလေ၊ မင်းအဖေကိုမေးတာ၊ သူဘယ်သွားလို့လဲ"

ကျွန်တော်လဲ ကြောင်ပြီး

"အဖေက မော်လမြိုင်မှာလေ၊ ဘာဖြစ်လို့လဲ"

လူကြီးစိတ်ညစ်ဟန်နဲ့ ခေါင်းကုတ်တယ်။ ပြီးမှ

"ဒုက္ခပါပဲ၊ ငါတို့က မင်းအဖေကို ဖိတ်လိုက်တာကွ"

ကျွန်တော် ဇဝေဇဝါဖြစ်သွားတယ်။ ဘာကိစ္စနဲ့ အဖေ့ကိုဖိတ်ရတာလဲ၊ အဖေနဲ့ဒီလူတွေ ဘယ်လိုပတ်သက်လဲ စဉ်းစားမရနိုင်ဖြစ်နေမိတယ်။ နောက်တော့ မနေနိုင်တော့တာနဲ့ပဲ

"ဘာ ဘာကိစ္စနဲ့ ကျွန်တော့်အဖေကို တွေ့ချင်ရတာလဲဟင်"

လူကြီးက ဒီလောက်တောင် မသိတတ်ရန်ကော ပုံစံမျိုးနဲ့ ကျွန်တော့်ကိုကြည့်ပြီး

"အာ မင်းအဖေကို ကန်တော့ဖို့ ဖိတ်တာပေါ့ကွ၊ ဘာဖြစ်ရမှာလဲ"

"ဗျာ"

ကျွန်တော်အံ့အားသင့်သွားတယ်။ သူတို့ပြောတာ ကျွန်တော်နားမလည်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်အဖေက ဘယ်တုန်းကမှ မသိခဲ့ရတာ။ ဒါကြောင့်ပဲ

"တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ ကျွန်တော့်အဖေကို ဘယ်လိုသိကြတာလဲဟင်"

လူကြီးမျက်မှောင်ကြုတ်သွားတယ်။ နောက် ဖိတ်စာကိုကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက် လုပ်ပြီး

"မင်းအဖေနာမည် ဘယ်လို ခေါ်လဲ"

"ဦးထွန်းနိုင်"

လူကြီး မျက်မှောင်ကြုတ်သွားတယ်။





"ဒါဖြင့် မင်းနာမည်က"

"အကြည်တော်"

"ဟင်"

လူကြီး မျက်လုံးပြူးသွားတယ်။ နောက် ကျွန်တော့်ကို အသေအချာကြည့်ပြီး

"မင်းက အကြည်တော်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ဆိုတော့ လူကြီး ပျာပျာသလဲဖြစ်သွားပြီး

"ဟေ့ ဟေ့ ဒီမှာလာကြည့်ကြစမ်း၊

အဲဒီအသံလဲကြားရော ကျဲပြန့်နေတဲ့သူအားလုံး ကျွန်တော့်နား ရောက်လာကြတယ်။

"ဟာ သူက အကြည်တော်တဲ့"

"ဟင် ဒီကောင်လေးက ငယ်ငယ်လေး ဟုတ်ပါ့မလား"

"ဒါ ဒါဆို ငါတို့ထင်တာ မဟုတ်ဘူးပေါ့"

ဆိုပြီး ကျွတ်စီကျွတ်စီ ဖြစ်ကုန်တယ်။ ကျွန်တော်လဲ လူ

ကျွန်တော် သူတို့ဖြစ်ပြီး သူများအိမ်မှာမိရင်တောင် ဒီလောက်လူဝိုင်းကြည့်ခံရမှာ မဟုတ်ဘူး။ အခုတော့ ကားပေါ်ပါလာသူအားလုံးက ဝိုင်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေချည်း လာအုံကြည့်နေတော့ အပြစ်ပဲရှိလို့လား၊ ဝိုင်းပဲရိုက်ကြမှာလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကြောင်စီစီ ပြန်ကြည့်နေရတော့တယ်။

နောက်မှသိရတာက

သူတို့တွေက ကျွန်တော့်စာအုပ်ကိုဖတ်ပြီး

"ဒီရေးပုံရေးပေါက်နဲ့ စာဒီလောက်တတ်နေပုံထောက်ရင် စာပေပညာရှင်ကြီးတစ်ယောက်ယောက်၊ ဒါမှမဟုတ် ဘုန်းကြီးတစ်ပါးပါးက အကြည်တော်ဆိုတဲ့ကလောင်ကိုခွဲပြီး စာပြန်ရေးတယ်"

မှတ်ပြီး သက်ကြီးကန်တော့ပွဲလုပ်ပြီး ဝိုင်းဖမ်းတာခင်ဗျ။ ကျွန်တော်က (၁၀)ကျော်လူငယ်တစ်ယောက် ဖြစ်နေတော့ အားလုံးကိုးလိုးကန့်လန့်ဖြစ်ကုန်ရော။

သူတို့ကိုးလိုးကန့်လန့်ဖြစ်တာ အကြောင်းမဟုတ်ဘူး။ ကျွန်တော်လဲ ကိုးလိုးကန့်လန့်တွေ ဖြစ်ကုန်တော့တာပါပဲ။

ဘာလို့လဲဆိုတော့ အဲဒီပွဲအတွက် ခုံစီထားတာကိုက သက်ကြီးစာပေပညာရှင် လေးဦးရဲ့ အလည်တည့်တည့်မှာမှ 'အကြည်တော်' ဆိုတဲ့နာမည်တပ်ထားတဲ့ ခုံတစ်လုံး ချထားလို့ပါပဲ။

စဉ်းစားကြည့်ပါ။ သက်ကြီးပညာရှင်လေးဦးရဲ့ အလည်တည့်တည့်မှာမှ ကျွန်တော်ထိုင်ရမယ်ဆိုတာ။

ဒီကြားထဲ လာကြတဲ့စာပေပညာရှင်အားလုံးက အောက်မှာငုတ်တုတ်တွေ။ အဲဒီမှာတင် ဘယ်လိုဖြစ်တယ် မသိပါဘူးဗျာ။ ရင်တွေအရမ်းတုန်၊ ချွေးစေးတွေပြန်ပြီး နေမထိထိုင်မသာ ဖြစ်လာတယ်။

အစကတည်းကဗျာ။ လူရှေ့သူရှေ့ မထွက်ချင်လို့ သက်သောင့်သက်သာဖြစ်မယ့် စာရေးဆရာလုပ်တာ။ အခုတော့ လူပုံအလည် လူကြီးတွေနဲ့ဆိုတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး။ ကတုန်ကယင်နဲ့ပဲ

"ကျွန်တော်ပြန်တော့မယ်ဗျာ၊ ကျွန်တော်မနေနိုင်တော့ဘူး"

ဆိုပြီး ဘယ်သူ့အပြောကိုမှ မစောင့်ဘဲ ခန်းမထဲကထွက်၊





လိုင်းကားပေါ် တက်စီးလာတော့တယ်။

ကားပေါ်ရောက်တဲ့အထိ ရင်တုန်တာ မပျောက်သေးဘူး။

ကိုယ့်ကိုကိုယ်လဲ ပြန်စဉ်းစားမိတယ်။ ဒီလိုပွဲမျိုးသွားဖို့ကို သူတို့စုံစမ်းရမှာလား၊ ကျွန်တော်စုံစမ်းရမှာလားလို့။

ရင်ထဲမှာလဲ တလှပ်လှပ်။

အဲဒီအချိန်မှာပဲ

"ဟာ ကိုအကြည်တော် ဘယ်သွားမလို့လဲ"

ကားပေါ်မှာပါလာတဲ့ ကျွန်တော်တို့ရပ်ကွက်က အသိတစ်ယောက်ခေါ်သံ။ သူခေါ်သံကြားတယ်ဆိုပဲ

"ဟယ် ဟိုဟာ အကြည်တော်တဲ့"

"ဘယ်မှာလဲ အကြည်တော် ပြစမ်း"

"ဟယ် အကြည်တော် တို့ကားပေါ်ပါလာတယ်"

ဆိုပြီး ကားတစ်စီးလုံး ပွက်ပွက်ညံကာ ဓာတ်ပုံတွေရိုက်ကြ၊ လက်မှတ်တွေ ထိုးခိုင်းကြတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး။

စဉ်းစားကြည့်လေ။ ကျွန်တော် သူခိုးဖြစ်ပြီး သူများအိမ်မှာ မိရင်တောင် ဒီလောက်လူဝိုင်းကြည့်ခံရမှာ မဟုတ်ဘူး။ အခုတော့ ကားပေါ်ပါလာသူအားလုံးက ဝိုင်းကြည့်တော့ (ခုနက ဧည့်ခံပွဲအခံကလဲရှိနေတော့)ဘယ်လိုမှ မခံနိုင်တော့ဘူး။ မီးပွိုင့်တစ်ခုမှာ ကားမီးနီမိနေတာနဲ့ပဲ ပြေးဆင်းလိုက်ရတယ်။

ကြည့်လိုက်တော့ ကုက္ကိုင်းမီးပွိုင့်ကြီး။ မီးပွိုင့်ကဆင်းပြီး လမ်းအနည်းငယ်လျှောက်တော့ ကန်ဘောင်ပေါ်ရောက်တယ်။

ကန်ဘောင်ပေါ်မှာ သွားထိုင်ပြီး စိတ်ငြိမ်အောင်လုပ်တယ်။

နှလုံးခုန်သံက ကျမသွားဘူး။ ခေါင်းတွေကလဲ ကိုက်တက်လာတယ်။ လက်ဖျားတွေလဲ တုန်နေတုန်းပဲ။ ချွေးစေးတွေကလဲ စေးထန်းနေပြီ။



www.burmeseclassic.com

နာရီဝက်လောက်နေတာတောင် အခြေအနေမကောင်းဘူး။ ဒါနဲ့ပဲ အနီးနားမှာ ဆေးခန်းရှာပြီး ဆရာဝန်နဲ့ သွားပြရတယ်။ ဆရာဝန်က နားကြပ်နဲ့စမ်း၊ သွေးပေါင်ချိန်ပြီး

"ခင်ဗျား သွေးတိုးနေပြီဗျ"

"ဗျာ"

ကျွန်တော့်ဘဝမှာ သွေးကျတာပဲရှိတယ်။ သွေးက တစ်ခါမှ မတိုးဘူး။ မိဘဆွေမျိုးတွေမှာလဲ သွေးတိုးရောဂါ မရှိကြလေတော့ ကျွန်တော်အံ့အားသင့်နေမိတယ်။

"ဟုတ်တယ်ဗျ၊ သွေးတိုးနေတာ၊ ဆေးကိုပုံမှန်တော့ သောက်သွားဖို့ လိုမယ်၊ အငန်မစားနဲ့၊ အဆီအဆိမ့်မစားနဲ့၊ အရက်မသောက်နဲ့ပေါ့ဗျာ"

ဆရာဝန်က ဆောင်ရန်ရှောင်ရန်တွေ ဆက်ပြောနေတယ်။ ကျွန်တော် မကြားတော့ဘူး။ အဲဒီတုန်းက အတွေးတွေ အခုချိန်ထိ အဖြေရှာလို့ မရသေးဘူး။

စဉ်းစားကြည့်ပါ။

ကျွန်တော်ဟာ ဖြတ်သန်းမှုပေါင်း မြောက်မြားစွာနဲ့ အသားကျခဲ့သူ။ မဟုတ်တာအတော်များများလဲ လုပ်ဖူးသူ။ ဘယ်တော့မှ အဆင်ပြေတဲ့ လမ်းကြောင်းပေါ် မရောက်နိုင်တဲ့သူ။ ဖိနပ်တောင် မရှိလောက်အောင် ဆင်းရဲခဲ့သူ။ အဲဒီတုန်းက မရှက်ပါပဲ၊ အခု အောင်မြင်မှုရမှ ဘာကြောင့်ရှက်ရတာလဲ။

အောင်မြင်မှုအတွက် လူတွေကြည့်ကြတာ သွေးတိုးစရာလား။ လောကမှာ ဒီလိုမညီမျှမှုတွေ အတွေးတွေ တကယ်ရှိနေပါလား။

ဥပမာ ဆိုကြပါစို့။

ကလပ်တက်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ကလပ်သွားတာ လူတိုင်းမကောင်းဘူးပြောတယ်။ နှာခေါင်းရှုံ့တယ်။ ဒါပေမယ့်





အဲဒီမိန်းကလေးဟာ ကလပ်သွားဖို့ မရှက်ပါဘူး။ ဒါပေမယ့် နေ့ခင်း ဖက်လမ်းထွက်ဖို့တော့ ရှက်တတ်ကြရဲ့။ ကဲ စဉ်းစားကြည့်ကြပါဦး။

လူဆိုးက ရဲကိုကြောက်ပါတယ်။ ရဲက လူဆိုးကိုမကြောက်ပါဘူး။ ဒါပေမယ့် သူ့ထက်ပိုတော်လို့ ရာထူးကြီးလေးတဲ့ အထက်အရာရှိကို ကြောက်ပါတယ်။

ဆိုကြပါစို့။

သူကြောက်တဲ့ အထက်အရာရှိက လူဆိုးဆိုတာတွေထက်များ ပိုဆိုးနေလို့လား။ အသက်အန္တရာယ်ရှိတဲ့လူဆိုးကိုကျတော့ မကြောက်ဘဲ၊ အသက်အန္တရာယ်မရှိတဲ့အရာရှိကို ဘာလို့ကြောက်နေရတာလဲ။

ကျွန်တော်လဲ ဒီလိုပါပဲ။

ဆိုးနေတဲ့အချိန်မှာ သွေးမတိုးဘဲ၊ ကောင်းတဲ့အခါကျမှ သွေးတိုးတဲ့သူ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို ဒီလိုအခြေအနေမျိုး ရောက်ဖို့ ကြိုးစားခဲ့သူထဲမှာ ကျွန်တော့်အထက်က ကိုဆန်းက အဓိကပါပဲ။

ကိုဆန်းကလဲ ကျွန်တော့်လိုပါပဲ။ အတန်းကျောင်းကို (၂)နှစ်တစ်တန်း (၃)နှစ်တစ်တန်းနဲ့ လိမ့်ပိန့်လိမ့်ပိန့် နေရင်းကနေ (၈)တန်းအောင်ဖို့ ကြိုးစားခဲ့ပါတယ်။

ရည်ရွယ်ချက်က (၈)တန်းအောင်ရင် ရန်ကုန်မြို့မှာရှိတဲ့ ပန်းချီပန်းပုကျောင်းကို တက်ချင်လို့ပါပဲ။ အဲဒီကျောင်းက (၈)တန်းအောင်မှ လက်ခံတာ





ပါ။

ကျွန်တော်တို့ ညီအစ်ကိုတွေထဲမှာ ထူးထူးခြားခြား ငယ်စဉ်ကတည်းက ပန်းချီဝါသနာပါသူတစ်ယောက်ပါ။

ကျွန်တော့်အဖေယူပေးတဲ့ ရွှေသွေး တေဇတို့ထဲက ပန်းချီကာတွန်းပုံတွေကို ငယ်စဉ်ကတည်းက အတုရေးပြီး ပန်းချီကို လေ့ကျင့်ခဲ့ပါတယ်။ အပြင်အလုပ်အနေနဲ့ကတော့ ကျွန်တော့်အဖေလက်မှတ်၊ လက်မှတ်တုရေးပြီး သမဝါယမဆိုင်က ပစ္စည်းတွေ ထုတ်တာလောက်ပဲ လုပ်ပါတယ်။

သူက ပန်းချီသမားဆိုတော့ လက်ရေးလဲ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော့်အဖေလက်ရေးကို မတူတူအောင် တုရေး၊ ကျွန်တော့်အဖေလက်မှတ်ကို တူအောင်ထိုးပြီး၊ ကျွန်တော့်အဖေ မထုတ်တဲ့ သမဝါယမဆိုင်က ပစ္စည်းတွေကို ထုတ်ပြီး အပြင်မှာပြန်ရောင်းစားတာပါပဲ။ ဥပမာပေါ့။

**ယခုလာသူ ကျွန်တော့်သားနဲ့ ခတ်ဆီ လေးဂါလံ ထုတ်ပေးလိုက်ပါ။**

**ပုံ ထွန်းနိုင်**

သူဘာသာသူရေးပြီး သူဘာသာသူပဲ သွားပါတယ်။ ပြီးတော့ ကျွန်တော့်အဖေ အသုံးမလိုလို့ မထုတ်ဖြစ်တဲ့ ခတ်ဆီဆိုခတ်ဆီ၊ ဆပ်ပြာဆိုဆပ်ပြာ၊ သူဘာသာသူထုတ်ပြီး အပြင်မှာ ပြန်ရောင်းစားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ညီအစ်ကိုတွေထဲမှာ သူက အဖေ့လက်မှတ်ထိုးတတ်နေ၍ရှိနဲ့ ဝင်ငွေဖြောင့်နေသူပါ။ ကျွန်တော်တို့ညီငယ်တွေက အဲဒီကတည်းက ကိုဆန်းဆီ ကပ်ရပ်ပြီးစားသောက်နေရပါတယ်။

နောက်ပြီး စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ ကျွန်တော်တို့အဖေ လစ်ရင် ကိုယ့်အိမ်ကကြက် ကိုယ်ပြန်ခိုးပြီး သူငယ်ချင်းတွေနဲ့ ချက်စားပါတယ်။ အဲဒီတော့ကျရင် ကိုဆန်းက ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်မှ ဆိုင်းဘုတ်တွေပျက်မှာ၊ ဆိုင်းဘုတ်ပျက်မှ ကိုဆန်း ပန်းချီရေးရမှာ၊ ကိုဆန်းပန်းချီရေးရမှ ကျွန်တော်တို့က သမ္မာအာဇီဝကျကျ ငွေရနိုင်မှာကိုး။

ဂစ်တာလဲ သင်ပေးပါတယ်။

ကျွန်တော်တို့အဖေက သူသွားလေရာနေရာ(တာဝန်ကျရာ ပေ့ါ)များကို ကျွန်တော်တို့ အငယ် (၃)ယောက်ကို အမြဲတမ်းခေါ်သွားလေ့ရှိတဲ့အတွက် ကျွန်တော်တို့(၃)ယောက်က ကျန်ညီအစ်ကိုများထက် ပိုရင်းနှီးပါတယ်။

ဒါကြောင့် ကိုဆန်းကပဲ ဦးဆောင်တာများပါတယ်။ မဟုတ်တာ အတော်များများ သူ့ဆီက တတ်ခဲ့တာချည်းပါပဲ။

ထန်းရည် ခိုးသောက်နည်း။ အဖေမသိအောင် သော့ဖွင့်နည်း။ စာအုပ်ဟောင်း ဂျာနယ်ဟောင်းများကို ဘယ်လိုဖောက်သည်ပေး၍ ပြန်လည်ရောင်းချနည်း၊ အဖေ့လက်မှတ်နဲ့ ပစ္စည်းထုတ်နည်း စသည်ဖြင့်ပါ။

ဒီနည်းတွေ ဘယ်လောက်ကောင်းသလဲဆိုရင် ကျွန်တော့်ညီ (အဲဒီတုန်းက လေးတန်းလောက်ပါ)ဟာ လမ်းထိပ်က ရေခဲသုပ်ဆိုင်မှာ ရေခဲသုပ် တစ်နေ့တစ်ခွက်ကို လ,ပေးစားနိုင်တဲ့အထိကို





အဆင်ပြေပါတယ်။

နောက်ပြီး သူ့မှာ သမ္မာအာဇီဝနဲ့ရတဲ့ ဝင်ငွေလဲ ရှိပါတယ်။ အဲဒါတွေကတော့

"အဖေ ရွာကဆိုင်းဘုတ်တွေ ဟောင်းနေပြီ၊ ဆေးပြန်တင်ဖို့တော့လိုမယ်နော်"

ရွာကဆိုင်းဘုတ်တွေကို အဖေ့အမိန့်နဲ့ အသစ်တဖန် ပြန်ရေးရတာပါပဲ။ ဒါတွေကလဲ ကျွန်တော်တို့အတွက် အလုပ်ကြီးအကိုင်ကြီးပါပဲ။ ဥပမာ

"ဆေးလိပ်မသောက်ရ"တို့။

"ဤနေရာတွင် အမှိုက်မပုံရ"

"မီးသတိပြု"

စတဲ့ဆိုင်းဘုတ်တွေ ရေးရတော့တာပါပဲ။

ကျွန်တော်တို့ ဂယောင်တွေက အောက်ခံဆေးသုတ်။ ကိုဆန်းက လက်ရေး,ရေးပေ့ါ။ အဲသည်လိုရေးရရင် လက်ထဲ ငွေလဲရွှင်တတ်တာပေ့ါ။

ဒါကြောင့် သမ္မာအာဇီဝကျကျ ငွေရှာနိုင်ဖို့ကို ကျွန်တော်တို့တွေဟာ တစ်လတစ်ခါလောက် ညဖက်ထွက်ပြီး တွေ့ကရာဆိုင်းဘုတ်ခဲနဲ့ချခြင်း၊ သံချောင်းနဲ့ခြစ်ခြင်း စသည့်အလုပ်များကို အချိန်ပိုဆင်းရပါတယ်။

ဒီလိုလုပ်မှ ဆိုင်းဘုတ်တွေပျက်မှာ၊ ဆိုင်းဘုတ်ပျက်မှ ကိုဆန်းပန်းချီရေးရမှာ၊ ကိုဆန်းပန်းချီရေးရမှ ကျွန်တော်တို့က သမ္မာအာဇီဝကျကျ ငွေရနိုင်မှာကိုး။

ဒီကောင်းမှုကြောင့် ကျွန်တော်တို့နေခဲ့တဲ့ ဘီလူးကျွန်းခိုင်ဘစ်ကျွန်းလုံးပတ်ပြီး တွေ့ကရာဆိုင်းဘုတ် ခဲနဲ့ချခဲ့ဖူးပါတယ်။

"ပျက်ပြန်ပြီ၊ ကမာကေးရွာက 'သင့်ကြောင့် မီးမလောင်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆိုင်းဘုတ်ပျက်ပြီ"

ဆိုရင် အလုပ်နဲ့လက် ဇယ်စက်သလို ရနေတော့တာကိုး။

တော်ကြာ ကမာကေး၊ တော်ကြာ ကမာမို၊ တော်ကြာ နတ်မှော်၊ တော်ကြာ ဆယ်ဗလာနဲ့ ဘီလူးကျွန်း(၆၄)ရွာလုံးကို နှံ့နေတော့တာပါပဲ။

အဲဒီလို အပျော်ကျူးနေရာကမှ ကိုဆန်းက(၈)တန်းအောင် အောင်ဖြေပြီး ရန်ကုန်မှာရှိတဲ့ ပန်းချီပန်းပုကျောင်းကို လာတက်တော့တာပါပဲ။

ကျွန်တော်တို့လဲ ကျွန်းပတ်ပြီး ခဲနဲ့ချရတဲ့ ဇာတ်လမ်းလဲ ပြတ်ခဲ့ပါတယ်။

× × ×



ကိုဆန်းကလဲ သူ့ရည်မှန်းချက်နဲ့ သူပါပဲ။

ရန်ကုန်မှာ ပန်းချီပန်းပုကျောင်းတက်မယ်။ ပြီးရင် ရန်ကုန်မှာပဲ ပန်းချီဆရာဘဝနဲ့ ရပ်တည်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

အဲဒီအရွယ်မှာ အဲဒီလို့ရွာကနေ ဒီလို စိတ်ကူးမျိုးရှိတာ အံ့သြစရာပါပဲ။ ရန်ကုန်ဆိုတာ ဘယ်နားရှိမှန်းတောင် မသိပါဘူး။ ရောက်ဖူးဖို့ ဝေးစွ၊ စိတ်ကူးကောင် မယဉ်ဖူးပါဘူး။

ရုပ်ရှင်တွေဘာတွေထဲ မြင်ရင်လဲ ရန်ကုန် တက္ကသိုလ်တွေ ဘာတွေမြင်ရင်တောင် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ကို မနေပါဘူး။ ရင်လဲမခုန်ပါဘူး။ ကိုယ်မှ မရောက်နိုင်တဲ့ဟာကို။ အဲဒီမှာမှ ကိုဆန်းက ရန်ကုန်သွားပြီး ပန်းချီပန်းပုကျောင်း သွားတက်မယ်ဆိုတော့ အံ့အားသင့်စရာပါပဲ။

ရှိတော့ရှိပါလိမ့်မယ်။ ရန်ကုန်ကို စီးပွားရေးအရ၊ ကျန်းမာရေးအရ သွားတဲ့လူမျိုးတွေ ရှိကောင်းရှိပါလိမ့်မယ်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်သူတွေလဲ ရှိပါဦးမယ်။ ဒါပေမယ့် များသောအားဖြင့်တော့ ကျွန်တော်တို့ဆီကလူတွေ ရန်ကုန်ရောက်ရင် ရည်ရွယ်ချက်(၃)ခုကို အကောင်အထည်ဖော်လေ့ ရှိပါတယ်။ အဲဒါကတော့

(၁)ဆံပင်ညှပ်မယ်

(၂)ခေါက်ဆွဲစားမယ်

(၃)ရုပ်ရှင်ကြည့်မယ်

ဒါပါပဲ။ ရွာမှာက ဆံပင်ညှပ်ဆိုင်ကောင်းကောင်း မရှိတော့ ရွာသားတွေက ရန်ကုန်ရောက်ရင် ဆံပင်ညှပ်ကြပါတယ်။ ရုပ်ရှင်ရုံလဲ ကောင်းကောင်းမရှိလို့ မြို့ရောက်တုန်း ရုပ်ရှင်ကြည့်ပါတယ်။ ခေါက်ဆွဲကြော်ဆိုင်ဆိုတာ ဝေလာဝေးမို့ ခေါက်ဆွဲလဲ မဖြစ်မနေစား ကြပါတယ်။

ဒါပေမယ့် ရန်ကုန်သွားပြီး ပန်းချီဆရာဘဝနဲ့ ရပ်တည်မယ်ဆိုသူက အင်မတန်ရှားပါလိမ့်မယ်။ အဲဒီရှားပါးပစ္စည်းတွေထဲမှာ ကိုဆန်းပါသွားပါတယ်။ ၁၉၈၈/၈၉ခုနှစ်မှာ သူ အဲဒီကျောင်းကို တက်ပါတယ်။

အဲဒီတုန်းက(အခုတော့ မသိပါ)ပန်းချီကျောင်းတက်ရင် ကျောင်းသားကို လခပြန်ပေးပါတယ်။ (၇၅)ကျပ်ပါ။ (၃)နှစ်သင်တန်းဖြစ်ပြီး ပန်းချီနဲ့ပန်းပုကိုပဲ အဓိက ပြန်သင်ပါတယ်။ ကျောင်းအိပ်ကျောင်းစား သင်ရတာပါ။

အဲဒီနှစ်မှာပဲ ကျွန်တော်လဲ ကျောင်းသားဘဝစုတေလို့ လုပ်





ငန်းခွင်ထဲ ရောက်ခဲ့ပါတယ်။ အမှန်တော့ လုပ်ငန်းခွင်ထဲဝင်ဖို့၊ အသက်မပြည့်သေးပါဘူး။ ဒါကို ဘာမှအသုံးမဝင်တော့မှန်းသိတော့ ကိုယ့်ကိုကိုယ် အသက်လိမ်ပြီး(ကြီးပြီး)အလုပ်ဝင်လုပ်ခဲ့ပါတော့တယ်။

ကျွန်တော့်ညီကတော့ ကျောင်းသားမို့ အဖေနဲ့ကျန်ခဲ့ပါတယ်။ အဲဒီအခိုက်အတန့်ဟာ ကျွန်တော်တို့ညီအစ်ကိုတွေ အကြာဆုံးခွဲနေရတာပဲလို့ ထင်ပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်းသာ ရန်ကုန်မရောက်ခဲ့ရင် ကျွန်တော့်အနေနဲ့ ရန်ကုန်ရောက်စရာအကြောင်း ကို မရှိပါဘူး။ မြင်းလှည်းပဲမောင်းနေရမလား၊ ဆိုက္ကားပဲ နင်းနေရမလားလဲ မသိပါဘူး။

ကိုဆန်း ပန်းချီပန်းပုကျောင်းဆင်းတော့ ကျွန်တော့်ညီကို သူနဲ့အတူလာနေဖို့ ရန်ကုန်ကို ခေါ်ပါတယ်။

အိမ်မှာ အငယ်ဆုံးလဲဖြစ်၊ ဆယ်တန်း အောင်ခါစ လူငယ်လေးလဲဖြစ်တဲ့ ကျွန်တော့်ညီကို မိဘများက မလွှတ်ပါဘူး။ ကိုဆန်းလဲ အဆင်မပြေ သေးဘူးဆိုတာ သိလို့ပါ။

ကျွန်တော့်ညီကလဲ ကိုဆန်းကို တအားယုံ တော့ အတင်းကို သွားဖို့ ပူဆာပါတယ်။ မိဘများ ကလဲ လုံးဝလုံးဝကို မလွှတ်ပါဘူး။





ဒါပေမယ့် တစ်ညကျတော့ အိမ်မှာ တချွတ်ချွတ်နဲ့ မသင်္ကာ စရာ အသံကြားလို့ အမေက ထကြည့်တော့ အထုပ်အပိုးတွေနဲ့ ထွက် ပြေးဖို့ကြံနေတဲ့ ကျွန်တော့်ညီကို မိသွားပါတော့တယ်။

ဒီလိုနဲ့ မေးကြည့်တော့

"ရန်ကုန်သွားမလို့"

အားလုံး မျက်လုံးပြူးသွားရပါတယ်။ အမေက

"ဟဲ့ ဘာသွားလုပ်မှာလဲ၊ နင့်အစ်ကိုတောင် နေစရာစားစရာ မရှိသေးတဲ့ဟာ၊ နင်သွားရင် နင်လဲငတ်မှာပေါ့"

ဆိုတော့

"ရတယ်၊ ငတ်ချင်ငတ်ပါစေ ရန်ကုန်မှာပဲ သွားနေမယ်"

အားလုံးက ချော့တစ်ခါ၊ ခြောက်တစ်လှည့်နဲ့ တားပါတယ်။ ဒါပေမယ့်

"ဒီတစ်ခါ မသွားရရင်လဲ နောက်တစ်ခါ ခိုးသွားမှာပဲ"

"ဟဲ့ နင် ရန်ကုန်သွားဖို့ ပိုက်ဆံရောရှိလို့လား"

"မရှိဘူး၊ ရထားခိုးစီးသွားမယ်၊ ရန်ကုန်ရောက်ရင် ကိုဆန်း ရှိတာပဲ"

"ရန်ကုန်ဆိုတာ အကျယ်ကြီး၊ ကိုဆန်းကို နင်ဘယ်လိုရှာမလဲ"

"ဒီလိုပဲ မေးစမ်းသွားမှာပေါ့"

ဆိုတာကြောင့် ဘာမှမတတ်နိုင်တော့ပါဘူး။ နောက်ဆုံးတော့ ကိုဆန်းရှိရာ ရန်ကုန်ကို လိုက်ပို့ကြဖို့ပဲ ဆုံးဖြတ်လိုက်ပါတော့တယ်။

ကျွန်တော့်အစ်ကိုတစ်ယောက်ဖြစ်တဲ့ ကိုမိုးက ရန်ကုန်မှာ အခြေအမြစ်တောင် မရှိသေးတဲ့ ကိုဆန်းကိုရှာ။ ပြီးတော့ မီးရာမိုရ်ကို အပ်ခဲ့ပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိဘများစကား မှန်ပါတယ်။

ကိုဆန်းဆိုတာကလဲ အဲဒီတုန်းက ပန်းချီကျောင်းဆင်းခါစ ပန်းချီဆရာပေါက်စ။ ပန်းချီဆရာဆိုပေမယ့် ပါတိတ်ဒီဇိုင်းဆိုလဲ ရေးရ၊ သရုပ်ဖော်ပုံလေးအပ်ရင်လဲ ရေးရတဲ့ ပန်းချီဆရာပါပဲ။ ဒီတော့ စားဝတ်နေရေးက ဘယ်လိုမှ အဆင်မပြေပါဘူး။ ဒါနဲ့ပဲ အနုပညာ အလုပ်လုပ်ဖို့ ရန်ကုန်ကို ဒေါင်းတင်မောင်းတင် တက်လာတဲ့ မီရာမိုရ်လဲ ဘာအနုပညာအလုပ်မှ မလုပ်ရဘဲ သာကေတ





လမ်းခင်းတဲ့နေရာမှာ အလုပ်ဝင်လုပ်ပြီး ကျောက်ထုရတဲ့ဘဝ ရောက်သွားရပါတော့တယ်။

အနည်းငယ်ကြာတော့ ဒီထက်အဆင့်မြင့်ပြီး ကြက်ခြံတွေက ကြက်ဥယူ။ လက်ဖက်ရည်ဆိုင်တွေကို စက်ဘီးတစ်စီးနဲ့ ကြက်ဥလိုက်ပို့ရသူ ဖြစ်လာပါတော့တယ်။

× × ×

နိုး : မိုး : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



နောက်အနည်းငယ်ကြာတဲ့အခါ ကျွန်တော့်ညီက ယဉ်ကျေးမှုတက္ကသိုလ်ဖွင့်တော့ အဲဒီတက္ကသိုလ် တက်လိုက်ပါတယ်။

သူဟာ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်တဲ့သူပါ။ သူ့အနေနဲ့ ရွေးချယ်မယ်ဆိုရင် အင်မတန်အမှတ်ကောင်းတဲ့ တက္ကသိုလ်မျိုး ရွေးလို့ရပါတယ်။ ဒါပေမယ့် သူက ယုံကြည်စွာနဲ့ပဲ သူ့ဝါသနာပါ ရာကိုပဲ ရွေးချယ်ခဲ့ပါတယ်။

တခြားခင်မင်သူတွေကတော့ ညဏ်ရည်နည်းလို့ချည်ရဲ့လို့ ရှုံ့ချကောင်းရှုံ့ချနိုင်ပါတယ်။





ဒါပေမယ့် လောကမှာ ဆရာဝန်ဖြစ်မှ အင်ဂျင်နီယာဖြစ်မှ လူရာဝင်တာ မဟုတ်ပါဘူး။ ကိုယ်ယုံကြည်ရာ လုပ်နေရတာကိုကလဲ လူရာဝင်တာတစ်မျိုး။

အဲဒီအချိန်အထိ ကျွန်တော်က လခစားဘဝနဲ့ ယောင်လည်လည် ဖြတ်သန်းနေတုန်းပါပဲ။

ကျွန်တော့်ညီကလဲ ကျောင်းတက်ရင်းနဲ့ ကြက်ဥပို့နေရတုန်းပါပဲ။ ကိုဆန်းကလဲ မဂ္ဂဇင်းတွေမှာ သရုပ်ဖော်ပုံတွေ ကြိုကြားကြိုကြား ရေးနေရတုန်းပါပဲ။

ဘဝမှာ ဘာမှမသေချာခဲ့ပါဘူး။

သေချာတာကတော့ ကြိုးစားရတယ် ဆိုတာပါပဲ။

တကယ်ကြိုးစားရတယ် ဆိုတာပါပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်းနဲ့မောင်မောင် ရန်ကုန် ရောက်ပြီးမှ ကျွန်တော်က အလုပ်တွေထွက်ပြီး ရန်ကုန်ရောက်ခဲ့တယ်။

ရန်ကုန်ရောက်တော့ လူပုပုသေးသေးလေး တစ်ယောက်နဲ့ ဆုံခွင့်ရတယ်။

အဲဒီတုန်းက ကျွန်တော်က ကိုဆန်းနဲ့ ပန်းချီလိုက်ရေးတုန်းပေါ့။ စာရေးဖို့ဆိုတာ အဝေးကြီး ရှိပါသေးတယ်။

ပန်းချီကို အခြေခံကျကျ သင်မထားရတော့ ကိုဆန်းနဲ့လိုက်ပြီး background တွေ ဆေး





သုတ်ရတယ်။ ကိုဆန်းက အဲဒီအချိန်မှာ တစ်ဆင့်ခံအနေနဲ့ စီးရီးဘုတ်တွေ၊ ကြော်ငြာဘုတ်တွေ ရေးနေရပါပြီ။ သူခေါင်းဆောင်တော့ မဟုတ်ဘူး။ သူ့အထက်က လူတစ်ယောက်က သူ့ကိုလက်ခွဲပြန်အပ်တာ။ အဲဒီဆိုင်းဘုတ်တွေကို ရန်ကုန်မြို့ထဲမှာ ရေးရတာ။ အဲဒီခေတ်က အခုလို ကွန်ပျူတာတွေ၊ ဘီနိုင်းဘုတ်တွေ ခေတ်မစားသေးပါဘူး။ ဆိုင်းဘုတ်တွေတော်တော်များများ လက်ရေးနဲ့သာ ရေးကြရပါတယ်။ အဲဒီမှာ ကျွန်တော်တို့လို ပန်းချီမကျွမ်းကျင်တဲ့သူတွေက background တွေကို ဆေးသုတ်ပေးရပါတယ်။ ကျွန်တော်တို့ ဆေးသုတ်ချိန်ဆို ခုနကပြောတဲ့ လူပုပုသေးသေးလေးက,လာပြီး ကျွန်တော့်ကို လာလာစ,ပါတယ်။

စ,တယ်ဆိုတဲ့ အကြောင်းရင်းကလဲ ရိုးရှင်းလှပါတယ်။ ကျွန်တော်က အင်မတန် စကားနည်းလို့ပါပဲ။

အဲဒီအချိန်ကလဲ အလုပ်တွေက မကောင်းသေးတဲ့အချိန်၊ နေစရာ စားစရာက အဆင်မပြေလို့ စိတ်ဓာတ်ကျနေတဲ့အချိန်မို့ နဂိုစကားနည်းတဲ့ ကျွန်တော်က ဘယ်သူ့ကိုမှ စကားမပြောဖြစ်တော့ပါဘူး။ ဒါကို အဲဒီလူပုပုသေးသေးလေးက လာပြီး အမြဲတမ်း ကျွန်တော့်ကို စ,လေ့ရှိပါတယ်။ သူစ,တယ်ဆိုတာ ကျွန်တော်မသိခဲ့ရိုးအမှန်ပါ။

နောက်ပိုင်းပြန်တွေ့တော့

"ဟော့ကောင် မောင်ကြည်၊ အဲဒီတုန်းက မင်းကို ငါ လာလာစ,ခဲ့တာ"

ဆိုမှ သူ ကျွန်တော့်ကိုစ,မှန်း ကျွန်တော်ပြန်သိရပါတယ်။

သူစ,ပုံကလဲ ရိုးပါတယ်။ ကျွန်တော်တို့ ပန်းချီရေးရင် သူ သုတ်သုတ်သုတ်သုတ်နဲ့ ဝင်လာတယ်။ ပြီးရင်

"ဟော့ကောင် မောင်ကြည်၊ ထမင်းစားပြီးပြီလား"

ကျွန်တော်က ခေါင်းခါပြလိုက်ရင် သူရယ်ပြီး ပြန်ထွက်သွားပါတယ်။ သိပ်မကြာပါဘူး။ ခဏနေ သူပြန်ရောက်လာပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း

"ဟော့ကောင်မောင်ကြည် လက်ဖက်ရည်သောက်ပြီးပြီလား"

ကျွန်တော်က သောက်ပြီးပြီဖြစ်ကြောင်း ခေါင်းညိတ်ပြလိုက်ရင် သူရယ်ပြီးပြန်ထွက်သွားပါတယ်။ သူစ,တယ်ဆိုတာ ဒါပါပဲ။

ဒါပေမယ့် တစ်နေ့ကုန်ကို ဟိုပတ်ဒီပတ် တောက်တောက် တောက်တောက်လျှောက်သွားပြီး ကျွန်တော့်ဆီ လှည့်လှည့်ဝင်လာပါတယ်။ ရောက်လာရင်လဲ

"မောင်ကြည် ဆေးလိပ်သောက်မလား"

ကျွန်တော်ခေါင်းညိတ်ပြရင် ရယ်ပြီး ဆေးလိပ်သွားဝယ်တိုက်ပါတယ်။ ပြီးရင် ပြန်ရောက်လာပါတယ်။

အမှန်တော့ သူက စကားအင်မတန်ပြောတဲ့သူပါ။ အဲဒါကို ကျွန်တော်က စကားက တစ်ခွန်းမှမပြောလို့ သူသဘောကျနေတာပါ။

အဲဒီတုန်းကတော့ သူက ကဗျာလေး ဘာလေး ကြိုကြားကြိုကြားရေးတဲ့ ကဗျာဆရာပါပဲ။ နောက်မှ မကြည်ပြာနဲ့ချစ်ခြင်းနဂ္ဂတစ်ဝတ္ထုနဲ့ ဟုန်းဟုန်းတောက်ခဲ့တဲ့ စာရေးဆရာနီကိုရဲ ဖြစ်ခဲ့ပါတယ်။

ကိုနီကိုရဲဟာလဲ ကိုရွှေဘုန်းတို့လိုပဲ အင်မတန်ထူးဆန်းတဲ့လူဖြစ်ပြီး စေတနာအင်မတန်ကောင်းတဲ့သူပါပဲ။ ဒါကြောင့် သူဆုံးပါးချိန်အထိ နွမ်းပါးစွာပဲ ချုံ့ချုံ့ရုံ့ရုံ့ကလေးပဲ ဆုံးပါးခဲ့ရှာပါတယ်။

သူ့ရဲ့အကျင့်က နေရာတစ်ခု သွားမယ်ဆိုရင် အိမ်ထဲအိမ်ပြင် သုံးလေးခါဝင်လိုက်ထွက်လိုက်နဲ့ ဘာရှာလို့ရှာမှန်းမသိ လုပ်ပြီးမှ အပြင်ကိုရောက်ပါတယ်။

လမ်းသွားရင်းနဲ့လဲ ရပ်လိုက်၊ နောက်ပြန်လှည့်မလိုလုပ်လိုက်၊ ရှေ့ပြန်သွားလိုက်နဲ့ ဘာကိုစဉ်းစားလို့စဉ်းစားနေမှန်း မသိပါဘူး။ သိပ်ပြီး ငြိမ်ငြိမ်နေတတ်တဲ့စရိုက်မျိုး မရှိပါဘူး။

လူကလဲ ပိန်ပိန်သေးသေး အရုပ်ဆိုဒ်လေး။ အရုပ်ဆိုဒ်ဆိုတာ ကလေးဆိုဒ်လဲမဟုတ်၊ လူကြီးဆိုဒ်လဲ မဟုတ်လို့ပြောတာပါ။ ဥပမာ ဘောင်းဘီဝယ်ရင် လူကြီးဆိုဒ်ဆိုလဲ သူ့ထက်ကြီးနေပြီ၊ ကလေးဆိုဒ်ဆိုလည်း သူ့ထက်သေးနေပါတယ်။ ဒါကြောင့် စတိုးဆိုင်ရှေ့ ချိတ်ထားတဲ့ အရုပ်ဆီက ဘောင်းဘီချွတ်ယူမှ တော်တဲ့ဆိုဒ်မျိုးပါ။

ဥပမာ ဘောင်းဘီဝယ်ရင် လူကြီးဆိုဒ်ဆိုလည်း သူ့ထက်ကြီးနေပြီ ကလေးဆိုဒ်ဆိုလည်း သူ့ထက်သေးနေပါတယ်

လူပုံကြည့်ရင် သိပ်ပြီး အထင်ကြီးစရာ မကောင်းပါဘူး။ ဘယ်လောက်ထိလဲဆို တယ်လီဖုန်းပေါ်စက သူလဲ ဖုန်းကိုဝယ်ပြီး လမ်းမစကားထွက်ပြောတာကို မြင်တဲ့သူတွေက

"အောင်မာ ကလေးမဟုတ်၊ လူကြီးမဖြစ်လူက ကစားစရာဖုန်းနဲ့ ဟန်လုပ်နေသေး"

ဆိုပြီး ပြောရတဲ့အထိပါပဲ။

ဒါပေမယ့် သူက ဉာဏ်အလွန်ကောင်းပါတယ်။ အင်္ဂလိပ်စာကိုလဲ မှတ်နေအောင် ပြောနိုင်ပါတယ်။

နောက်ပြီး သူ့မှာ ပေါ်တင်ကို ရွှတ်တတ်တဲ့အကျင့်လဲ ရှိပါ







www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ရှေ့မှာ ကြည့်မရသူရှိနေရင် စကားအကောင်းကို မပြောပါဘူး။

ဘယ်လောက်ထိလဲဆို နောက်ပိုင်း ကျွန်တော်လဲ စာရေးဆရာဖြစ်ပြီး ဟောပြောပွဲတချို့ကို သူနဲ့တွဲသွားခွင့်ရပါတယ်။ ကျွန်တော်နဲ့သူ ဟောပြောပွဲအတူသွားမယ်ဆိုတော့ ဆရာ(ကို)မင်းလူက သတိပေးပါတယ်။

"မောင်ကြည် ဟော့ကောင်၊ မင်း သူနဲ့သွားမယ်ဆို သူ့ကိုနိုင်အောင်ထိန်းနော်၊ ရဲဝင်းက ဆိုးတယ်"

လို့ဆိုပါတယ်။ ကျွန်တော်ကလဲ ခုနက ပြောခဲ့သလို သူလဲကဗျာဆရာပေါက်စ။(စာရေးဆရာ မဖြစ်သေး)ကျွန်တော်လဲ ပန်းချီရေးကတည်းက ခင်မင်ခဲ့တာမို့

"ရပါတယ် အစ်ကိုရာ၊ ကျွန်တော် ကြည့်ထိန်းသွားပါ့မယ်"

ဆိုပြီး ဟောပြောပွဲသွားပါတယ်။

ကျွန်တော်နဲ့ဆို အကောင်း။ သူကြည့်မရတဲ့သူဆို စကားကို အကောင်းမပြောဘူးဗျ။ တစ်ချိန်လုံး လိုက်ကြပ်နေတော့တာ။ သူကြပ်ပုံကလဲ ဆန်းတယ်။

"ခုနဆရာပြောခဲ့တာ ဘာ. . ဘာ"

"ဩ် ခုနပြောခဲ့တာလေ ဆရာနီကိုရဲရဲ့"

"အဲ အဲဒါဆို ခုနစ်က ဘယ်လောက်ကွာသွားပြီ"

စသည်ဖြင့် တစ်ဖက်လူပြောတဲ့စကားကို အကြာကြီးမှတ်ထားပြီးမှ တစ်ဖက်သား အဖြေရခက်အောင် လုပ်တော့တာ။ ဒါကြောင့် တခြားလူတွေဆို

"တော်ပြီဗျာ၊ ခင်ဗျားနဲ့ စကားကို မပြောတော့ဘူး"

ဆိုပြီး ဖြစ်သွားရတော့တာပါပဲ။ တစ်ခါကလဲ ဟောပြောပွဲသွားရင်း ဘုရားဒကာအိမ်တစ်အိမ်မှာ တည်းခွင့်ရတယ်။ ဘုရားဒကာ





ကလဲ စေတနာနဲ့ ပေးတည်းရှာပါတယ်။ ကျွန်တော်တို့ကလဲ ဟောပြောပွဲဆိုတော့ ထုံးစံအတိုင်း နည်းနည်းတော့ သောက်ထားပါတယ်။ ဒါကို သိတဲ့ ဘုရားဒကာက စေတနာနဲ့

"အေးပေါ့လေ၊ သောက်တတ်လို့ သောက်တာတော့ မပြောလိုပါဘူး၊ ဒါပေမယ့် ဆိုးကျိုးကိုတော့ သတိပြုစေချင်ပါတယ်၊ သူရာမေရိယဆိုတာ ကျူးလွန်ပြီးရင် အကုန်ဖြစ်နိုင်တာကိုး"

ဆိုတာကို ကိုရဲဝင်းက ထပြီး

"ဒါဆို သူရာမေရိယနဲ့ လိမ်တာ ဘယ်သူအပြစ်ကြီးလဲ"

ဆိုတော့ ဘုရားဒကာက အိမ်ကမောင်းချမယ်လုပ်လို့ ကော်မတီက မနည်းပြန်တားယူရတယ်။ ဘာလို့လဲဆိုတော့ ဘုရားဒကာက လိမ်လည်မှုနဲ့ အမှုရင်ဆိုင်နေရတာကိုး။ ဒါကို သူဘယ်လိုသိလဲ မသိဘူး။ တစ်ချက်တည်း ခွပ်ချလိုက်တော့ ဟိုက အရှိုက်ထိပြီး မနည်းပြန်တောင်းပန်လိုက်ရတယ်။

တစ်ခါကလဲ သိုင်းဆရာတစ်ယောက်အိမ် သွားတည်းတာ။ ဟိုကလူစကားကို ဘယ်လိုအမြင်ကတ်လဲ မသိဘူး။

"ဒါဆို ခင်ဗျား တုတ်ပြီး ဓားပြီးတယ်ဆို ကျွန်တော့်ကို ဘရိတ်ဓားနဲ့ပဲ ပေးလှီးစမ်း"

ဆိုလို့ ဟောပြောပွဲမစခင်အချိန်ထိ ရွာတံတားပေါ် တက်နေရတယ်။

တစ်ခါကလဲ နိုင်ငံခြားသားတွေနဲ့ ခရီးသွားခွင့်ရတယ်။

သူတို့ကလဲ မွန်မွန်ရည်ရည်ပါပဲ။ စာရေးဆရာဆိုတာနဲ့ တလေးတစားကို စကားပြောတော့တာ။ ပျော်စရာကောင်းပါတယ်။

လမ်းခရီးမှာမို့ ကိုရဲဝင်း က အိပ်နေပါတယ်။ ဒါနဲ့ စကားစပ်မိရင်း နိုင်ငံကိုမေးတော့

"အစ္စရေး"က ဆိုတာ သိ ခွင့်ရပါတယ်။ အဲဒီစကားလဲကြား



www.burmeseclassic.com

ရော ကိုရဲဝင်းဟာ ထ,လာပြီး

"မင်းတို့ဂျူးတွေ ဗုံးခွဲဖို့ ဒီကိုရောက်လာတာလား"

ဆိုတဲ့တစ်ခွန်း ပြောလိုက်တာနဲ့ အားလုံးငေါက်ခနဲထပြီး ကားပေါ်က ဆင်းသွားပါတော့တယ်။ အဲဒီလိုလူမျိုးပါ။

နီကိုရဲလို့
ဆိုလိုက်တာနဲ့
မခင်တဲ့သူ မရှိပါဘူး။
ဒါပေမယ့်
သူ့စိတ်နဲ့ မတွေ့တဲ့
သူဆိုလဲ သူက
သည်းမခံပါဘူး။

လူကသာ လူကောင်သေးတာ။ ချစ်ဖို့ခင်ဖို့လဲ အင်မတန်ကောင်းပါတယ်။ လူချစ်လူခင်လဲ အင်မတန်ပေါပါတယ်။ နီကိုရဲလို့ ဆိုလိုက်တာနဲ့ မခင်တဲ့သူ မရှိပါဘူး။ ဒါပေမယ့် သူ့စိတ်နဲ့မတွေ့တဲ့ သူဆိုလဲ သူက သည်းမခံပါဘူး။

တစ်ခါကလဲ ဟောပြောပွဲတစ်ခုမှာ သူရယ်၊ ကျွန်တော်ရယ်၊ နိုင်ငံရေးအကြောင်းတွေ ပြောတတ်တဲ့ ဆရာလေးရယ် အတူသွားခွင့် ပြောခွင့် ရပါတယ်။

ကျွန်တော်က ပထမဆုံး ပြောရသူမို့၊ ပြောပြီး အပြင်မှာ ထွက်ထိုင်နေပါတယ်။ ဟိုဆရာလေးက ဒုတိယအနေနဲ့ ဆက်ပြောပါတယ်။ သူက တတိယပါ။

ကျွန်တော် အပြင်မှာ ထွက်ထိုင်ပြီး သိပ်မကြာပါဘူး။ ကော်မတီက ပြေးထွက်လာပြီး

"လုပ်ပါဦးဆရာရယ်၊ ကျွန်တော်တို့တော့ သေသာသေလိုက်ချင်တော့တယ်"

ဆိုပြီး ငိုကြီးချက်မတွေ ဖြစ်နေတော့ ကျွန်တော်လဲ လန့်ပြီး

"ဘာဖြစ်လို့လဲ၊ ဘယ်သူ ဘာလုပ်နေလဲ"

ဆိုတော့ ကော်မတီလူကြီးက

"ဆရာနီကိုရဲပေါ့ဗျာ၊ ကျွန်တော်တို့လဲ ပြောမနိုင်ဘူး ဆရာလိုက်ပြောပါဦး"

ဆိုပြီးခေါ်တော့ လိုက်သွားရတယ်။

မြင်ကွင်းက ကျွန်တော်တောင် လန့်သွားတယ်။

ဟောပြောပွဲစင်မြင့်ပေါ် ပြောနေတဲ့ ဟိုဆရာလေး ရှေ့တည့်တည့်စင်အောက်မှာ ကိုရဲဝင်းက တည့်တည့်ရပ်နေတယ်။ ပြီးတော့ ပြောနေတဲ့ ဆရာလေးကို တည့်တည့်ကြည့်တယ်။ ပြီးတော့ ခါးထောက်ပြီး

"ဘာတွေပြောနေတာလဲ၊ ပြန်ရှင်းပြပါဦး"

ဆိုပြီးလုပ်နေတာ။ ကော်မတီကလဲ မဆွဲနိုင်၊ မဆွဲရဲဘူး။ ဒါနဲ့ ကျွန်တော်လဲ မျက်လုံးပြူးပြီး သူ့ကိုသွားခေါ်ရတယ်။

"ကိုရဲဝင်း ခဏလာ၊ ခဏလာဦး"

ကျွန်တော်ခေါ်တော့လဲ အသာတကြည်ပဲ။ အပြင်ရောက်မှ တိုးတိုးတိတ်တိတ် မေးရတယ်။

"ဘာဖြစ်လို့လဲ အစ်ကိုရာ၊ ဘာတွေဖြစ်နေလို့လဲ"

ဆိုတော့ သူက

"ကိုယ်ပြောတဲ့စကားကို ကိုယ်တာဝန်ယူရဲရတယ်ကွ၊ အဲဒီသူ သူပြောနေတာကို သူ့စာထဲ ထည့်ရေးရဲလို့လား"

(အခုတော့ ရေးရဲရင် ရေးရဲနေလာက်ပါပြီ)




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ ပြောတဲ့သူကပြောပြီး ပြန်တာပါပဲ။ ကျန်တဲ့သူက ပြောခဲ့သမျှကို တာဝန်ယူရတာပါ။ (အခုမဟုတ်တော့ပါဘူး)

ထားပါတော့။ သတိရစရာတွေ၊ ရေးချင်စရာတွေ အများကြီးပါပဲ။

သူနဲ့ကျွန်တော် စတင်ခင်မင်ရင်းနှီးရတဲ့ အကြောင်းရင်းရှိပါသေးတယ်။

အဲဒါက ကျွန်တော်စကားနည်းတာ တစ်ခုအပြင်၊ သူရေးမယ့်ဝတ္ထုတွေကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ အရယ်အပြုံးနည်းတဲ့ ကျွန်တော့်ကို ပြောပြချင်လို့ပါပဲ။

သူက သူ့ရဲ့ မကြည်ပြာဆိုတဲ့ ကောင်မလေးအကြောင်းကို ကျွန်တော့်ကို လာလာပြောပြနေတော့တာပါပဲ။ (အရင်က မသီတာ၊ (ကာယကံရှင်ကိုယ်တိုင် မဂ္ဂဇင်းတိုက်မှာ လာပိတ်လို့ နာမည်ပြောင်းရတာပါ)

ပြောရင်လဲ ခံစားချက်နဲ့ကို လုံးစေ့ပတ်စေ့ ပြောတော့တာပါပဲ။

ကိုရဲဝင်းရဲ့ ထူးခြားချက်က သူပြောတဲ့ဇာတ်ကြောင်းက သူရေးမယ့် ဝတ္ထုအတိုင်း လုံးစေ့ပတ်စေ့ကို ပြောတတ်တာပါပဲ။ သူပြောတဲ့အတိုင်းကိုလဲ ဝတ္ထုပြန်ရေးလေ့ရှိပါတယ်။

သူပြောတာ အတည်ကြီးပေမယ့် အတော်ရယ်ရပါတယ်။ ကျွန်တော်ရယ်ရင်

“မင်းတောင်ရယ်နေရတယ်ဆိုတော့ မဟုတ်သေးဘူးကွ”

ဆိုပြီး ပြောတော့တာပါပဲ။

ကျွန်တော် ကိုရဲဝင်းရဲ့ ဝတ္ထုပေါင်းမြောက်မြားစွာ နားထောင်ဖူးပါတယ်။ (ဖတ်ဖူးတာ မပါသေးဘူးနော်)သူ့ဝတ္ထုတွေ စာမျက်နှာပေါ် မရောက်ခင်ကတည်းက ကျွန်တော် နားထောင်ဖူးပါတယ်။

နောက်ပိုင်း ကျွန်တော်လဲ သူ့ရဲ့နည်းစနစ်အတိုင်း ဝတ္ထုမရေး





ခင် ဇာတ်ကြောင်းအရင်ပြောတဲ့ ဇာတ်ကြောင်းပြောသမား ဖြစ်လာပါတော့တယ်။ ဒါဟာ ကိုရဲဝင်းခေါ်တဲ့ နီကိုရဲဆီက ရလိုက်တဲ့ အမှန်တရားတစ်ခုပါပဲ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကိုရဲဝင်းနဲ့ပတ်သက်ပြီး အကြောင်း အမျိုးမျိုးကြောင့် စာမျက်နှာအထက် မရောက်ခဲ့တဲ့ ဇာတ်လမ်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် စာဖတ်ပရိသတ် မဖတ်လိုက်ရတဲ့ ဝတ္ထုတွေတောင် ကျွန်တော်ကြားခဲ့ဖူးပါတယ်။

ဥပမာဆိုရင် မကြည်ပြာ အခန်းဆက်မှာပဲ ဆိုပါတော့။ ဒီအကြောင်းအရာက စာမျက်နှာပေါ် ရောက်ခွင့်မရခဲ့ဘူး ထင်ပါတယ်။ ကျွန်တော် ဇာတ်လမ်းအကျဉ်း ပြန်ရေးပြမယ်။ ဖတ်တဲ့သူကတော့ နီကိုရဲပရိသတ်ဆို သူ့အရေးအသားနဲ့ သူ့





အက်တင်ကို မြင်ယောင်ပေးပါ။ .

မကြည်ပြာနဲ့ သူတွဲနေတုန်းကာလမှာ သူငယ်ချင်းများက ပြောက်ပေးတယ်။

"ရဲဝင်း၊ မင်း မကြည်ပြာနဲ့ ဒီလောက်တွဲနေတာ၊ သူ့ရဲ့စနေ(ဝါ) ကို တွေ့ထိပြီးပြီလား"

ဆိုတော့ ကိုရဲဝင်းက မလုပ်ရဲရှာဘူး။ ဒါနဲ့ပဲ သူငယ်ချင်းများက ဆက်ပြီး

"အဲဒါဆို မင်း ဘယ်လိုမှ ခေတ်မီမှာ မဟုတ်ဘူး"

ဆိုပြီး အတင်းဝိုင်းကြပ်တော့ ရဲဝင်းကလဲ အားတက်ပြီး

"ဒါဆိုလုပ်မယ်ကွာ၊ ရအောင်တို့ကြည့်မယ်"

ဆိုပြီး အဲဒီအခွင့်အရေးရအောင် မကြည်ပြာကို ချိန်းလိုက်တယ်။ ချိန်းတာကလဲ ရုပ်ရှင်ကြည့်ဖို့ပါ။ ဒါမှလဲ အမှောင်ထဲမှာ. .

မကြည်ပြာကလဲ ကိုရဲဝင်းကိုယုံလို့ လိုက်လာပါတယ်။

ရုပ်ရှင်ရုံတွေရောက်တော့ ကိုရဲဝင်းက ကုလားကားပြတဲ့ရုံကို ရွေးလိုက်ပါတယ်။ မကြည်ပြာက မြန်မာကား၊ ဒါမှမဟုတ် အင်္ဂလိပ်ကား ကြည့်ချင်ပါတယ်။ ရဲဝင်းကလဲ အဲဒီရုံတွေဆိုရင် လူများတဲ့အတွက် သူ့စနေစမ်းရေးကိစ္စ မအောင်မြင်မှာစိုးလို့

"လာပါ၊ ဒီကုလားကား အရမ်းကောင်းတယ်"

ဆိုပြီး ကုလားကားပြတဲ့ရုံကို အတင်းခေါ်လာပါတယ်။

ရုံထဲရောက်တော့ တကယ်ပဲ လူမရှိပါဘူး။ လူရှင်းနေပါတယ်။

ရုပ်ရှင်စပြတာနဲ့ ကုလားစကားမို့ ဘာမှလဲနားမလည်။ ကုလားတွေကရင်လဲ ကြည့်ရနဲ့မို့ မကြည်ပြာက နေကြာစေ့တွေဝါးပြီး

"နင့်ကို ငါပြောသားပဲ၊ မြန်မာကား၊ ဒါမှမဟုတ်ရင် အင်္ဂလိပ်ကားကြည့်ရအောင်ဆိုတာကို၊ ခုတော့ ဘာမှလဲ နားမလည်၊ သူ့ကိုတော့လဲကြည့်ရ၊ သူထိုးတော့လဲ ကြည့်ရနဲ့ ဘာမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ဖြစ်တောက်ဖြစ်တောက်လုပ်တာ။ ကိုရဲဝင်းက

"ခဏနေစမ်းပါ၊ မကြာခင် ကောင်းတော့မှာ"

ဆိုပြီး မကြည်ပြာရဲ့ ထိုင်ခုံနောက်ကြောကို လက်ညှောင်းသလို ဘာလိုလိုနဲ့ အသာလေးတင်လိုက်တယ်။ မကြည်ပြာကတော့ နေကြာစေ့ခွာစားလိုက်

"ဘာကောင်းမှာလဲ၊ ကောင်းစရာကို မရှိဘူး၊ နင်သာ ကုလားစကား နားလည်လို့လား"

ဖြစ်တောက်ဖြစ်တောက်လုပ်တုန်း။ ဒီမှာ နီကိုရဲပရိသတ်ဆိုရင် သိပါလိမ့်မယ်။ မကြည်ပြာဆိုတာ ဘယ်တော့မှလဲ ငြိမ်နေတတ်တာမျိုး မဟုတ်ပါဘူး။ စကားကလဲ အင်မတန်များပါတယ်။ လူပုံကလဲ ပိန်ပိန်ပါးပါးပါပဲ။ ဒါပေမယ့် ရဲဝင်းက သူ့ကို တုန်နေအောင်ကြောက်ရပါတယ်။

ဆိုတော့ ရဲဝင်းခမျာ မကြည်ပြာပခုံးကိုဖမ်းဖို့တောင် မနည်းခက်နေပါတယ်။

"အေးပါဟာ၊ ကောင်းလာမှာပါ၊ ကြည့်စမ်းပါ"

ဒီလိုနဲ့ မျှောရင်းမျှောရင်း ဇာတ်ကားရဲ့တစ်ဝက်လောက်မှာ မကြည်ပြာရဲ့ ပခုံးပေါ် သူ့လက် မသိမသာရောက်တယ်။

မကြည်ပြာက 'ဘာလုပ်တာလဲ'ဆိုတဲ့ ပုံစံမျိုးနဲ့ ပြန်ကြည့်တော့ သူလဲ ရှုံချင်ယောင်ဆောင်ပြီး ယင်ကောင်ဖမ်းသလို ခြင်ခါသလို ပြန်လုပ်လိုက်တယ်။

ထုံးစံအတိုင်း မကြည်ပြာ စကားပြန်များတုန်း၊ သူ့ပခုံးပေါ် လက်လေးမသိမသာ ပြန်တင်ထားပါတယ်။ မကြည်ပြာက သူ့ကိုပြန်ကြည့်ရင် ထုံးစံအတိုင်း ဟိုလုပ်ဒီလုပ်နဲ့ မဟုတ်သလို ပြန်နေပါတယ်။

သုံးလေးခါလောက်ကျတော့ မကြည်ပြာ ဘာမှမပြောတော့ပါဘူး။ မေ့သွားတာလဲ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့မှ ရဲဝင်း ရင်တ





ထိတ်ထိတ်နဲ့ လက်ကိုအောက်ဆင်းပြီး 'အိစ်'ဆို ကိုင်လိုက်တဲ့အခါ မကြည်ပြာက 'အမေ့'ဆိုပြီး ထိုင်ရာက ခုန်တက်သွားပါတယ်။ ပြီးတော့ ရဲဝင်းကို ခပ်တည်တည် ပြန်ကြည့်ပါတယ်။ ရဲဝင်းက မသိမသာနဲ့ တစ်ဖက်လှည့်ရင်း စကားရောဖောရော ပြန်လုပ်ပါတယ်။

မကြည်ပြာက ဘာမှမပြောပါဘူး။ သူ့ဘာသာသူ နေကြာစေ့စားလိုက်၊ ရုပ်ရှင်ကြည့်လိုက် လုပ်နေပါတယ်။

ရဲဝင်းကလဲ အခွင့်အရေးကို တစ်ကြိမ်တည်းနဲ့ မတင်းတိမ်ပါဘူး။ လက်ကလေးကို မကြည်ပြာပခုံးပေါ် မသိမသာတင်လိုက်၊ ဟိုက ပြန်ကြည့်ရင် ပြန်ချလိုက်။ ပြီးရင် ပြန်တင်လိုက် လုပ်နေပါတယ်။ နည်းနည်းအခြေအနေကောင်းမှ လက်ကို အနည်းငယ်ရွှေ့ပြီး 'အိစ်'ဆို ဖျစ်လိုက်ပါတယ်။ ထုံးစံအတိုင်း မကြည်ပြာက ခုန်တက်သွားပြန်ပါတယ်။ နောက် သူ့ကိုကြည့်တယ်။ ဘာမှတော့ မပြောဘူး။

ရဲဝင်းရဲ့စိတ်ထဲမှာတော့ သူဖျစ်လိုက်တိုင်း မကြည်ပြာ ခုန်ခုန်တက်၊ တွန့်တွန့်တက်သွားတာကို စိတ်ကူးယဉ်ပြီး

"သြော် ငါ့ကောင်မလေး Feel တက်တာ တယ်ကြမ်း၊ သူများနဲ့မတူဘူး"

ဆိုတဲ့ ပီတိစိတ်နဲ့ စိတ်ကူးယဉ်နေပါတော့တယ်။

ဒီလိုနဲ့ ပိတ်ကားထောင်ကလဲ ပြီးတော့မယ်။ ရဲဝင်းကလဲ မတင်းတိမ်နိုင်တော့ ပခုံးပေါ် လက်ကို မသိမသာ ပြန်တင်တယ်။ ပြီးတော့ မသိမသာနဲ့ လက်ကိုရွှေ့ပြီး ဖျစ်မလို့အလုပ်

မကြည်ပြာက သူ့လက်ကို ဖတ်ခနဲဖမ်းပြီး

"ဟေ့ကောင် နင်ညှစ်နေတာ ချိုင်း၊ စနေက ဒီမှာ"

ဆိုတော့မှ ရဲဝင်းခမျာ 'ဟာ'ခနဲ မျက်လုံးပြူးသွားရပါတော့တယ်။

ဟုတ်တယ်လေ။ သူ့ခမျာ ချိုင်းကြားက အဖုကို အဟုတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သွားသွားညစ်နေပြီး ဟိုက ယားလို့ ခုန်ခုန်တက်တာကို

“ဩော် ငါ့ကောင်မလေး Feel တက်တာ အတော်ကြမ်း”

ဆိုပြီး ထင်နေမိခဲ့တာကို။

ဒီမှာတင် မကြည်ပြာရဲ့ ချိုင်းဇာတ်လမ်း တစ်ခန်းရပ်သွားပါတယ်။

× × ×





နောက်ပိုင်း သူလဲ စာရေးဆရာဘဝနဲ့ အိမ်ထောင်တွေကျ။ ကလေးတွေရပေ့။ ကျွန်တော်လဲ စာရေးဆရာဖြစ်ပေ့။ အဲဒီထိကို သူနဲ့သူ့မိန်းမ (လေဒီချပ်ပြား)ရန်ဖြစ်ပြီး မိန်းမ အိမ်ပေါ်က ဆင်းသွားရင် ကျွန်တော့်ကို လှမ်းခေါ်တယ်။

သူတို့အိမ်မှာ ထမင်းတွေချက်စားကြ။ စာအတူရေးရင်းပဲ ဖြတ်သန်းခဲ့ပါတယ်။

သူ့မိန်းမစိတ်ဆိုးပြေလို့ အိမ်ပြန်ရောက်ရင် ကျွန်တော်လဲ အိမ်ပြန်ပေ့။ တစ်ခါတစ်ရံလဲ ကိုတာရာမင်းဝေကိုသွားခေါ်၊ ညကြီးသန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



တာရာမင်းဝေ၊ နီကိုရဲ အကြည်တော် လမ်းမပေါ် သရဲဖမ်းတဲ့ ဇာတ်လမ်းတွေက ရှိသေး။

ကိုရွှေဘုန်းဆုံးပြီး ကိုရဲဝင်းနဲ့ အတော်တွဲဖြစ်ပါတယ်။ ဟောပြောပွဲတွေလဲ အတူသွား၊ စာအတူရေးရင်းပါပဲ။ အဲဒီနောက်ပိုင်းတော့ ကိုရဲဝင်းဟာ အရက်ကိုဖြတ်လိုက်၊ ပြန်သောက်လိုက်နဲ့ သံသရာလည်နေပါသေးတယ်။

သူဆုံးခါနီးတော့ အရက်ကိုဖြတ်ပြီး အလေးတွေ မ,နေပါသေးတယ်။ လူကောင်ကသေးသေးနဲ့၊ ဒါပေမယ့် ဗလလေးနဲ့တော့ ဖြစ်နေပါတယ်။

အရက်မသောက်တော့လဲ လန်းလန်းဆန်းဆန်းပါပဲ။

ဒီလိုနဲ့ ကျွန်တော်လဲ FM တစ်ခုမှာ ခဏဝင်ကူညီနေတုန်း ဆရာသစ္စာနီနဲ့ သူတို့ရဲ့မွေးနေ့အတွက် အမှတ်တရစကားပြောပေးဖို့ သွားခေါ်ရတယ်။ သူ့ဆီရောက်တော့

"လာကွာ၊ အတော်ပဲ"

ဆိုပြီး ဆိုင်ခေါ်သွားပါတယ်။ ကျွန်တော်က

"ဟင် အစ်ကိုဖြတ်ထားတာ မဟုတ်လား"

ဆိုတော့ သူက

"ဟုတ်တယ်ကွ၊ ကြာပြီ၊ မင်းမျက်နှာမြင်တော့ ပြန်သောက်ချင်သွားတာ"

သူတစ်ခုခုကို စိတ်ညစ်နေတာလဲ ဖြစ်မှာပါ။

"ငါက နှစ်ပက်သောက်ရင် အိပ်လို့ရတယ်၊ ကျော်သွားရင်သာ"

အဲဒီညက နှစ်ပက်ကျော်သွားပါတယ်။ နောက်နေ့ ကန်တော်ကြီးထဲ အသံသွင်းဖို့ ချိန်းလိုက်ပါတယ်။

အဲဒီနေ့မှာ ကျွန်တော်မသွားလိုက်ပါဘူး။ သွားရင် သူလဲ





သောက်နေရမှာစိုးလို့ပါ။ ကျွန်တော်က နေ့ဖက်ဆို လုံးဝသောက်ချင်စိတ် မရှိလို့ပါ။

သူက ဆိုပါတယ်။

"မောင်ကြည် ငါ့ကိုလိမ်တယ်"

အမှန်တော့ သူ ကျွန်တော့်ကို အရူးလုပ်ဖို့ပါ။ ကျွန်တော် ဖိတ်တဲ့လဟာ သူ့မွေးနေ့လ မဟုတ်ပါဘူး။ နောက်လမှ သူ့မွေးနေ့ ကျမှာပါ။ ဒါကို သူက ကျွန်တော့်ကိုစ,ဖို့ တစ်လစောပြီး သူ့မွေးနေ့လလို့ ဆိုခဲ့တာပါ။

အဲဒီကစပြီး သူနဲ့မဆုံဖြစ်တော့ပါဘူး။

အဲဒီကနေ ဆယ့်ငါးရက်တိတိ သောက်သွားတယ်လို့ ဆိုပါတယ်။ လေးရက်ကို လုံးဝအခန်းပြင်မထွက်ဘဲ သောက်သွားတယ်လို့ သိရပါတယ်။

ကျွန်တော်နဲ့သူ လုံးဝထပ်မတွေ့ရတော့ပါဘူး။

တစ်ခါတလေ ကျွန်တော်စဉ်းစားမိပါတယ်။

"အဲဒီတုန်းက ငါသာ သူ့အိမ်မသွားခဲ့ရင်"ဆိုတာပါပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်ပြောခဲ့သမျှဟာ ကျွန်တော် သိသမျှ အမှန်တရားတွေချည်းပါပဲ။ အကယ်၍ မှားယွင်းခဲ့လျှင်လဲ ကျွန်တော့်မှာသာ အပြစ်ရှိပါတယ်ခင်ဗျား။

x x x





ကျွန်တော် နောက်ပိုင်း ဇာတ်ညွှန်းတွေ ရေးဖြစ်တော့ ရုပ်ရှင်ရိုက်ကွင်းတွေ ရောက်ဖြစ်ပါတယ်။ အဲဒီတော့မှ

"သြော် ရုပ်ရှင်ရိုက်တယ်ဆိုတာ ဒီလိုပါလား"

"ဒီကင်မရာတွေကို ညွှန်ပြနေတာ ငါပါလား"

ဆိုပြီး သိခွင့်ရခဲ့ပါတယ်။

ငယ်စဉ်တုန်းက ရုပ်ရှင်ရိုက်တာ မြင်ဖူးဖို့ဝေးစွ။ ကင်မရာတောင် မကိုင်ဖူးခဲ့ပါဘူး။

မိဘများနဲ့ ဘုရားဖူးတွေဘာတွေသွားရင်သာ ဓာတ်ပုံအရိုက် ခံခဲ့ဖူးတာပါ။ ကိုယ်တိုင်ကိုယ်ကျ ကင်မရာကို အသက်အရွယ်အတော်ရတဲ့အထိ ကိုယ်တိုင်ကိုယ်ကျ မကိုင်ခဲ့ဖူးပါဘူး။

တစ်ခါက အိမ်မှာ ကင်မရာတစ်လုံး ရှိခဲ့ဖူးပါတယ်။ အဲဒီကင်မရာက အခုခေတ်ကင်မရာ



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဒီဂျစ်တယ်ကင်မရာ မဟုတ်ပါဘူး။ အော်တို(ဖလင်)ကင်မရာပါ။

အဲဒီတုန်းက အော်တိုကင်မရာတစ်လုံးရဲ့ဈေးကလဲ နည်းမယ် မထင်ပါဘူး။

အိမ်မှာကလဲ ကင်မရာရိုက်တတ်တာ ကျွန်တော်တို့အစ်ကိုကြီးတစ်ယောက်ပဲ ရှိပါတယ်။ သူက ကျိုက်ထီးရိုးတောင်ပေါ်မှာ ဓာတ်ပုံဆရာ လုပ်ခဲ့ဖူးပါတယ်။ ကျန်တဲ့ညီအစ်ကိုအားလုံးကတော့ အဲဒီကင်မရာရောက်လာမှ ကင်မရာကို ကိုင်ဖူးပါတယ်။

ကင်မရာရပြီး အမိကရွှစိတက်သူတွေကတော့ ကိုမိုးနဲ့ကိုဆန်းပါပဲ။ ကိုဆန်းကတော့ ပန်းချီဆရာမို့ စိတ်ဝင်စားတာဖြစ်ပြီး ကိုမိုးကတော့ အသစ်အဆန်းမို့ပါ။

သူတို့က ကင်မရာနဲ့ ဘယ်လိုလက်စွမ်းပြရမယ်ဆိုတာ အမြဲအကွက်ချောင်းနေတော့တာပါပဲ။ တစ်ရွာလုံးပတ်ပြီး ဓာတ်ပုံလဲ ရိုက်ပြီးပါပြီ။ ဒါပေမယ့် မတင်းတိမ်နိုင်သေးပါဘူး။ သူတို့ရဲ့လက်စွမ်းကို ဘယ်သူကမှ အသိအမှတ် မပြုသေးလို့ပါ။ ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံလိုက်ရိုက်တာ၊ လေးခွတစ်လက်နဲ့ ငှက်ပစ်တာလောက်ပဲ ရှိနေသေးလို့ပါ။ နောက်ပြီး ကင်မရာကလဲ တွေ့ကရာရိုက်လို့ မဖြစ်ဘူးလေ။ ဖလင်ခက ဈေးကြီးသေးတာကိုး။ ဖလင်ခမှ ပြန်မရရင် ဘယ်လိုဓာတ်ပုံရိုက်နိုင်မှာလဲ။ ဒါကြောင့် ဖလင်ခလဲ ပြန်ရ၊ လက်စွမ်းလဲ ပြခွင့်ရမယ့် အခွင့်အရေး စောင့်နေတော့တာပေါ့။

ဒီလိုနဲ့ သူတို့လက်စွမ်းပြခွင့်ရတဲ့နေ့ ရောက်လာပါတယ်။ အဲဒါကတော့ ရွာဘုရားမှာ ဘုရားပွဲကျင်းပတာနဲ့ ကြုံလို့ပါ။

နှစ်ယောက်သား ညဖက်ကြီး ဘုရားကိုသွားပြီး ကင်မရာတစ်လုံးနဲ့ လမ်းသလားတော့တာပါပဲ။

ရွာဘုရားပွဲဆိုတာကလဲ သိကြတဲ့အတိုင်း အမှတ်တရဓာတ်ပုံ ရိုက်ချင်ကြတဲ့ သူတွေချည်းပါပဲ။ ရှားရှားပါးပါး ဓာတ်ပုံကင်မရာ





ကလဲ သူတို့ဆီ တစ်လုံးပဲရှိတာကြောင့် သူတို့နား ကောင်မလေးတွေ ဝိုင်းနေပါတော့တယ်။

သူတို့လဲ ပွပေါက်တိုးတော့တာပါပဲ။

အခကြေးငွေလဲရ၊ ကောင်မလေးတွေလဲဝိုင်းမို့ မမောနိုင်မပန်းနိုင်ကို ရိုက်တော့တာပါပဲ။

"အစ်ကိုကြီး လှပုံလဲပါအောင်၊ ဘုရားလဲပါအောင် ရိုက်ပေးပါ"

"ရမယ် ညီမလေး၊ လူရော ဘုရားရောပါအောင်ဆို ဟိုးအနောက်ကိုဆုတ်"

"အစ်ကိုလေး မျက်နှာသက်သက် ဖြတ်ရိုက်ပေးပါ"

"ရှေ့တိုးစမ်း ညီမ၊ အေး ဟုတ်ပြီ၊ လှပြီဗျား"

စသည်ဖြင့် တဖြတ်ဖြတ်နဲ့ရိုက်တာ။ ဘောက်ချာဆိုတာ ဖြတ်တောင်မနိုင်ဘူး။ ရတဲ့ပိုက်ဆံကိုလဲ လွယ်အိတ်စုတ်ကြီးထဲ ထည့်ထားတာအပြည့်။

ပျော်လို့ရွှင်လို့ပေါ့။

ဒီလိုနဲ့

ဘုရားပွဲလဲပြီးရော ကိုမိုးပျောက်ချင်းမလှ ပျောက်သွားတယ်။

မော်လမြိုင်မှာ ဓာတ်ပုံသွားကူးမယ်ဆိုပြီး ပေါ်မလာတော့ဘူး။ မော်လမြိုင်ကပဲ လူကြုံပြန်မှာလိုက်တယ်။

"ဓာတ်ပုံရိုက်ထားတဲ့သူတွေအားလုံး ငွေပြန်အမ်းလိုက်ပါတော့"ဆိုတာပါပဲ။

အားလုံး ဇဝေဇဝါ ဖြစ် သွားကြတယ်။

"ကင်မရာ မကောင်းလို့ လား"

ဒါမှမဟုတ်

"ဖလင်မထည့်မိလို့လား"

မဟုတ်ဘူး။ သူတို့လက် စွမ်းကြောင့်။ ကင်မရာကို တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



ကြွားချင်စိတ်နဲ့
အဲဒီကင်မရာကိုခိုးပြီး
စက်စဲပင်လယ်ကမ်းခြေမှာ
ရေပေါ်တစ်မျိုး
ရေအောက်တစ်ဖုံ
ရိုက်မိလို့

မရိုက်ဘူးတော့ ဘယ်လို အနေအထားကို ရိုက်ရမယ်ဆိုတာ မသိလို့ ဓာတ်ပုံတွေ ပျက်စီးကုန်တာ။

ဥပမာဗျာ။

ဓာတ်ပုံ အရိုက်ခံသူက "လူပုံလဲ ပါချင်တယ်၊ ဘုရားလဲပါချင်တယ်" ဆိုရင် လူကို ရှေ့တိုးခိုင်းပြီး အောက်ကနေ ပင့်ရိုက်လိုက်ရင် လူပုံလဲ ကောင်းကောင်းပေါ်မယ်၊ ဘုရားလဲ ထင်ထင်ရှားရှား မြင်ရမှာပေါ့။

အခုက အဲလိုမဟုတ်ဘူး။ လူလဲပါချင်တယ်။ ဘုရားလဲပေါ်ချင်တယ်ဆိုရင် လူကို ဟိုးဘုရားခြေရင်းကိုရောက်အောင် သွားခိုင်းတယ်။ ဘုရားကလဲ တောင်ပေါ်မှာ အမြင့်ကြီးဆိုတော့ ကင်မရာဘောင်းထဲဝင်အောင် ဟိုးအဝေးကြီးကနေ ကင်မရာကို သွားရိုက်တာ။ အဲဒါဆိုတော့ လူပုံက ဓာတ်ပုံထဲမှာ ပုရွက်ဆိတ်လောက်ပဲ ပါတော့တယ်။ ဘုရားကလဲ မှုံပြပြလေး။

အဲဒီဓာတ်ပုံမျိုးကို ဘယ်သူက ငွေအကုန်ခံပြီး ရွေးမှာလဲ။

နောက်ပြီး အနီးကပ်ပုံ။





ဓာတ်ပုံဆရာဆိုတာ လက်ငြိမ်မှ ဖြစ်တာလေ။ ဓာတ်ပုံကင်မရာခလုတ်ကို နှိပ်လိုက်ချိန် လက်မငြိမ်ရင် ဓာတ်ပုံကပျက်ပြီ။

သူတို့လက်ကလဲ မငြိမ်၊ အမြန်ကလဲရိုက်ချင်တော့ မှန်ဘီလူးလဲ ကောင်းကောင်းမချိန်အား။ ဒီကြားထဲ ခလုတ်ကို နှိပ်ချိန်မှာ ကင်မရာကိုင်ထားတဲ့လက်က အောက်ကျကျသွားတော့ တစ်ပုံမှ ခေါင်းမပါလာဘူး။

ဒီခေါင်းမပါတဲ့ ဓာတ်ပုံတွေသာ ငွေယူပြီးရွေးခိုင်းရင် အရိုက်ခံရဖို့အပြင် ဘာမှမရှိတော့ဘူး။

ဒါကြောင့် ရိုက်ခဲ့သမျှ ဓာတ်ပုံတွေ တစ်ပုံမှမရဘဲ ငွေပြန်အမ်းခြင်းနဲ့ပဲ နိဂုံးချုပ်ခဲ့ရလေတယ်။

အဲဒီကင်မရာကောင်းမှုကြောင့်ပဲ ကျွန်တော်တို့ ငယ်ဓာတ်ပုံဆိုတာ တစ်ပုံမှ မရှိခဲ့ဘူး။

မရိုက်ခဲ့လို့လား။ မဟုတ်ဘူး။

ရိုက်တယ်။

မရတာ။

နောက်ဆုံး အဲဒီကင်မရာကလဲ ဉာဏ်ကြီးရှင်ကျွန်တော့်လက်ထဲမှာပဲ ပျက်စီးသွားရတယ်။

ကြွားချင်စိတ်နဲ့ အဲဒီကင်မရာကိုခိုးပြီး စက်စဲပင်လယ်ကမ်းခြေမှာ ရေပေါ်တစ်မျိုး၊ ရေအောက်တစ်ဖုံ ရိုက်မိလို့၊ ကင်မရာဟာ ဆားရေထိရင် ပျက်တတ်မှန်းတောင် မသိတာနဲ့ဘဲ ကင်မရာတစ်လုံးဆုံးခဲ့ရလေတယ်။ အဲဒါကြောင့်ပြောတာ။ အခုရိုက်ကွင်းတွေရောက်လို့ ကင်မရာတွေမြင်ရင် ကိုယ့်ဘာသာကိုယ် ပြန်အံ့အားသင့်မိတယ်။

"ဒါဟာ ငါမှဟုတ်ရဲ့လားလို့"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အနုပညာဝါသနာပါလာတာ ကျွန်တော့်အဖေကြောင့်လို့ ထင်ပါတယ်။

ငယ်စဉ်ကတည်းက ကျွန်တော်တို့ ကျောင်းစာမဖတ်ဘဲ အပြင်စာဖတ်နေရင်တောင် ခွင့်ပြုပါတယ်။ စာမေးပွဲနီးနေရင်တောင် ရုပ်ရှင်ကားကောင်းရင် သူကိုယ်တိုင် လိုက်ပြပါတယ်။ သူကိုယ်တိုင်တော့ ရုပ်ရှင်ကြည့်တာကလွဲလို့ အနုပညာကို ဝါသနာပါပုံ မရပါဘူး။

ကျွန်တော့်အဖေကလဲ ပညာတတ်ကြီးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ခေတ်ကတော့





(၇)တန်းအောင်ပါပဲ။ (၄)တန်းထိကျောင်းနေပြီး (၇)တန်းဝင်ဖြေပြီးအောင်ခဲ့တဲ့သူပါပဲ။ (သူတို့ခေတ်က တန်းကျော်ဖြေလို့ ရပါတယ်) အဲဒီခေတ်က (၇)တန်းအောင်ဆိုတာ နည်းတဲ့အတန်းပညာတော့ မဟုတ်ပါဘူး။ ကျောင်းဆရာလုပ်လို့ရပါတယ်။

ဒါပေမယ့် အဖေက ဝန်ထမ်းဖြစ်တော့ သူများတွေလို ဘွဲ့မရထားတဲ့အခါ သူ့ကိုယ်သူ သိမ်ငယ်မှာစိုးလို့ထင်ပါတယ်။ အဖေအရာရှိဖြစ်မှ အင်္ဂလိပ်စာကို ပြန်လေ့လာပါတယ်။ သူ အင်္ဂလိပ်စာလေ့လာတဲ့နည်းက သိပ်လွယ်ပါတယ်။

အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်ကို ဝယ်ပါတယ်။ ရွှေသွေးဂျာနယ်မှာ ကာတွန်းကို အင်္ဂလိပ်လိုရေးထားတဲ့ စာအားလုံးကို သူဖတ်ပါတယ်။ ကလေးတွေအတွက် ရည်ရွယ်ထားတဲ့ အင်္ဂလိပ်စာမှိုအားလုံးနဲ့ အဆင်ပြေပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့ဟာ တောထဲတောင်ထဲနေခဲ့ရပေမယ့် ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းစတဲ့ ဂျာနယ်တွေကို အပတ်စဉ် ဖတ်ခဲ့ရပါတယ်။ ဒါဟာ အဖေ့ကောင်းမှုကြောင့်ပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေရဲ့အကြောင်း ပြောရမယ်ဆို အံ့သြစရာ တပုံတပင် ဖြစ်နေပါလိမ့်မယ်။

ကျွန်တော့်အဖေဟာ အားလုံးရဲ့ စံထားစရာ လူအနေနဲ့ပြောတာမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော်တို့ညီအစ်ကိုများရဲ့ စံထားစရာလူအနေနဲ့လဲ ပြောရတာမဟုတ်ပါဘူး။ အမှန်တော့ မိဘဆိုတာ သားသမီးတိုင်းရဲ့ super hero ပါပဲ။ သူတို့ super hero ဖြစ်တာကလဲ အချိန်အတိုင်းအတာ ရှိပါတယ်။ အဲဒါကတော့ သားသမီးက မိဘကိုလေးစားနေတဲ့ အချိန်အတိုင်းအတာ တစ်ခုထိ





ပါပဲ။ မှန်ရဲ့လားဗျာ။

ဒါကြောင့် ကျွန်တော့်အဖေရဲ့အကြောင်းကို ကျွန်တော်က စံပြုစရာပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ပြောပြခြင်းမဟုတ်ဘဲ စိတ်ဝင်စားစရာဖြစ်ရပ်မှန်တစ်ခုအနေနဲ့ပဲ တင်ပြချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်အဖေဟာ နိုင်ငံတော်သမ္မတဖြစ်လောက်အောင်လဲ မတော်ပါဘူး။ ထင်ရှားတဲ့ အတုယူစရာ အနုပညာရှင် အတတ်ပညာရှင်လဲ မဟုတ်ပါဘူး။ သူဌေးသူကြွယ်ဖြစ်ဖို့က ပိုဝေးပါသေးတယ်။ ကျွန်တော့်အဖေဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ သာမန်အဖေအမျိုးအစားထဲက အဖေတစ်ယောက်ပါပဲ။ ဒါပေမယ့် သူ့မှာ ထူးခြားမှုတွေရှိနေပါတယ်။ အဲဒါကတော့ စိတ်ဓာတ်ပဲလို့ ကျွန်တော်ထင်ပါတယ်။ နားထောင်ကြည့်ပါ။ ပြီးမှ အံ့သြကြည့်ပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကြီး အင်္ဂလိပ်စီးသလိုလို၊ ဂျပန်စီးသလိုလိုနဲ့ ခေတ်ပျက်တဲ့အချိန်မှာ ကျွန်တော်တို့အဖေက တောကနေ မြို့ကို ပြေးပါတယ်။

တချို့ကလဲ မြို့ကနေ တောကိုပြေးပါတယ်။

မြို့က တောကိုပြေးတဲ့သူတွေကတော့ အုပ်ချုပ်သူတွေကို ကြောက်လို့ပါ။ တောကနေ မြို့ကို ပြေးတဲ့သူတွေက ခေတ်ပျက်တာ အကြောင်းပြုပြီး အချင်းချင်းရန်ပြုခံရမှာ ကြောက်လို့ပါ။ အဲဒီအထဲမှာ ကျွန်တော့်အဖေလဲ ပါပါတယ်။ ငယ်လဲ





ငယ်သေးတာကို။

မြို့ကိုရောက်တော့ သေမင်းတမန်လမ်းမလို့ခေါ်တဲ့ သံဖြူဇရပ်ရထားလမ်းမှာ အလုပ်ဝင်လုပ်ပါတယ်။ နောက် အရွယ်ရောက်လာတော့ စစ်တိုက်ချင်လာပါတယ်။ ဒါကြောင့် စစ်တပ်ထဲဝင်ဖို့လုပ်ပါတယ်။ ဒါပေမယ့် မိဘမောင်နှမများက သဘောမတူတဲ့အတွက် ပြန်လည်ထူထောင်ရေးတပ်ထဲပဲ ဝင်ခဲ့ပါတယ်။

ပြန်လည်ထူထောင်ရေးတပ်ဆိုတာ ဆောက်လုပ်ရေးတပ်ပါပဲ။ အဖေက အင်းစိန်မှာ တာဝန်ကျပါတယ်။ အသက်(၂၀)အရွယ်လောက်မှာပဲ အဲဒီတပ်မှာ အရာရှိငယ် ဖြစ်ခဲ့ပါတယ်။

(၁၉၅၃)ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့၊ စနေနေ့မှာ ရန်ကုန်အောင်ဆန်းကွင်းမှာ အိန္ဒိယမြန်မာဘောလုံးပွဲ ကျင်းပခဲ့ပါတယ်။ (မြန်မာက အိန္ဒိယကို သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပါတယ်လို့ ဆိုပါတယ်)

အဲဒီဘောလုံးပွဲကို အဖေက တအားသွားကြည့်ချင်ပါတယ်။ ကံကောင်းတာလား၊ ကံဆိုးတာလား မသိပါဘူး။ အဲဒီနေ့မှာ ဥယျာဉ်စိုက်ဖို့ မြေဆွေးသယ်ဖို့ တာဝန်ကျပါတယ်။

အဖေက အုတ်တင်တဲ့(၃)တန်ကား၊ ပက်လက်ကားနဲ့ ရဲဘော်တချို့နဲ့အတူ မြေဆွေးသွားသယ်ပါတယ်။

မြေဆွေးသယ်တာ အချိန်မီပြီးစီးလို့ မြန်မာအိန္ဒိယဘောလုံးပွဲကို သူ့အဖွဲ့တစ်ဖွဲ့လုံးခေါ်သွားပြီး သွားကြည့်ပါတယ်။

ဘောလုံးပွဲကြည့်ပြီးအပြန်မှာ ဦးဝိစာရလမ်း လမ်းဆုံမှာပဲ ပဲခူး-ရန်ကုန်ပြေးဆွဲနေတဲ့ ရဲတံခွန်ဘတ်စ်ကားဟာ အရှိန်မထိန်းနိုင်ဘဲ အဖေတို့ပါလာတဲ့ မြေဆွေးကားကို ဒုန်းခနဲဝင်ဆောင့်ပါတယ်။ အဲဒီအရှိန်ကြောင့်ပဲ ကားရဲ့လက်ရန်းဘောင်ပေါ်မှာ ထိုင်နေတဲ့အဖေဟာ အနောက်လန်ပြီး ပြုတ်ကျပါတယ်။ သူကျသွားတာက သူစီးလာတဲ့ ကားအောက်ကိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကလဲ အတိုက်ခံရတဲ့အတွက် လန့်ပြီးမောင်းထွက်လိုက်တာ အဖေ့ကို တက်ကြိတ်သွားတော့တာပါပဲ။

ညာဖက်ခြေကနေ တက်ကြိတ်ပြီး ဘယ်ခြေလွန်သွားတဲ့အခါကျမှ လူတွေက အလန့်တကြားနဲ့

"ဟာ လူတစ်ယောက် ကားကြိတ်ပြီ၊ လူတစ်ယောက် ကားကြိတ်ပြီ"

စသည်ဖြင့် ထအော်ကြတော့ ကားဆရာလဲ လန့်ဖျပ်ပြီး နောက်ပြန်ဆုတ်တာ ဘယ်ခြေထောက်ကို တစ်ခါထပ်ပြီး တက်ကြိတ်သွားပါတယ်။

ကားကြိတ်လိုက်တဲ့ဒဏ်ရာကြောင့် ဘယ်ခြေဟာ အပိုင်းပိုင်း အတစ်တစ် ကျိုးသွားခဲ့ရပါတယ်။ ညာခြေကတောင် လေးပိုင်းလောက် ကျိုးခဲ့ရတာပါ။ ကျခဲ့တဲ့အရှိန်ကြောင့် ညာဖက်ညှပ်ရိုးလဲ ကျိုးခဲ့ပါတယ်။

အဲဒီမှာ ဆေးရုံကားခေါ်ပြီး (၁၅)မိနစ်လောက်ကြာတော့ ရန်ကုန်ဆေးရုံကြီးကို ရောက်ပါတယ်။ ဆေးရုံရောက်တော့ ဘယ်ခြေ ညာခြေအပြင် ဆီးခုံရိုးပါကျိုးသွားကြောင်း သိရပါတယ်။

ဆေးရုံကြီးရဲ့ အခန်းနံပါတ်(၁၃)မှာ တင်ထားပါတယ်။ အရေးပေါ်ပြုစုခဲ့တာက ဒေါက်တာကျော်စိန် ဖြစ်ပါတယ်။ အဲဒီနေ့မှာ ဘာမှ ထူးထူးခြားခြား မပြုလုပ်နိုင်ခဲ့ပါဘူး။

တနင်္လာနေ့ကျမှ ဒေါက်တာစံဘော်နဲ့၊ ဒေါက်တာဘသန်း (ဒေါ်ကျင်မေသန်းရဲ့အဖေ၊ ယခင်ဗိုလ်ချုပ်နေဝင်းယောက္ခမ)နောက်ထပ် အမည်မသိ နိုင်ငံခြားဆရာဝန်နှစ်ယောက် ထပ်ရောက်လာပြီး ကြည့်ရှုကြပါတယ်။

ဗုဒ္ဓဟူးနေ့မှာ အော်ပရေးရှင်း စလုပ်ပါတယ်။

စဉ်းစားကြည့်ပါ။ ခြေထောက်နှစ်ချောင်းလုံးရော ဆီးခုံရိုးပါကျိုးနေတဲ့သူတစ်ယောက်ဟာ (၅)ရက်တာကာလ ဒီအတိုင်းချည်းပဲ





နေရတယ်ဆိုတဲ့ဒုက္ခက သေးမယ်လို့ မထင်ပါဘူး။ နောက်ပြီး ဒီလောက်ကြီးအဖြစ်ဆိုးထားတဲ့သူတစ်ယောက်ဟာ ပြန်ကောင်းဖို့ရော သေချာပါ့မလား။

ဒီလိုနဲ့ အဖေဟာ လေးလနဲ့ရက်နှစ်ဆယ်တိတိ ဆေးရုံပေါ်မှာ ပက်လက်ကြီး နေခဲ့ရပါတယ်။ ခြေသလုံးရိုးကနေ သံတံစို့ကြီးထိုးပြီး (၁၅)ပေါင်အလေးရှိတဲ့ သံတုံးကြီးနဲ့ ဆွဲထားခဲ့ရပါတယ်။

ဆီးအိမ်ကနေ (၂)လတိတိ သွေးတွေချည်း သွားနေပါတယ်။ ဒါပေမယ့် ကံကောင်းတာက ဆီးအိမ်ကွဲမသွားတာပါပဲ။

သူ့အဖြစ်ကို ဘယ်ဆွေမျိုးကမှလဲ မသိခဲ့ကြပါဘူး။ စဉ်းစားကြည့်ပါ။ အသက်(၂၀)ကျော် လူငယ်တစ်ယောက်ဟာ ဒီလိုအဖြစ်မျိုးကြုံရရင် ဘယ်လိုခံစားရမှာလဲ။ အဖေ့လောက် ရောဂါမကြီးတဲ့သူတွေ တဖြုတ်ဖြုတ်နဲ့ သေကုန်ပါတယ်။ အဖေက မသေခဲ့ပါဘူး။ ငါးလလောက်အကြာမှာ အဖေ့ကို လမ်းလျှောက်ခွင့်၊ ဆေးရုံ ဆင်းခွင့်

အဖေဟာ
အပိုင်းပိုင်းကျိုးခဲ့တဲ့
ခြေထောက်နဲ့
လမ်းပြန်လျှောက်နိုင်အောင်
ကြိုးစားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်ပါတယ်။ အဖေဟာ အပိုင်းပိုင်းကျိုးခဲ့တဲ့ ခြေထောက်နဲ့ လမ်းပြန်လျှောက်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ အတော်ကြာတဲ့အထိ ခြေထောက်က ပုံမှန်မဖြစ်ပါဘူး။ ဆေးရုံကဆင်းပြီး အတော်ကြာမှ အဖေဟာ ဘောလုံးကို စမ်းကန်လိုက်တာ ကျိုးနေတဲ့နေရာက ပြန်ကျိုးကျသွားပါတယ်။ ဘောလုံးကန်လိုက်တာက ညာခြေပါ။ ဒါပေမယ့် အပိုင်းပိုင်းကျိုးထားတဲ့ ဘယ်ခြေက ခြေတစ်ဖက်ထောက်တာတောင် မခံနိုင်ဘဲ ပြန်ကျိုးကျသွားတာပါ။

ဒါနဲ့ပဲ ဆေးရုံတစ်ခါ ပြန်တက်ရပါတယ်။ ဘယ်ခြေတစ်ဖက်လဲ အနည်းငယ်နိမ့်သွားပါတယ်။

အဲဒီကမှ ဆေးရုံကဆင်းပြီး တဖြည်းဖြည်းချင်း အားကစားကို ပြန်လုပ်ပါတယ်။ ဘယ်လောက်ထိလဲဆို (၁၉၆၂)ခုနှစ်မှာ အဖေဟာ တိုက်ခိုက်ရတာ ဝါသနာပါတဲ့အတွက် ရဲကွန်မန်ဒိုလို့ခေါ်တဲ့ တိုက်ခိုက်ရေးရဲထဲ ပြန်ဝင်နိုင်ခဲ့ပါတယ်။ သူ့ကို အဲသည်လောက်အထိ ခြေကျိုးခဲ့မှန်း ဘယ်သူမှ မသိတော့ပါဘူး။ အများနည်းတူ သွားနိုင် ကစားနိုင်သွားပါပြီ။ အများနည်းတူထက် ပိုသာတာက အဖေဟာ အဲဒီရဲ သင်တန်းဆင်းတာနဲ့ ဒုရဲအုပ်ရာထူးကို ရရှိသွားပါပြီ။ ထူးခြားတာက အဖေက ရဲတပ်ဖွဲ့ရဲ့ ဘော်လီဘောသမားလဲ ဖြစ်နေပါပြီ။

× × ×





ဒီလောက်ဆို ကျွန်တော့်အဖေ ဘယ်လိုလူစားလဲဆိုတာ ရိပ်မိလောက်ပါပြီ။

အဖေဟာ အားကစားလိုက်စားသူ၊ အင်မတန်ရိုးသူလို့ လူသိများပါတယ်၊ အရက်မသောက်ဘူး၊ ကွမ်းမစားဘူး၊ ဆေးလိပ်မသောက်ဘူး၊ မိန်းမမရှုပ်ဘူး၊ ငွေရေးကြေးရေး အရှုပ်အရှင်းကင်းပါတယ်။

ဒါကို လက်စားချေတဲ့အနေနဲ့ ကျွန်တော်က အားလုံးပြန်လုပ်ပါတယ်။

ကျွန်တော့်မှာ မကောင်းတာဆိုလို့ ငွေနေ



www.burmeseclassic.com

www.burmeseclassic.com



ကြေးရေးအရှုပ်အရှင်းပဲ ရှိပါတယ်၊ ကျန်တာ အကုန်လုပ်ပါတယ်။

အဖေ့ကို မေးကြည့်တယ်။

"ဆေးရုံပေါ်မှာ ငါးလလောက် ဘယ် ဆွေမျိုးမှ မလာဘဲနဲ့ ဘယ်လိုနေလဲ"

ဆိုတော့ အဖေက

"အဲဒီတုန်းက ဆေးရုံတွေက ဘယ်နေရာမှာမှ လူနာစောင့် မရှိဘူး၊ ကိစ္စအားလုံးကို ဆရာဝန်တွေ နာ့(စ်)တွေ ဆေးရုံဝန်ထမ်းတွေကပဲ ဆောင်ရွက်ပေးတယ်၊ ဆေးရုံက လူနာတွေကို ထမင်းကျွေးတယ်၊ ဆီးဝမ်းသွားတာကအစ တာဝန်ယူတယ်၊ မလှုပ်နိုင်တဲ့ လူနာတွေကိုတောင် အချိန်တန်ရင် ရေပတ်တိုက်ပေးတယ်"

ကျွန်တော့်မှာဖြင့် ပြေးတောင်ကြည့်လိုက်ချင်သေး။

"ဩော် ယခင်ဆေးရုံ၊ ယခု ပုံပြင်ပေါ့"

အေးလေ။ အခုဆိုရင်လဲ အဲဒီဆေးရုံမျိုးသာရှိ၊ ရောဂါမရှိဘဲ ဆေးရုံတက်ပြီး ထမင်းတက်စားနေမယ့်လူလဲ နည်းမှာမဟုတ်ဘူး။

ခေတ်တွေက ပြောင်းပြီကို။

× × ×



BURMESE CLASSIC .com

ငယ်တုန်းက ကျွန်တော်တို့အိမ်မှာ စက်ဘီး တစ်စီးရှိခဲ့တယ်။ စက်ဘီးကတော့ ယောက်ျားစီး ဘီးလို့ခေါ်တဲ့ ဘားတန်းနဲ့ဘီးပါ။ အဲဒီခေတ်က ပေါ်တဲ့ မောင်ဗမာဘီးလား၊ မြင်းခြံဘီးလားတော့ မသိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ မောင်ဗမာဘီးလို့ ထင်ပါတယ်။

အဲဒီစက်ဘီးနဲ့ပဲ ကျွန်တော်တို့ညီအစ်ကို အားလုံး စက်ဘီးစီးသင်ခဲ့၊ စီးတတ်ခဲ့ရပါတယ်။

ထုံးစံအတိုင်း သားတစ်ယောက် အရွယ် ရောက်လာရင် ကျွန်တော့်အဖေက စက်ဘီးနောက် က လိုက်တွန်းရင်း စက်ဘီးစီးသင်ပေးပါတယ်။

"သားရေ၊ အရှေ့တည့်တည့်ကြည့်၊ ခါး မစောင်းစေနဲ့၊ လက်ကိုင်ကို ငြိမ်ငြိမ်ထား"

စသည်ဖြင့် သတိပေးရင်း စက်ဘီးနောက် ပြေးလိုက်ကာ သင်ရရှာတယ်။

ကျွန်တော့်ရဲ့အလှည့်မှာလဲ အဖေက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတိုင်းပဲ စက်ဘီး စီးသင်ပေးပါတယ်။

ကျွန်တော့်အရပ်လောက်ရှိတဲ့ စက်ဘီးကြီးကို အဖေက နောက်ကထိန်း။ ကျွန်တော်က စက်ဘီးခြေနင်းကို တော့ကာတော့ကာနဲ့ စက်ဘီးပေါ် တက်။ ပြီးတော့ စက်ဘီးပေါ် ခါးကြီးလိမ်ပြီး လိမ်ဖယ်လိမ်ဖယ်နင်းပေါ့။

အဖေကတော့ စက်ဘီးကို အနောက်ကထိန်းကိုင်ရင်း

"သား ခါးကြီးမလိမ်ထားနဲ့၊ လက်ကိုင်ကိုဖြောင့်ထား၊ ခေါင်းကို ငုံ့မထားနဲ့၊ နင်း နင်း အားနဲ့နင်း"

ဆိုပြီး နှုတ်ကလဲ တဖွဖွ၊ လူကလဲ အားစိုက်ပြီးထိန်းရှာတယ်။ ကိုယ်လဲ ကြောက်စိတ်နဲ့

"အဖေ အသေအချာထိန်းပေးနော်၊ အသေအချာကိုင်ထားပေးနော်"

လို့ ပြန်မေးရင်း အဖေမထိန်းနိုင်တဲ့အခါ လမ်းဘေးထိုးလဲ၊ သစ်ပင်တွေနဲ့ထိပ်တိုက်တွေ့ရင်း အလဲလဲအကွဲကွဲပါပဲ။ ဒူးတွေပြဲ၊ နဖူးတွေကွဲ၊ ဒဏ်ရာတွေနဲ့ပေါ့။

ဒဏ်ရာရတော့လဲ ဆေးသိပ်။ နောက်နေ့ကျရင် အဖေက အိမ်အောက်က စက်ဘီးကြီးဆွဲလာပြီး

"လာ သား၊ ဒီနေ့လဲ စက်ဘီးစီးသင်ရမယ်"

အဖေ့စကားကြောင့်ပဲ နာကျင်ပေမယ့် စက်ဘီးပေါ်တက် လိမ်ဖယ်ဖယ် နင်းရပြန်တယ်။ မနေ့က စက်ဘီးလဲလို့ ရထားတဲ့ ဒဏ်ရာက မပျောက်သေးဘူး။ အဖေ့ ကိုကြောက်တဲ့စိတ်၊ စက်ဘီးစီးတတ်ချင်တဲ့စိတ်နဲ့ပဲ ကြောက်ကြောက်လန့် လန့်နဲ့ပဲ စက်ဘီးပေါ် တက်ရပြန်တယ်။ အဖေက စက်ဘီးကိုလိုက် တွန်းရင်း

"သား ခါးကိုမတ်ထား၊ ခါးကြီးလိမ်မထားနဲ့၊ လက်ကိုင်ကို အသေအချာထိန်း"





အဖေ့ရဲ့စကားသံနဲ့အတူ ကြောက်တတ်တဲ့သားငယ်က

"အဖေ အသေအချာ ကိုင် ထားနော်၊ မလွှတ်လိုက်နဲ့နော် လဲ မှာကြောက်လို့"

ကြောက်တတ်သူက ကြောက်စကားဆိုတယ်။ ဒါကို အားပေးသူက

"ဘာမှမကြောက်နဲ့ သား၊ အဖေထိန်းထားတယ်၊ လက်ကိုင် မစောင်းစေနဲ့၊ ခေါင်းကိုမော့ထား၊ ခေါင်းကိုမော့ထား"

အဖေ့ရဲ့ အားပေးစကား။ ဒါကို စက်ဘီးနဲ့ မယဉ်ပါးသေးတဲ့ သားက

"အဖေ မလွှတ်လိုက်နဲ့နော်၊ ကိုင်ထားပေးဦးနော်၊ သားပြုတ်ကျမှာနော်၊ ကိုင်ထားနော်"

တတွတ်တွတ်ပြောရင်း စက်ဘီးကို အားစိုက်နင်းရရှာတယ်။

"အင်းပါ သားရယ်၊ အရှေ့ကိုသာ အာရုံစိုက်"

အဖေက ထိန်းထားတဲ့စက်ဘီးကို လွှတ်လိုက်၊ လဲမလိုဖြစ်ရင် ပြန်ထိန်းလိုက်လုပ်ရင်း နည်းနည်းဝေးဝေးရောက်မှ ပြန်ပြေးလာ။ လဲမလိုဖြစ်မှ ပြေးထိန်းရင်း

"အဖေရှိတယ်သား၊ အရှေ့ကိုသာ အာရုံစိုက်၊ အရှေ့ကိုသာ ကြည့်"

ကြောက်တတ်တဲ့သားကလဲ အဖေနောက်က မထိန်းထားမှာ စိုးရိမ်တယ်။ လဲကျမှာကို ကြောက်တယ်။ ဒါကြောင့်ပဲ

"အဖေ စက်ဘီးကိုကိုင်ထားနော်၊ မလွှတ်လိုက်နဲ့နော်၊ မလွှတ်လိုက်နဲ့နော်"

စက်ဘီးပေါ်က တတွတ်တွတ်ပြောရင်း

"အဖေ အဖေ၊ စက်ဘီးကို ကိုင်ထားသေးလား၊ စက်ဘီးကိုင်ထားသေးလား"

အဖေ့အသံ မကြားတော့မှ လည်ပြန်အကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အဖေရော အဖေရော"

ခါတိုင်း ကိုယ့်နောက်မှာ စက်ဘီးကိုင်ထားတဲ့ အဖေ့ကို မတွေ့ရတော့ဘူး။ ဘယ်အချိန်ကတည်းက တစ်ယောက်တည်း နင်းနေမိမှန်းမသိ။

ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့တဲ့အဖေက ချွေးတွေရွှဲနစ်ရင်းက

"နင်းထား သားရေ၊ အရှေ့ကိုပဲကြည့်၊ အရှေ့ကိုပဲကြည့်၊ တည့်တည့်သာသွား အရှေ့ကိုသာကြည့်"

အဲဒီစကား နားထဲပဲ့တင်ထပ်ရင်း ဒီလိုနဲ့ စက်ဘီးကိုစီးတတ်သွားတော့တာပါပဲ။

ဒီလိုပါပဲ။

သားသမီးနဲ့မိဘက ဘယ်လောက်ချစ်ကြပါစေ။ လိုအပ်တဲ့အတိုင်းအတာတစ်ခုထိသာ မိဘထိန်းသိမ်းပေးပြီး(သင့်ပြီး)အချိန်တန်ရင် လွှတ်ပေးလိုက်ရ၊ လွှတ်ပေးလိုက်သင့်တာပါပဲ။

ကျွန်တော့်အဖေလဲ ဒီသဘောပဲ ထင်ပါတယ်။ လိုအပ်တဲ့အချိန်အတိုင်းအတာတစ်ခုထိသာ ထိန်းသိမ်းပေးပြီး ကျွန်တော်တို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့စကားသံကို ကြားနေရတုန်းပါပဲ။ အဲဒါက

"သားရေ အရှေ့ကိုကြည့်၊ အရှေ့တည့်တည့်ကိုသာကြည့်"

မှန်ပါတယ်။ အန္တရာယ်ရှိတာကလဲ အရှေ့မှာပါပဲ။ လမ်းတစ်ခုရှိနေတာကလဲ အရှေ့မှာပါပဲ။

လေးစားစွာကြိုးစားလျက်

အကြည်တော်



BURMESE CLASSIC .com

www.burmeseclassic.com